# မြဝတီ

**The Mirror Daily**

၁၉၅၇ ဖေဖြို ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကိုးကွယ်ရာအစစ်အမှန်**

တော၊ တောင်၊ သစ်ပင် စသည်တို့ကို ကိုးကွယ်ခြင်းဖြင့် ဆင်းရဲဒုက္ခအပေါင်းမှ မလွတ်မြောက်နိုင်ကုန်။ ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်းသည်သာ ဆင်းရဲခြင်းတို့မှ လွတ်မြောက်နိုင်၏။ ထိုရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူ ပညာရှိတို့သည် သစ္စာလေးပါးကို သိမြင်နိုင်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သောကြောင့်ဖြစ်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၂)


၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့။ Friday , 28 October 2016 (၈၇၂၈)




နိုင်ငံတော်သမ္မတ ဦးထင်ကျော် Viettel Telecom Corporation ၏ အမှုဆောင်အရာရှိချုပ် မစ္စတာ ငုယင်မင့်ဟုန်အား ဟန်္နိုင်းမြို့ ဂရင်းပလာဇာဟိုတယ်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

# အာမခံလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရန် လေ့လာနေမှုနှင့် မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် ပိုမိုဖြန့်ကြက်ဆောင်ရွက်နိုင်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၇**

ဗီယက်နမ်နိုင်ငံ ဟန်္နိုင်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (BIDV) ဒါရိုက်တာများဘုတ်အဖွဲ့ ဥက္ကဋ္ဌ မစ္စတာ ကျန်အိုင်းသွမ်နှင့် Viettel Telecom Corporation ၏ အမှုဆောင်အရာရှိချုပ် မစ္စတာ ငုယင်မင့်ဟုန်တို့အား ယနေ့နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် ဟန်္နိုင်းမြို့ ဂရင်းပလာဇာဟိုတယ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတသည် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ်(BIDV) ဒါရိုက်တာများဘုတ်အဖွဲ့ ဥက္ကဋ္ဌနှင့်တွေ့ဆုံစဉ် (BIDV)ဘဏ်၏ မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရန် လေ့လာဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ Viettel Telecom Corporation ၏ အမှုဆောင်အရာရှိချုပ်နှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် ပိုမိုဖြန့်ကြက်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးကျော်ဝင်းနှင့် ဒုတိယဝန်ကြီး ဦးကျော်တင်တို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ ကွမ်နင်းပြည်နယ်မှ တာဝန်ရှိသူများနှင့်အတူ ကွမ်နင်းရှိ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် Ha Long Bay သို့ သွားရောက်ပြီး ကမ္ဘာလှည့်ခရီးသွားများ တိုးမြင့်လာရောက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများ၊ သဘာဝကျွန်းများ ဖြစ်တည်နေမှုတို့ကို သင်္ဘောများဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ကွမ်နင်းပြည်နယ်ပြည်သူ့ကော်မတီဥက္ကဋ္ဌ မစ္စတာ Nguyen Duc Long တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား Helen Keller International Humanitarian Award 2016 ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား Helen Keller International Humanitarian Award 2016 ပေးအပ်သည့် အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် Helen Keller International Europe ဥက္ကဋ္ဌ Dr. Howard Cohn က ဤဆုကို ပရဟိတနှင့်


**စာမျက်နှာ ၃ ကော်လံ ၁ သို့**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား ဆုတံဆိပ်နှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)




ကြေးမုံ

# နယ်နိမိတ်ချင်းထိစပ်မှုနှင့် ပြဿနာများ

ကမ္ဘာ့နိုင်ငံများအတွင်း၌ ပထဝီအနေအထားနှင့် နိုင်ငံရေးအရ နယ်နိမိတ်စည်းမျဉ်းများ ဆွဲသားထားပြီး သူ့နိုင်ငံ ကိုယ့်နိုင်ငံဟူ၍ ယေဘုယျအားဖြင့် ပိုင်းခြားထားလေ့ရှိပါသည်။ မြစ်ကူးချောင်းဖြတ် အလွန်တရာ ခက်ခက်ခဲခဲ သွားလာ ဆက်သွယ်ရသည့် နိုင်ငံများမှအပ အခြားသော နယ်နိမိတ်ချင်း ထိစပ်နေသည့် တိုင်းပြည်နိုင်ငံများကြားတွင် နယ်စပ်ကုန်သွယ်ရေး၊ နယ်စပ်ကူးလူးဆက်ဆံရေး ဆိုသည်တို့က အစဉ်အမြဲ ရှိနေတတ်ပါသည်။ ယင်းသို့ ကူးလူးဆက်ဆံကြရာတွင် ပုံမှန်စီးပွားရေး ကူးလူးဆက်သွယ်မှုများနှင့် လူမှုရေးအရ ဆက်ဆံမှုများအပြင် တရားမဝင် ဝင်ထွက်သွားလာမှု၊ ရာဇဝတ်မှု တိမ်းရှောင်ထွက်ပြေးမှု၊ မှောင်ခိုကုန်သွယ်မှု၊ လူကုန်ကူးမှု၊ လူမျိုးချင်း ပဋိပက္ခဖြစ်မှု စသော အမှုအမျိုးမျိုး အဖုံဖုံတို့ ဖြစ်ပေါ်နေကြသည်မှာ ကမ္ဘာတစ်ဝန်းရှိ နယ်စပ်နိုင်ငံများအကြား ဖြစ်နေကျ ပြဿနာများ ဖြစ်ပါ၏။

အစဉ်အမြဲ ကြားသိနေကြရသည့် အမေရိကန်နှင့် မက္ကဆီကိုနယ်စပ်ဒေသ ရာဇဝတ်မှုများကျူးလွန်ပြီးသည်နှင့် ဟိုဘက် သည်ဘက် နယ်နိမိတ်မျဉ်းကိုကျော်ဖြတ် ကူးလူးထွက်ပြေးသွားကြသည့် အမှုများကလည်း နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။

ယင်းသို့သော နယ်နိမိတ်ချင်း ထိစပ်ကူးလူးရသည်မှာ လွယ်ကူလှသော နိုင်ငံများအကြား မဆိုထားနှင့် ကွန်တိန်နာကားကြီးများ၊ လှေသင်္ဘောများဖြင့် ကျူးကျော်ခိုးဝင်ကြသည့် ဒုက္ခသည်များ ဖမ်းဆီးအရေးယူမှုများဆိုသည်မှာလည်း ကြားရဖန်များသည့်အတွက် မဲပြာပုဆိုး ဒုက္ခသည်များကဲ့သို့ပင် ဖြစ်နေချေပြီ။

အမေရိကန်နိုင်ငံ၊ အင်္ဂလန်နှင့် ဥရောပနိုင်ငံများတွင် လူမျိုးခြားနိုင်ငံခြားသားတို့ တရားမဝင် ဝင်ရောက်မှုများ၊ အကြမ်းဖက်လုပ်ရပ်များ၊ ခိုးဝင်အလုပ်လုပ်ကိုင်နေကြသည့် အဖြစ်အပျက်များကလည်း အဆိုပါနိုင်ငံများ၏ အစိုးရအဆက်ဆက် ရင်ဆိုင်နေရသည့် ပြဿနာကြီးများ ဖြစ်ပါသည်။

နိုင်ငံကြီးများတွင် နယ်စပ်မှ တရားမဝင်ကျော်ဖြတ် ဝင်ရောက်မှုများသာမက တရားဝင်ဗီဇာဖြင့် ဝင်ရောက်လာပြီး ဗီဇာကုန်ချိန် မပြန်တော့ဘဲ တရားမဝင်နေထိုင် အလုပ်လုပ်ကိုင်နေကြသည့် ပြဿနာများကလည်း ခက်ခက်ခဲခဲ ဖြေရှင်းနေရသည့် ပြဿနာများ ဖြစ်နေလေရာ တိုင်းပြည်ကြီးများ၏ ပြည်ဝင်ခွင့်ဗီဇာကို အလွန်တရာခက်ခဲတင်းကျပ်အောင် လုပ်ထားကြပါသည်။

မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်လည်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရှိနေသည့် တစ်ဖက်နိုင်ငံများဆီသို့ ကျော်ဖြတ်ဝင်ရောက်နေကြသူ မနည်းမနော ရှိနေသကဲ့သို့ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်စီးပွားရှာနေကြသည့် အိမ်နီးချင်းနိုင်ငံသားတို့ကလည်း အများအပြားဖြစ်ပါသည်။ နယ်စပ်ဒေသများတွင် ယင်းသို့ လူများသာ ကူးလူးသွားလာနေကြသည် မဟုတ်ဘဲ ကျွဲများ၊ နွားများ၊ မြွေများ၊ ကဏန်းများပါ အိမ်နီးချင်း နိုင်ငံများထဲသို့ ဖြတ်ကျော် ဝင်ရောက်နေသည်များကလည်း ဒုနဲ့ဒေး ဖြစ်ပါသည်။ ယင်းသို့ သက်ရှိများသာမက ကျွန်းသစ်များ၊ ကျောက်မျက်ရတနာများပါ တရားမဝင် ကူးသွားကြမှုများ၊ ဘိန်းဖြူ ဘိန်းမည်း၊ ဆေးပြား၊ ဆေးလုံးတို့ တရားမဝင် ကူးသန်းယှက်သွယ် နေကြသည်တို့ကလည်း နားမဆံ့အောင် ကြားနေရသော ဒုက္ခလမ်းများ ဖြစ်နေပါပြီ။ ကုန်သွယ်ရောင်းဝယ်မှု၏ ဓားစာခံများ ဖြစ်နေကြသည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၏ ဒုက္ခကြောင်းများကလည်း ကြားရတိုင်း ရင်နင့်ဖွယ်ရာများသာ ဖြစ်ပါသည်။

သို့သော်လည်း နိုင်ငံတို့အကြား နယ်နိမိတ် စည်းမျဉ်းအတိုင်း သံကွန်ချာ တံတိုင်းကြီးများ ကာရံကန့်သတ် ခွဲခြားထားရန် မဖြစ်နိုင်သောကြောင့် နိုင်ငံတကာ ဆက်ဆံရေးမှာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို တင်းတင်းကျပ်ကျပ်နှင့် တိတိကျကျကိုင်တွယ်ဆောင်ရွက်နိုင်ဖို့ လိုအပ်မည် ဖြစ်ပါသည်။

ယင်းဥပဒေ နည်းဥပဒေများအတိုင်း လိုက်နာကျင့်သုံး ဆောင်ရွက်ရန်အတွက် တရားဥပဒေ စိုးမိုးရေးဟူသည် အခြေခံအကျဆုံးနှင့် နိုင်ငံ၏ အသက်တမျှ အရေးကြီးဆုံး ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ လူဦးရေ အလွန်အမင်းများပြား ပေါက်ကွဲနေသော တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့၏ကြား၌ တည်ရှိနေပါသည်။ ထို့ပြင် လူဦးရေနှင့် မြေနေရာအကျယ်အဝန်း အလွန်အမင်း မမျှမတဖြစ်လောက်အောင် လူနေသိပ်သည်းဆများလှသည့် ဘင်္ဂလားဒေ့ရှ်နှင့်လည်း နယ်မြေချင်း ထိစပ်နေတာ ဖြစ်ပါသည်။

ဤသို့သော အနေအထားမှာ ရှိနေသည့် မြန်မာနိုင်ငံအဖို့ ခိုင်မာသည့် ဥပဒေနှင့်အလွန်တရာ စေ့စပ်သေချာသည့် ဥပဒေအကောင်အထည်ဖော်မှုတို့ရှိကြမှ ဖြစ်လိမ့်မည်ဟု ယူဆမိပါကြောင်း။ ။

## လေ့လာရေးခရီးစဉ် တက်ရောက်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၇**

ဂျပန်နိုင်ငံတွင် အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ ကျင်းပမည့် JENESYS 2016 (Theme; Economics)3rd Bath လေ့လာရေးခရီးစဉ်သို့ တက်ရောက်ရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်မေဇော်ဦးသည် အောက်တိုဘာ ၂၅ ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အသင်းမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။ **(MWEA)**




# အခြေခံပညာအထက်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေး

**မော်လိုက် အောက်တိုဘာ ၂၇**

အခြေခံပညာ အထက်တန်းအဆင့် ဘာသာရပ် စွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲက မော်လိုက်ခရိုင် မော်လိုက်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းရှိ စုံညီခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ မော်လိုက်ခရိုင်အတွင်းရှိ အထက်တန်းပြ ဆရာ ဆရာမများ၏ ဘာသာရပ်ဆိုင်ရာ အရည်အသွေး မြင့်မားလာစေရန်၊ ၂၀၁၇ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် ရာခိုင်နှုန်း ကောင်းမွန်မြင့်မားစေရန်၊ အရည်အသွေး ပြည့်ဝပြီး ထူးချွန်ထက်မြက်သော မျိုးဆက်သစ်လူငယ်များ မွေးထုတ်ပေးရန် စသည့် ရည်ရွယ်ချက် သုံးရပ်ဖြင့် ပြုလုပ်ရခြင်းဖြစ်သည်။

အခမ်းအနားတွင် မော်လိုက်ခရိုင် ပညာရေးမှူး ဦးသန်းအောင်က အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဆရာ ဆရာမများအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲမှ ရလဒ်ကောင်းများ ပေါ်ထွက်လာစေရန် စိတ်ပါဝင်စားစွာ ဆွေးနွေးသွားကြရန်နှင့် မိမိကျောင်းများသို့ ပြန်ရောက်သည့်အခါ အဆိုပါ ရလဒ်ကောင်းများဖြင့် မိမိဘာသာရပ်ဆိုင်ရာ သင်ကြားရေးပိုင်း၌ အရည်အသွေးများ ပိုမိုမြင့်မားရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် ကောင်းမွန်ရေးနှင့် ထူးချွန်ထက်မြက်သော မျိုးဆက်သစ်လူငယ်များ မွေးထုတ်ပေးနိုင်ရန် ကြိုးစားသွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး အလုပ်ရုံဆွေးနွေးပွဲ သင်တန်းမှူး ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး(ပညာ) ဦးဝင်းရွှေက အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မော်လိုက်နှင့် ဖောင်းပြင်မြို့နယ်တို့မှ ဆရာ ဆရာမ ၁၇၁ ဦး တက်ရောက်ခဲ့ပြီး ဘာသာရပ် ကိုးခုကို ငါးရက်ကြာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မော်လိုက်သားလေး**






## မြန်မာနိုင်ငံ သတင်းစာဆရာအသင်း သက်ကြီးပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA)က ကြီးမှူး၍ တတိယအကြိမ် အသက်(၇၅)နှစ်ပြည့် သတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲတွင် ပါဝင်လှူဒါန်းလိုသူများသည် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) အမှတ်(၁၇၃/၁၇၅) ခြောက်လွှာ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၅၁၉၊ ၀၉- ၄၂၁၁၀၉၅၄၇ တို့သို့ ဆက်သွယ် ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**


ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror ၁၉၅၇ ခုနှစ် ဇွန် ၁၈ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၁၃၂



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်များ စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့သူများကို ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာ့လူဦးရေသန်း ၃၀၀ ခန့်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ လိုအပ်နေပါကြောင်း၊ မိမိတို့ Helen Keller Foundation ၏ အဓိက ရည်ရွယ်ချက်မှာ အာဟာရချို့တဲ့မှုတိုက်ဖျက်ရေးနှင့် မျက်စိရောဂါကာကွယ်ကုသရေးဖြစ်ပါကြောင်း၊ ထို့ပြင် Helen Keller Foundation သည် အကျိုးအမြတ်ကို ပဓာနမထားသောကော်ပိုရေးရှင်းတစ်ခုဖြစ်ပြီး သုတေသနနှင့် ပညာရေးအတွက် အယ်လ်ဘားမားပြည်နယ်၏ ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ဆောက်ကာ မျက်မမြင်များကို အလေးထားကူညီပေးပါကြောင်း၊ အပူပိုင်းဒေသတွင် ဖြစ်ပွားလေ့ရှိသည့် ရောဂါဘယကုသရေးအတွက် နည်းပညာအကူအညီများပေးပါကြောင်း။

### ရောဂါကုသရေးဆောင်ရွက်

မြန်မာနိုင်ငံတွင်လည်း လွန်ခဲ့သည့် ၁၅ နှစ်ခန့်မှစပြီး မျက်စိနှင့်ပတ်သက်သည့် ရောဂါကုသရေးဆောင်ရွက်ချက်များလုပ်ဆောင်ခဲ့ပါကြောင်း၊ Total Co; ၏ အကူအညီနှင့် မျက်စိဆိုင်ရာရောဂါကုသရေးအတွက် သင်ကြားရေးဆေးရုံများကို အဏုကြည့်မှန်ပြောင်းများထောက်ပံ့ပေးခဲ့ပါကြောင်း၊ ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံတွင် လူတစ်သိန်းခန့်ကို မျက်စိအတွင်းတိမ်ကုသမှုများ ပြုလုပ်ပေးခဲ့ပါကြောင်း၊ ယခုကဲ့သို့လုပ်ဆောင်ရာတွင် သက်ဆိုင်ရာနိုင်ငံရှိ ကျန်းမာရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ကမ္ဘာပေါ်ရှိ အစိုးရတိုင်းနှင့် NGO များက ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးကို ကိုင်တွယ်ဖြေရှင်းနေသည့်အတွက် ဆင်းရဲနွမ်းပါးမှုနှုန်းများလည်း ကျဆင်းလာခဲ့ပါကြောင်း၊ Helen Keller Foundation ကို လွန်ခဲ့သည့်နှစ် ၁၀၀ ခန့်ကတည်းက Helen Keller က တည်ထောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဟယ်လင်ကဲလားဆိုသည့် အမျိုးသမီးသည် ငယ်ရွယ်စဉ်ကတည်းက မျက်စိမမြင်၊ နားမကြားတစ်ယောက်ဖြစ်ခဲ့ပါကြောင်း၊ သူသည်အမျိုးသမီးတစ်ယောက်၏ အကူအညီဖြင့် ဆက်သွယ်ရေးသားပြောဆိုမှုကို တတ်မြောက်လာခဲ့ပါကြောင်း ပြောကြားပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား Helen Keller International Humanitarian Award 2016 ကို ပေးအပ်သည်။

### ကြီးမားသည့် စွမ်းအားတစ်ရပ်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင်ဟယ်လင်ကဲလား၏ ပြောင်မြောက်သည့်စွမ်းဆောင်ချက်များက သူ့ကိုအမြဲသတိရစေပြီး သူသည် ဒုက္ခိတတစ်ယောက်အနေဖြင့် မယုံနိုင်လောက်အောင် စွမ်းအားများကိုအသုံးချခဲ့ပါကြောင်း၊ အင်အားနည်းသူများကို စုပေါင်းလိုက်လျှင် ကြီးမားသည့် စွမ်းအားတစ်ရပ်ဖြစ်လာပါကြောင်း၊ ယင်းရည်မှန်းချက်ရောက်ရန်အတွက် အများကြီးကြိုးစားရမည်ဖြစ်သကဲ့သို့ အခက်အခဲပေါင်းများစွာကိုလည်း ကျော်လွှားရမည် ဖြစ်ပါကြောင်း၊ မိမိတို့ပြည်သူများသည် နိုင်ငံတကာအကူအညီနှင့်အတူ ယင်းအခက်အခဲများကိုကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

### ကောင်းမွန်သော အနာဂတ်တစ်ရပ်

မျက်စိကွယ်ရာမှ အလင်းရလာခြင်းသည် မိမိတို့အတွက် ရှားပါးလှသည့် အခွင့်အရေးတစ်ရပ်ဖြစ်ပါကြောင်း၊ အာဟာရချို့တဲ့သူများကို အာဟာရပေးခြင်းသည် မိမိတို့၏ရင်သွေးများအတွက် ကောင်းမွန်သောအနာဂတ်တစ်ရပ်ကို ဖော်ဆောင်ပေးခြင်းဖြစ်ပါကြောင်း၊ မိမိတို့ကလေးများထဲမှ အများစုသည် အာဟာရချို့တဲ့မှုကြောင့် ကြီးထွားနှုန်းကို တန့်စေပြီး အကယ်၍ အာဟာရပြည့်ဝပါက စိတ်ပိုင်းအရရော ရုပ်ပိုင်းအရပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ထိုမှတစ်ဆင့် နိုင်ငံ၏ အနာဂတ်ကို ကောင်းမွန်စွာဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ Helen Keller Foundation မှ ပါဝင်ပတ်သက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ဤဖောင်ဒေးရှင်းက မသန်စွမ်းသူများကို သန်စွမ်းအောင်လုပ်ပေးခြင်းနှင့် မသန်စွမ်းသူများအား အဓိပ္ပာယ်ရှိသည့်ဘဝကို တည်ဆောက်ပေးပြီး ကမ္ဘာလောကကြီးအတွက် အကျိုးရှိစေသူများဖြစ်အောင် လုပ်ဆောင်ပေးသည့် ရည်ရွယ်ချက်ထားရှိပါကြောင်း၊ ထို့ပြင် အားမာန်၊ ဇွဲလုံ့လဝီရိယနှင့် အမြော်အမြင်ကောင်းအတွက် အသက်ရှင်ခဲ့သည့် အမျိုးသမီးတစ်ဦး၏ နာမည်နှင့် ပါဝင်ဆက်စပ်ခဲ့သည်ကို ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

### ထူးချွန်စွာအာရုံစူးစိုက် နှစ်မြှုပ်ဆောင်ရွက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များတွင် ထူးချွန်စွာအာရုံစူးစိုက်နှစ်မြှုပ်ဆောင်ရွက်သည်ကို အသိအမှတ်ပြုသည့်အနေဖြင့် Helen Keller International က အဆိုပါ Helen Keller International Humanitarian Award 2016 ကို ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ Helen Keller International Europe ဥက္ကဋ္ဌ Dr. Howard Cohn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ စီမံကိန်းလေးခုအတွက် ဂျပန်နိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ ၄၆၀၆၂၁ ဒေါ်လာ ထောက်ပံ့

**နေပြည်တော် အောက်တိုဘာ ၂၇**

ဂျပန်နိုင်ငံအစိုးရ၏ အသေးစား စီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အကောင်အထည်ဖော်မည့် အမေရိကန်ဒေါ်လာ ၄၆၀၆၂၁ ဒေါ်လာ တန်ဖိုးရှိသော စာသင်ဆောင် သုံးဆောင်နှင့် တံတားတစ်စင်းထောက်ပံ့ပေးရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi HIGUCHI နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ကော်မတီဥက္ကဋ္ဌများက စီမံကိန်းလေးခုအတွက် အထောက်အပံ့ပေးရေးဆိုင်ရာ သဘောတူစာချုပ်များကို အောက်တိုဘာ ၂၆ ရက်က လက်မှတ်ရေးထိုးခဲ့ကြကြောင်း ဂျပန်သံရုံးက သတင်းထုတ်ပြန်သည်။

လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့အဖြစ် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရေငံကျေးရွာတံတားဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၁၈၉၃၇ ဒေါ်လာ၊ ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် နမ့်ကိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန် ဒေါ်လာ ၁၃၀၇၄၂ ဒေါ်လာ၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ပွတ်သာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၈၂၂၀၇ ဒေါ်လာနှင့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ငါးမြင်းချောင်း အခြေခံပညာအလယ်တန်းကျောင်းခွဲဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန် ဒေါ်လာ ၁၂၈၇၃၅ ဒေါ်လာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံတွင် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့် ၁၉၉၃ ခုနှစ်မှစတင်ကာ စီမံကိန်းပေါင်း ၇၇၈ ခုကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ရာ ပညာရေးထောက်ပံ့ရေးစီမံကိန်းပေါင်း ၃၇၀၊ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်မြှင့်တင်ရေးစီမံကိန်းပေါင်း ၁၉၆ ခုနှင့် လူမှုဖူလုံရေးနှင့် ပတ်ဝန်းကျင်စီမံကိန်းပေါင်း ၁၃၈ ခု၊ အခြေခံအဆောက်အအုံ စီမံကိန်းပေါင်း ၃၉ ခုနှင့် အခြားအမျိုးမျိုးသော စီမံကိန်းပေါင်း ၃၅ ခုတို့ကို ကူညီထောက်ပံ့ ပေးခဲ့ခြင်းကြောင့် အဆိုပါထောက်ပံ့မှုများသည် လက်ရှိ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ ချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မာလာစေမည် ဖြစ်သည်။

**(နိုင်လင်းကြည်)**

## မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ကန်ကြီးထောင့် အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့နယ်လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်လုပ်ငန်းများတွင် ဖြည့်စွက်ထည့်သွင်းဆောင်ရွက်လိုသော လုပ်ငန်းများနှင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလျာထားရန်ပုံငွေများအပေါ် ညှိနှိုင်းအတည်ပြုဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီက ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရွှေလှကြိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်စောမူက လိုအပ်သည်များအား ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ကန်ကြီးထောင့်မြို့နယ် လမ်းဦးစီးဌာနမှဦးစီးအရာရှိ(မြို့ပြ)ဒေါ်နီလာက တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသော ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်လုပ်ငန်းများအနက် ဖြည့်စွက်ထည့်သွင်းဆောင်ရွက်လိုသော လုပ်ငန်းများနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်မည့် လုပ်ငန်းများအပေါ် ညှိနှိုင်းအတည်ပြုဆောင်ရွက်နိုင်ရေး ရှင်းလင်းတင်ပြခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာသူများက ညှိနှိုင်းအတည်ပြုဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**

## ပြည်သူများ မှုခင်းအသိပညာ ဗဟုသုတရရှိစေရန် အထူးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၇**

မှုခင်းဖြစ်ပွားမှုလျော့နည်းစေရန် မှုခင်းအသိပညာဗဟုသုတများ ရရှိစေရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ရဲတပ်ဖွဲ့မှူး၊ ဒုတိယတပ်ဖွဲ့မှူးတို့က ကြီးကြပ်၍ နယ်မြေဒေသအသီးသီးတွင် မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင်၏ ဦးဆောင်မှုဖြင့် ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှေ၊ တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်သိန်းဌေးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များပါဝင်၍ အောင်သုခကျေးရွာအထက (ခွဲ)တွင် အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ပြခန်းယာဉ်ပေါ်ရှိ ပြခန်းများအား ကဏ္ဍအလိုက် ရှင်းလင်းပြသရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုခိုင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ၈၀၀ ခန့် တက်ရောက်ကြည့်ရှုခဲ့သည်။



ထို့အတူ နံနက် ၁၁ နာရီတွင် ပုဗ္ဗသီရိမြို့နယ် ရွာတော်(တောင်)ရွာတွင်လည်းကောင်း၊ လယ်သာကျေးရွာရှိ ရွာလယ်လမ်းမကြီးတွင်လည်းကောင်း ပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးပြသရာ ဒေသခံများ စုံလင်စွာတက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဇော်မင်းအောင်)**

ကြေးမုံ



# အီတလီနိုင်ငံတွင် အင်အားပြင်းငလျင်နှစ်ခု ဆက်တိုက်လှုပ်ခတ်

**ရောမ အောက်တိုဘာ ၂၇**

ဩဂုတ်လအတွင်း လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် လူပေါင်း ၃၀၀ နီးပါးသေဆုံးခဲ့သည့် အီတလီနိုင်ငံတွင် အောက်တိုဘာ ၂၆ ရက်က အင်အားပြင်း ငလျင်နှစ်ခု ဆက်တိုက်လှုပ်ခတ်သွားခဲ့ကြောင်း အမေရိကန်ဘူမိဗေဒပညာရှင်များက ဆိုသည်။

အဆိုပါငလျင်များကြောင့် သေဆုံးသူမရှိခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူများ ဒါဇင်နှင့်ချီပြီးရှိခဲ့သည်။

အမေရိကန်ဘူမိဗေဒပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အောက်တိုဘာ ၂၆ ရက် မွန်းလွဲပိုင်းအချိန်တွင် ပြင်းအား ၅ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် နှစ်နာရီအကြာတွင် ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်တစ်ခု ထပ်မံလှုပ်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်နှစ်ခုစလုံးသည် ရောမမြို့တော်၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၂၀ ခန့်ကို ဗဟိုပြုလှုပ်ခတ်ခဲ့သည်။ ငလျင်များလှုပ်ခတ်ပြီးနောက် ပြင်းအားလျော့သည့် ငလျင်ငယ်များ လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုများကြောင့် ဗဟိုချက်နှင့်နီးကပ်သော ဗစ်ဆိုမြို့တွင် အဆောက်အအုံများ ပြိုကျပျက်စီးမှုများရှိခဲ့သည်။ ဗီဒီယိုမှတ်တမ်းတစ်ခုတွင် ခရစ်ယာန်ဘုရားကျောင်းများနှင့် အဆောက်အအုံအချို့ ပြိုကျပျက်စီးခဲ့သည်ကို ပြသထားသည်။

ဩဂုတ်လအတွင်း လှုပ်ခတ်ခဲ့သော ငလျင်ပြင်းအားကြောင့် အဆောက်အအုံများသည် တောင့်တင်းခိုင်မာမှုလျော့ကျနေသည်ဟု ကျွမ်းကျင်ပညာရှင်များက ဆိုသည်။

ဒေသန္တရအစိုးရတာဝန်ရှိသူများက အပျက်အစီးများအားလိုက်လံကြည့်ရှုစစ်ဆေးလျက်ရှိပြီး ဒေသခံပြည်သူများအား ကူညီထောက်ပံ့မှုများပေးလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**





## ဂျပန်တော်ဝင် မိသားစု၏ အသက်အကြီးဆုံးပုဂ္ဂိုလ် မင်းသားကြီး မီခါ့စ ကွယ်လွန်

**တိုကျို အောက်တိုဘာ ၂၇**

ဂျပန်နိုင်ငံ၏ တော်ဝင်မိသားစုတွင် အသက်အကြီးဆုံး ပုဂ္ဂိုလ်ဖြစ်သူ မင်းသားကြီး မီခါ့စသည် အောက်တိုဘာ ၂၇ ရက်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း၊ မီခါ့စသည် ဂျပန်ဧကရာဇ်ဘုရင် အာကီဟီတို၏ ဦးရီးတော်ဖြစ်ပြီး ကွယ်လွန်ချိန်တွင် အသက် ၁၀၀ ရှိပြီဖြစ်ကြောင်း နန်းတွင်းရေးရာ အေဂျင်စီက ထုတ်ပြန်ကြေညာသည်။

မီခါ့စသည် လက်ရှိ ဂျပန်ဘုရင် အာကီဟီတို၏ ဖခမည်းတော် ဟီရိုဟီတို၏ ညီအငယ်ဆုံးဖြစ်သည်။ မင်းသားကြီး မီခါ့စသည် မြို့တော်တိုကျိုရှိ စိန့်လု နိုင်ငံတကာဆေးရုံ၌ မေလမှစ၍ ပြင်းထန်သော အဆုတ်ရောင်ရောဂါနှင့် နှလုံးရောဂါတို့အတွက် ဆေးဝါးကုသမှုခံယူခဲ့ရပြီးနောက် ကွယ်လွန်သွားခြင်းဖြစ်သည်။

၁၉၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် မွေးဖွားခဲ့သူ မီခါ့စသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ မီခါ့စသည် စစ်ပြီးခေတ်လွန်ကာလတွင် သမိုင်းပညာရှင်တစ်ဦးအဖြစ် လုပ်ကိုင်ခဲ့သည်။ ဂျပန်နိုင်ငံ၏ အရှေ့တိုင်းယဉ်ကျေးမှုလေ့လာရေးဌာန၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မီခါ့စ မင်းသားသည် ဧကရာဇ်ဘုရင် အာကီဟီတို အပါအဝင် တော်ဝင်မိသားစုဝင် ၁၉ ဦးတွင် တစ်ဦးအဖြစ် ပါဝင်သူဖြစ်သည်။ ၎င်းသည် ဘုရင့်အရိုက်အရာ ဆက်ခံနိုင်သော ဦးစားပေးအဆင့် ပုဂ္ဂိုလ်များအနက် ပဉ္စမနေရာတွင် ရပ်တည်သူဖြစ်သည်။ ယခုအခါ ဘုရင့်အရိုက်အရာ ဆက်ခံခွင့်ရှိသူ အမျိုးသားလေးဦးသာ ရှိတော့သည်။

**ရိုက်တာ၊ ကျိုဒို။**

## တရုတ်လူမျိုး တစ်ကိုယ်တော်ရွက်လှေသမား အထောက်အကူပြုအဖွဲ့နှင့် အဆက်အသွယ်ပြတ်တောက်

**ပေကျင်း အောက်တိုဘာ ၂၇**

ပစိဖိတ်သမုဒ္ဒရာကို သုံးစင်းတွဲ ရွက်လှေတစ်စင်းဖြင့် တစ်ကိုယ်တော်ဖြတ်ကူးရန် ကြိုးပမ်းလျက်ရှိသူ တရုတ်လူမျိုးသင်္ဘောသား ဂေါ်ချန်းသည် ၎င်း၏ အထောက်အကူပြုအဖွဲ့နှင့် အောက်တိုဘာ ၂၆ ရက်မှစ၍ အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝါရင့် သင်္ဘောသားကြီး ဂေါ်ချန်းသည် ကမ္ဘာ့စံချိန်တစ်ရပ် စိုက်ထူနိုင်ရန် ကြိုးပမ်းသည့်အနေဖြင့် အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့မှ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သို့ သုံးစင်းတွဲ ရွက်လှေဖြင့် ရက် ၂၀ အတွင်း ရောက်ရှိရန် ရည်မှန်းခဲ့သည်။ အောက်တိုဘာ ၁၈ ရက်တွင် ဂိုးလ်ဒင်းဂိတ် တံတားမှ ခရီးစတင်ခဲ့ပြီးနောက် အောက်တိုဘာ ၂၆ ရက်မှစ၍ ၎င်း၏ အထောက်အကူပြုအဖွဲ့နှင့် အဆက်အသွယ် ပြတ်တောက်ခဲ့သည်။

ဂေါ်ချန်းသည် တရုတ်နိုင်ငံ၏ အကျော်ကြားဆုံး လှေလှော်ရွက်တိုက်သမားတစ်ဦးဖြစ်သည်။

**ဆင်ဟွာ။**

## ပြုံယမ်းအား စီးပွားရေးထပ်မံပိတ်ဆို့မည့် ကုလဖြေရှင်းချက်ကို အချိန်တိုအတွင်းချမှတ်နိုင်ရန် ကြိုးပမ်း

**ကျိုတို အောက်တိုဘာ ၂၇**

အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က မြောက်ကိုရီးယားနိုင်ငံအား စီးပွားရေးပိတ်ဆို့မှုများထပ်လောင်းပြုလုပ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီဖြေရှင်းချက် ချမှတ်မှုကို ပိုမိုလျင်မြန်စွာချမှတ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သုံးပွင့်ဆိုင်သဘောတူညီခဲ့ကြသည်။

အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်၊ တောင်ကိုရီးယားဒုတိယနိုင်ငံခြားရေးဝန်ကြီး လင်ဆောင်နမ်နှင့် ဂျပန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ရှင်ဆူကီ ဆူဂီရာမာတို့သည် ဂျပန်နိုင်ငံတိုကျိုမြို့၌ အောက်တိုဘာ ၂၇ ရက်က တွေ့ဆုံရာတွင် အထက်ပါကိစ္စနှင့်ပတ်သက်ပြီး သဘောတူညီခဲ့ကြသည်။

အဆိုပါဒုဝန်ကြီးများက လတ်တလောအနေဖြင့် ပြုံယမ်း၏ နျူကလီးယားဒုံးကျည် ဖွံ့ဖြိုးမှုအစီအစဉ်သည် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံကြား လုံခြုံရေးခြိမ်းခြောက်မှုကိုဖြစ်စေသည်ဟု အတည်ပြုပြောကြားခဲ့ကြသည်။

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံအား နျူကလီးယားဖွံ့ဖြိုးရေးအစီအစဉ်ကို ပယ်ဖျက်ရန်နှင့် ကိုရီးယားကျွန်းဆွယ်ဒေသတွင် နျူကလီးယားစွမ်းအင်ကင်းရှင်းရေးအတွက် ဖိအားများပေးမည်ဖြစ်ကြောင်း အတည်ပြုသဘောတူညီခဲ့ကြသည်။

အလားတူ စက်တင်ဘာလက ပြုံယမ်း၏ ငါးကြိမ်မြောက် နျူကလီးယားဒုံးကျည် ပစ်ခတ်စမ်းသပ်မှုပြီးနောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီးယားနိုင်ငံအား စီးပွားရေးပိတ်ဆို့မှုများ ထပ်မံပြုလုပ်ရန် ဆွေးနွေးလျက်ရှိသည်။

နိုင်ငံခြားရေးဒုဝန်ကြီးများက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဖြေရှင်းချက်ချမှတ်မှုကို အကျိုးသက်ရောက်မှုရှိစေရန် အတူတကွ ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်။ မြောက်ကိုရီးယားနိုင်ငံအား စီးပွားရေးပိတ်ဆို့ရာတွင် သက်ဆိုင်သည့်နိုင်ငံများအား ကုလဖြေရှင်းချက်ကို လက်ခံနိုင်စေရန် အဆိုပါနိုင်ငံခြားရေးဒုဝန်ကြီးများက ကြိုးပမ်းကြမည်ဖြစ်ကြောင်းသိရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီကချမှတ်မည့် ဖြေရှင်းချက်သည် လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများ လက်ခံနိုင်သည့်အခြေအနေတွင် ရှိသင့်သည်ဟု ဂျပန်နိုင်ငံခြားရေးဒုဝန်ကြီး ဆူဂီရာမာက သုံးပွင့်ဆိုင်အစည်းအဝေးပြီးနောက် မီဒီယာများအား ပြောကြားခဲ့သည်။ အဆိုပါဖြေရှင်းချက်ကို အချိန်တိုအတွင်း လျင်မြန်စွာ ချမှတ်နိုင်စေရန် ကြိုးပမ်းသွားမည်ဟုလည်း ဆူဂီရာမာက မီဒီယာများအား ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



## ဗြိတိန်နှင့် အမေရိကန်တို့၏ ဥရောပအရှေ့ပိုင်းဒေသ၌ ရုရှားအား ဟန့်တားရန် ဂျက်တိုက်လေယာဉ်များနှင့် တပ်ဖွဲ့များဖြန့်ကြက်ရန် စီစဉ်နေ

**လန်ဒန် အောက်တိုဘာ ၂၇**

ဗြိတိန်နိုင်ငံသည် လာမည့်နှစ်တွင် ရိုမေးနီးယားနိုင်ငံ၌ ဂျက်တိုက်လေယာဉ်များ ဖြန့်ကြက်သွားမည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုက ပိုလန်နိုင်ငံသို့ စစ်သည်များ၊ သံချပ်ကာကားများနှင့် အမြောက်လက်နက်များပေးပို့သွားရန် ကတိပြုထားကြောင်း နေတိုးစစ်စာချုပ်အဖွဲ့က အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားသည်။ နေတိုးအဖွဲ့သည် စစ်အေးကာလ နောက်ပိုင်း ရုရှားနိုင်ငံ၏ နယ်နိမိတ်မျဉ်းအနီး၌ အကြီးမားဆုံး စစ်ရေးတည်ဆောက်မှုအစီအစဉ်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။


ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲမြို့တွင် ပြုလုပ်သော နေတိုးအဖွဲ့မှ ကာကွယ်ရေးဝန်ကြီးများ၏အစည်းအဝေးတွင် ကနေဒါနှင့် ဂျာမနီတို့နှင့်အတူ အခြားနေတိုးအဖွဲ့ဝင် မဟာမိတ်နိုင်ငံများက တပ်ဖွဲ့များအသီးသီးစေလွှတ်ရန် ကတိပြုခဲ့ကြသည်။

နေတိုးအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးပြုလုပ်နေချိန်မှာပင် ရုရှားရေတပ်မှ ခရုဇ်ဒုံးကျည်လက်နက်များ တပ်ဆင်ထားသော စစ်ရေယာဉ်နှစ်စင်းသည် ဆွီဒင်နှင့် ဒိန်းမတ်နှစ်နိုင်ငံအကြားရှိ ဘောလ်တစ်ပင်လယ်အတွင်း ဝင်ရောက်လာခဲ့ပြီး အရှေ့နှင့်အနောက်အုပ်စုအကြား တင်းမာမှုကို အထင်အရှားပြသခဲ့သည်။

ထိုစဉ်အတွင်း စပိန်ပိုင် မြောက်အာဖရိက စီကျူတာ ပင်လယ်ဆိပ်ကမ်း၌ ရုရှားစစ်သင်္ဘောသုံးစင်း လောင်စာဆီဖြည့်မည့် အစီအစဉ်ကို ရုရှားက ဖျက်သိမ်းခဲ့သည်။ ဆီးရီးယားနိုင်ငံရှိ အရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက်ရာတွင် ယင်းစစ်သင်္ဘောများကို အသုံးပြုနိုင်သည်ဟု နေတိုးက ပြောကြားခဲ့ခြင်းကြောင့်ဖြစ်သည်။

ရုရှားနိုင်ငံ၏ တစ်စင်းတည်းသော လေယာဉ်တင်သင်္ဘော အက်ဒမိုင်ရယ် ကူဇနက်ဆော့ဗ်အပါအဝင် ရေယာဉ်ရှစ်စင်းပါ တိုက်ပွဲဝင်ရေယာဉ်စုတွင် အဆိုပါ လောင်စာဆီတင် သင်္ဘောများလည်းပါဝင်ပြီး ယင်းရေယာဉ်စုသည် ဆီးရီးယား ကမ်းလွန်ပင်လယ်၌ ရောက်ရှိနှင့်ပြီးသော ရုရှားရေယာဉ် ၁၀ စင်းခန့်နှင့် ပူးပေါင်းရန်ရှိသည်ဟု မျှော်လင့်ရကြောင်း သံတမန်များက ပြောကြားသည်။

**ရိုက်တာ။**



# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၇**

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Chung Sye-kyun ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်လေဆိပ်သို့ အောက်တိုဘာ ၂၇ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၅၀ တွင် ရောက်ရှိကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်မှ ဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Lee Baek-soon နှင့် တာဝန်ရှိသူများ၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်နှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်သို့ ရောက်ရှိကြပြီး ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။ ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Chung Sye-kyun နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်၏ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ပင်မအစည်းအဝေးခန်းမအတွင်း ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

# စီမံခန့်ခွဲရေး မွမ်းမံသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၇**

ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ဒုတိယ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲရေး မွမ်းမံသင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၆ ရက် ညနေ ၄ နာရီတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက် မှာကြားဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၏ အရည်အသွေး မြင့်မားရေးနှင့် ပညာရေးစီမံကိန်းများ ထိထိရောက်ရောက် ပွင့်လင်းမြင်သာစွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများ သင်ယူမှုဝန်းကျင်ကောင်းတွင် ကျေနပ်လောက်သော၊ အရည်အသွေးပြည့်ဝသော ပညာရေးဖြစ်ပေါ်လာအောင် ကြိုးပမ်းအားစိုက် ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ၊ မိဘများ၊ ပြည်သူလူထုများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲပြီး တက်ညီလက်ညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆရာဆရာမများအနေဖြင့် အတန်းဝင်ရောက်သင်ကြားမှု မှန်ကန်နေရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်ကောင်းများဖြစ်ပေါ်လာစေရန်အတွက် နောက်လိုက်ကောင်းများ ဖြစ်အောင် သင်ကြားလေ့ကျင့်ပေးကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သင်တန်းသားသင်တန်းသူများကိုယ်စား ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်လွင်က ကျေးဇူးတင်စကားပြောကြားသည်။

**(သတင်းစဉ်)**

# လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက်သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၃ / ၂၀၁၆)
၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

**လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက်သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၄(ဂ)နှင့် နည်းဥပဒေ ၁၆(က)တို့အရ ၁၃၇၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက် (၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်) စနေနေ့တွင် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်နေသည့် အောက်ပါမဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည် -

| လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|
| (၁) မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မုံရွာ |
| (၂) ချောင်းဆုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချောင်းဆုံ |
| (၃) အမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အမ်း |
| (၄) လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လှိုင်သာယာ |
| (၅) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒဂုံမြို့သစ်(ဆိပ်ကမ်း) |
| (၆) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ဒဂုံမြို့သစ်(အရှေ့ပိုင်း) |
| (၇) ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကော့မှူး |
| (၈) ကျေးသီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျေးသီး |
| (၉) မိုင်းရှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းရှူး |

| လစ်လပ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|
| (၁) ချင်းပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၃) | ထန်တလန် |
| (၂) ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၄) | ကျောက်တံခါး၊ ညောင်လေးပင် |
| (၃) ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၆) | ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဆိပ်ကမ်း၊ လသာ၊လှိုင်၊ လမ်းမတော်၊ အလုံ |

| လစ်လပ်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|
| (၁) ဖရူဆိုမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁) | ဖရူဆို |
| (၂) ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) | ကျိုင်းတုံ |
| (၃) ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁) | ကျေးသီး |
| (၄) ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) | ကျေးသီး |
| (၅) ညောင်ရွှေမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁) | ညောင်ရွှေ |
| (၆) မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁) | မိုင်းရှူး |
| (၇) မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) | မိုင်းရှူး |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များသတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၄/၂၀၁၆)
၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

**လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့် စပ်လျဉ်းသည့် နေ့ရက်များသတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာလိုက်သည် -

| | |
|---|---|
| (က) လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက် | ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် (၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်) |
| (ခ) လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်) |
| (ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်) |
| (ဃ) လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာများ စိစစ်မည့်နေ့ရက် | ၁၃၇၈ခုနှစ်၊နတ်တော်လဆန်း ၁၃ ရက်မှ နတ်တော်လပြည့်ကျော် ၄ ရက်အထိ (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်မှ ၁၈ ရက်အထိ) |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ရှင်မဟာရဋ္ဌသာရ၏ လူမိုက်ကြီးခြောက်ယောက်

## ယောနကဘိုးထောင်

**-လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့
မမှီဝဲနှင့် ကင်းအောင်နေ။
ပညာရှိကိုအရှည်တွဲလို့
မှီဝဲဆည်းကပ်နည်းယူစေ။**

**ဒဂုန်ဦးထွန်းမြင့်"သုံးဆယ့်ရှစ်ဖြာမင်္ဂလာမှ"**

ဗာလလူမိုက်သည် ရိုင်း၏။ ဆိုးသွမ်း၏။ ဆင်ခြင်တုံတရား အစဉ်းစားမရှိချေ။ ဉာဏ်အသုံးမပြုတတ်ပေ။ ထို့ကြောင့် ဗာလ၊ လူမိုက်၊ လူဆိုး၊ လူညစ်ဟူ၍ ဆိုနိုင်ရာသည်။ ပညာရှင်များ၏ ဆုံးမစကားတွင် ဗာလတို့အား ရှောင်စေ၊ ရှဲစေ ဆုံးမပေ၏။ လူသည်မွေးဖွားလာသည်မှ သေဆုံးသည်အထိ ကောင်းဖို့လိုသည်။ ကောင်းဖို့ဆိုရာတွင်လည်း စိတ်ကောင်း၊ စေတနာကောင်း၊ မေတ္တာကောင်း၊ ပညာကောင်း၊ အကျင့်ကောင်း၊ စာရိတ္တကောင်းတို့ကို မြစ်ဖျားခံရပါသည်။

**"အစကောင်းမှ အနှောင်းသေချာ"** ဆိုသကဲ့သို့ ငယ်ရွယ်နုပျိုလူငယ်အစ ဘဝမှပင် ကောင်းအောင်ကြိုးစား၍ ကောင်းကျိုးကိုယ်၌တည်စေရမည်။ သို့မှသာ လူကောင်းလူမွန်လူရည်ချွန် ဖြစ်လာပေမည်။ လူတွင်လည်း လူအမျိုးမျိုးရှိပါသည်။ လူဆိုး၊ လူမိုက်နှင့် လူကောင်း၊ လူတော်ဟူသည်ကား အဓိကခွဲခြားနိုင်ပါသည်။ အဆိုးနှင့်အကောင်းတွင် အကောင်းကို ဆောင်ရမည်။ အမိုက်နှင့် အတော်တွင်လည်း အတော်ကို ပေါင်းဖက်မှသာ အကျော်အမော်ဖြစ်လာမည်။ လူပျော့၊ လူညာ၊ လူဝါ၊ လူပျင်း၊ လူဖျင်း၊ လူသိမ်၊ လူလိမ်၊ လူညစ်တို့သည် လူဆိုးလူမိုက်စာရင်းဝင်များဖြစ်သည်။

ထို့ကြောင့် လူယုတ်ကို ရှောင်ကြဉ်ရမည်။ ရှောင်နိုင်အောင်လည်း ဗာလလူမိုက် အကျင့်စရိုက်ကို သိနိုင်မှသာဖြစ်မည်။ လူကောင်း လူတော်သည် ပင်ကို စိတ်ရင်းကောင်း၏။ ရိုးသား၏။ ကိုယ်ကျင့်တရားကောင်း၏။ ဖြောင့်မတ်၏။ မေတ္တာခေတ်ပြည့်၏။ သစ္စာရှိ၏။ ပညာကြွယ်၏။ သုတထည်၏။ အတွေ့အကြုံနှင့် ပြည့်စုံ၏။ အရည်အချင်းပြည့်၏။

**"လူမိုက်နှင့်ငွေအတူမနေ"** ဆိုသည့်စကားသည်မှန်၏။ ငွေသည် လူ့ရွာလောကတွင် အရေးပါသည်။ အရာရောက်သည်။ ထိုငွေအသပြာအခြင်းအရာကို လူမိုက်တို့က မသိကြပေ။ ငွေအပေါ်၌ ဟော့ရမ်း၏။ ငွေနှင့်အတူနေသူသာ လူလိမ္မာခေါ်ရပေမည်။ ငွေအတွက် လူတို့သည် နေ့စဉ်ကြိုးကုတ်အလုပ်လုပ်နေကြသည်။ လူမိုက်တို့ကား ထိုငွေကို မဆင်မခြင်သုံးစွဲတတ်သည်။ အသုံးထက် အဖြုန်းတွင် လူမိုက်တို့က ပိုသည်။ အသုံးကား လူ့ဘောင်အတွက် လိုအပ်သည်။ အဖြုန်းကား လူသားတို့အတွက် အန္တရာယ်မည်၏။ အသုံးမတတ် အဖြုန်းတတ်သော လူသည် လူမိုက်ပင်ဖြစ်တော့၏။

ထိုသည်ကိုပင် ခေတ်၏ ကြေးမုံပြင်ထဲမှ စာစကားတစ်ပုဒ်ကို ကြားလာရ၏။ ဗာလစစ်စစ်လူမိုက်အဖြစ်ကို ရှင်မဟာရဋ္ဌသာရက ကိုးခန်းပျို့တွင် ဖွင့်ဆိုခဲ့ဖူးပါသည်။ ဆရာတော်၏စကားသည် မှတ်သားဖွယ်ကောင်း၏။ နာပျော်ဖွယ်ဖြစ်သည်။ ကိုယ်နှုတ်နှလုံးအစဉ်တွဲသုံး၍ ထုံးမူစံထားရသည်သာ။ ဗာလလူမိုက်၏ ရုပ်သွင်ကိုကြည့်လေကြည့်လေမြင်ရလေဖြစ်သည်။ မြင်ရုံမြင်ပုံသာ မဟုတ်ဘဲ ဆင်ခြင်တုံတရားထားကာ ဗာလအစစ်ကို ကြည့်ရပါမည်။ သိရပါမည်။ မြင်ရပါမည်။ ထိုမှသာ လူမိုက်အမူအကျင့်ကို ရှောင်သွေကွင်းကာ မမှီဝဲနိုင်မည့် အခြေအနေသို့ ဆိုက်ရောက်ပေမည်။

**"ပုံခတ်ဆိုဖွယ်၊ စကားဝယ်လည်း၊ သိလွယ်ပြတ်ပြတ်၊ မလျှို့ဝှက်တည့်၊ လိုက်ဖက်သောကြောင့်၊ ပမာဖြောင့်၊ ဖြစ်ခေါင့်ဖြစ်ခဲ၊ ကျောက်စစ်သဲကို၊ ရွှဲရွှဲဆီရည်၊ ထွက်စိမ့်သည်ဟု ဆုံကျည်အဝ၊ ပွက်မှားကြသို့. . .။"**

ဆရာတော်သည်ပုံတိုပတ်စဖြင့် စကားဆိုပါသည်။ ဆိုရာတွင်လည်း စကားခက်မဟုတ်၊ သိလွယ်မြင်လွယ်သော စကားပြေနှင့် ပြောသည်။ အလင်္ကာစကားလျှို့ဝှက်၍ မဆိုချေ။ လူ့ရွာလောကနှင့် လိုက်ဖက်သော စကားကို အဆင်တန်ဆာမပါဘဲ ပြောသည်။ ရှင်းရှင်းဆိုရသော် လူပြိန်းနားလည်အောင် ပုံသက်သေထုံးပြသည်။ ဥပမာအဖြစ် သက်သေတည်၏။ ထိုအဖြစ်သနစ်သည် ဖြစ်ခေါင့်ဖြစ်ခဲသောစကားဖြစ်သည်။ လူမိုက်၊ လူဆိုး လူ့ဗာလကား ပညာမျက်လုံးကန်းကြသည်။ ဉာဏ်မျက်စိမရှိချေ။ ထို့ကြောင့် ကျောက်စစ်သဲကို ဆီယိုရွှဲရွဲထွက်စိမ့်သောငှာ ဆုံကျည်တွင်ထည့်သည်။ ကျည်ပွေ့လှည့်၍ ဆီကြိတ်၏။ ဆီပွက်လေပြီ။ အဘယ်မှာ ဆီတစ်စက်တစ်ပေါက်ဖြစ်လာနိုင်မည်နည်း။ **"မရှိတာထက် မသိတာခက်"** ဆိုသကဲ့သို့ လူမိုက်၏ မသိမှုကို စကားအလှဖြင့် ပုံပြကောင်းလွန်းပါသည်။

ဆရာတော်၏ လူမိုက်ဇာတ်သည်မပြီးသေး။ ဟော. . ဆိုပြန်သေး၏။ ပြောပြန်သေး၏။ နားစိုက်ထောင်လိုက်ပါက ကြားလာရ၏။ မြင်လာရပြန်သည်။

**"ထိုမှတစ်ပါး ယောက်ျားမီးရှာ၊ ညဉ့်အခါဝယ်၊ ရောင်ဝါထွန်းမြူး ပိုးစုန်းကြူးကို၊ မူးတူးမင်ထင်၊ ကယ်ကောင်းထင်၍၊ တောက်ရှင်နိုးနိုး၊ မှိုက်ကောက်ရိုးဖြင့်၊ မှုတ်ကြိုးသံပ၊ လက်မချသို့. . ."**

ဆရာတော်၏ စာဉာဏ်အသွားသည် တစ်သားပြီးတစ်သား၊ ပုလဲတစ်ကန့် ရွဲတစ်ကန့်သို့ အဆင်ကောင်းသည်။ အသွေးအပြအရေးကလည်း လှပါပေသည်။ လူမိုက်တစ်အဖြစ်ပုံပြဆိုပြီးလျှင် လူမိုက်နှစ်ကို ပြောပြန်သည်။ လူမိုက် ယောကျ်ားသည် ညဥ့်အမှောင်တွင် မီးရှာသည်။ မှောင်မည်းမဟူရာညဉ့်တွင် မီးအထင်နှင့် ရောင်ဝါထွန်းမြူးပိုးစုန်းကြူးကို တွေ့လေသည်။ အိပ်ချင်သောစိတ်မှာ ကမူးရှူးထိုးဖြစ်နေသည်။ ထိုရောအခါ ပိုးစုန်းကြူးကို တကယ်မီးမှတ်ထင်၏။ လူမိုက်သည် အထင်အမြင်နှင့် အသိမပွားတတ်ချေ။ လေ့နံ့ခါးထစ်မှုသေဝါဒ လက်ကိုင်ထား၏။ ထို့ကြောင့် တောက်လိမ့်နိုးနိုး အမှိုက်ကောက်ရိုးတွင်ထည့်၍ မီးမွှေးသည်။ မီးကိုတောက်စေလို၍ မှုတ်သည်။ မှုတ်လေ၏။ သို့သော် ခရီးမရောက် မီးမတောက်ခဲ့ပါချေ။ ထိုအခြင်းကိုပင် လူမိုက်သည် လက်မချဘဲ ဆက်လက်လုပ်ကိုင်နေသည်။ အို. . အဘယ်လောက်များ မိုက်တွင်းနက်နေဦး မည်နည်း။ လူမိုက်သည်ကား ကျားအသေကို အသက်သွင်းသည့်ပမာ တူလွန်းပေစွတကား။

ဆရာတော်သည် ဉာဏ်အတိမ်အနက်ဖြင့် ပုံပြပြီးသော လူတို့နှင့် ရင်အုပ်မကွာသော လူ့လောကထဲမှ လူမိုက်အမှတ်သုံးကို တစ်မျိုးတစ်ဘာသာတီထွင် ဆန်းသစ်နေပြန်သည်။ ဆရာတော်ကလည်း ထုံးသက်သေပုံပြကောင်းမှ ကောင်းလွန်းလှပေသည်။ ကြားရသူနားဝင်ချိုကာ အစဉ်နာခံမှတ်သားဖွယ်ဖြစ်တော့သည်။

**"ဗာလအစစ်၊ သူမိုက်ညစ်လျှင်၊ ဆန်ဖြစ်စေကြောင်း၊ ဖွဲကိုထောင်းသော်၊ ပန်းညှောင်းကာမျှ ဆန်မရသို့. . ."** လူမိုက်သည်ဦးနှောက်မရှိ၊ ခေါင်းကိုမသုံးပေ။ သူထင်ရာမြင်ရာကို စွဲ၍လုပ်တတ်သည်။ ဆန်သည်စပါးမှသာရပေ၏။ သို့သော် ဆန်ဖြစ်စေကြောင်း ဖွဲကိုလူမိုက်ကထောင်းသည်။ ဆန်အတွက်ပင်ပန်းဆင်းရဲသော်လည်း ဆန်တစိုးတစိမထွက်ပေါ်လာပေ။ ဤသို့ဖြင့် ဆန်မရသော လူမိုက်ကိုဟောသည်။ ပြောပြသည်။ **"ဆန်မရှိ အစားကြီးသော လူမိုက်"** ထုံးသက်သေကား နှလုံးမူစရာ စကားအလှပဒေသာပင်ဖြစ်တော့သည်။

ဆရာတော်ရှင်မဟာရဋ္ဌသာရ၏ စာကဗျာလင်္ကာပျို့များသည် လောကနှင့် ဆက်စပ်ပြဆိုသည်။ ထို့ကြောင့် မြင်ရာတွင်စူးရဲသည်။ ကြည့်ရာတွင် ပီပီသသ ရှိလှသည်။ လူ့ခွင်၊လူ့ရပ်၊ လူ့စရိုက်ကို အပီအပြင်ဖွဲ့နိုင်သည်။ လူသည် လူ့အကြောင်းကို အသိချင်ဆုံး၊ အကြားချင်ဆုံး၊ အနာယူအခံချင်ဆုံးဖြစ်သည်။ ထို့ကြောင့် လူ့အကြောင်းသည် မည်သည့်အခါမျှ မရိုးတော့။ အမြဲအမြဲ သစ်၍ သစ်၍ ဆန်းနေသည်။

**"နွားမနို့ရည်၊ ချို၍တည်ဟု၊ ကြိုးရှည်များလျား၊ တိုင်ချည်ထား၍၊ ရိုရှားပန်းလျှ၊ ညှစ်လှည့်ထသို့. . ."**

အခက်တကာ့ အခက်ထဲတွင် မသိမှု၊ နားမလည်မှု၊ မဆင်ခြင်မမြင်သော အခက်မှာဆိုး၏။ ထိုအဆိုးကို လူမိုက်တို့က ကျင့်ကြံကြသည်။ ထို့ကြောင့် လူဆိုး၊ လူမိုက်ဗာလများဖြစ်ကုန်တော့၏။ နွားမနို့ရည်သည် နို့အုံတွင်သာရှိပေမည်။ ထိုသည်ကိုမသိ၊ မသိသော ဉာဏ်ရှိသူမိုက်သည် နွားမကိုကြိုးဖြင့် ရှည်လျားစွာချည်နှောင်၍ နို့ညှစ်သည်။ နို့ညှစ်ရာတွင် ကြိုးကိုတိုနိုင်သမျှ တိုတိုချည်ရသည်။ ထိုအမူအကျင့်ကို မဆင်ခြင်၊ မတွေးတောဘဲ ငေးမောကာ အမိုက်အမဲပြုမူသည်။ နွားချိုညှစ်၍ နွားမကပြေးသည်။ အပြေးနှင့်အလိုက် ပန်းဟိုက်အမော လူမိုက်ဇာတ်သဘောကို ပုံပြကောင်းသည်။ လူမိုက်နံပါတ်လေးကို အပြေးအမောအသောနှင့်ဆင်၍ ဇာတ်ရွှင်ရွှင်တင်ပြတတ်သည်။

**"မောဟထူထပ်၊ တောသွားသွပ်လျှင်၊ တံလျှပ်ကိုရေ မှတ်မှားချေ၍၊ လိုက်လေလိုက်လေ၊ ငတ်မပြေသည်၊ ပန်းခြေလက်ချ၊ သောက်ချင်တသို့. . ."**

အလိုရမ္မက်ကြီးစွာ ရေရှာပါသည်။ တောအလယ်အမောကြွယ်ကြွယ်ဖြင့် **"တံလျှပ်ကိုရေထင်-ရွှေသမင် အလိုက်လွဲ"**သလို ဖြစ်နေသည်။ အမှတ်များ၊ အသိမှားတို့သည် လူကို ဒုက္ခဆိုးကျိုးပေးတတ်ပါသည်။ ရေဆာမပျောက် အာခြောက်ခြောက်နှင့် တံလျှပ်ကိုရေမှတ်ကာ လိုက်လေလိုက်လေ ငတ်မပြေဖြစ်နေသည်။ ခြေကုန်လက်ပန်းကျအမောဘဝသို့ရောက်ရသည်။ လိုချင်သောရေ၊ ရချင်သောဆန္ဒ၊ ဖြစ်ချင်သောအာသီသတို့ကား ဝေးကုန်၏။ ထို့ကြောင့် ဗာလ လူမိုက်ကြီး၏ အမောဒုက္ခခရီးကို ဆရာတော်က စာအလင်္ကာပြဆိုကာ အမိုက်သဘောကိုပြော၏။ အမိုက်မောကိုပြ၏။

**"မွေးဘချီးမွမ်း၊ တိတ္ထိကျမ်းကို၊ စွဲလမ်းအယူ၊ သင်သောသူသည်၊ ထိုတူလည်းကောင်း၊ ဖြစ်ရာရှောင်း၏. . ."**

မွေးမိဘတို့၏ မိရိုးဖလာရိုးရာယဉ်ကျေးမှုကိုပစ်ပယ်သည်။ မဟုတ်သောအယူ၊ မမှန်သောနှလုံး၊ မသုံးအပ်သောဘာသာစကား၊ တိတ္ထိများကိုစွဲလမ်းသည်။ အယူသီးသည်။ သင်ကြားနာခံ လက်ဗွေခံ၏။ ထိုသူသည် အဘယ်မှာလျှင် လူကောင်းသူမွန်ဖြစ်လာပါချိမ့်။ ထို့ကြောင့်ရှောင်ရန်ဆောင်ရန် အသွင်သဏ္ဍာန်သရုပ်ကိုဆရာတော်က ညွှန်ပြသက်သေတည်ခဲ့သည်။ အပေါင်းအသင်းရောင်းရင်းဆွေကောင်းကိုဆောင်၍ မိတ်ဆွေကောင်းနှင့် ခရီးသွားရန် လမ်းပြသည်။ အနီးကပ်ရန်သူကို ရှာဖွေတိုက်ခိုက်ဖို့ပြောပြ၏။ ဤသည်ကား ဆရာတော်၏ အမှာစကားပင်ဖြစ်တော့သည်။

ရှင်မဟာရဋ္ဌသာရသည် လူမိုက်ကြီးခြောက်ယောက်ကို တစ်မျိုးစီသရုပ်ဆောင်စေသည်။ ထိုလူမိုက်ကြီးများကဲ့သို့မဖြစ်အောင် ဆုံးမခဲ့သည်။ ထိုဆုံးမချက်ကို စတုဓမ္မသာရ ကိုးခန်းပျို့တွင် ထည့်သွင်းရေးသားခဲ့သည်။ နှောင်းလူတို့ သတိသံဝေဂတရားပွားဆင်ခြင်ကျင့်ကြံစရာအဖြစ်ပြောကြားခဲ့သည်။ တစ်ဖန် စုစုစည်းစည်း လူမိုက်ကြီးခြောက်ယောက်၏ အမိုက်အမဲ ဗာလဝဲသြယကို ဖွင့်ရပြန်သော်--- **"ပုံခတ်ဆိုဖွယ်၊ စကားဝယ်လည်း၊ သိလွယ်ပြတ်ပြတ်၊ မလျှို့ဝှက်တည့်၊ လိုက်ဖက်သောကြောင့် ပမာဖြောင့်ပိမ့်၊ ဖြစ်ခေါင့်ဖြစ်ခဲ၊ ကျောက်စစ်သဲကို ရွှဲရွှဲဆီရည်၊ ထွက်စိမ့်သည်ဟု၊ ဆုံကျည်အဝ၊ ပွတ်မှားကြသို့၊ ထိုမှတစ်ပါး ယောကျ်ားမီးရှာ၊ ညဥ့်အခါဝယ်၊ ရောင်ဝါထွန်းမြူး၊ ပိုးစုန်းကြူးကို၊ မူးတူးမင်ထင်၊ ကယ်ကောင်းထင်၍၊ တောက်ရှင်နိုးနိုး၊ မှိုက်ကောက်ရိုးဖြင့်၊ မှုတ်ကြိုးသံပ၊ လက်မချသို့၊ ဗာလအစစ်၊ သူမိုက်ညစ်လျှင်၊ ဆန်ဖြစ်စေကြောင်း၊ ဖွဲကိုထောင်းသော်၊ ပန်းညှောင်းကာမျှ၊ ဆန်မရသို့၊ နွားမနို့ရည်၊ ချို၍တည်ဟု၊ ကြိုးရှည်များလျား၊ တိုင်ချည်ထား၍၊ ရိုရှားပန်းလျှ၊ ညှစ်လှည့်ထသို့၊ မောဟထူထပ်၊ တောသွားသွပ်လျှင်၊ တံလျှပ်ကိုရေ မှတ်မှားချေ၍၊ လိုက်လေလိုက်လေ၊ ငတ်မပြေသည်၊ ပန်းခြေလက်ချ၊ သောက်ချင်တသို့၊ မွေးဘချီးမွမ်း၊ တိတ္ထိကျမ်းကို၊ စွဲလမ်းအယူ၊ သင်သောသူသည်၊ ထိုတူလည်းကောင်း၊ ဖြစ်ရာရှောင်း၏"** ဟူ၍ဆိုခဲ့ပါသည်။

အဆိုးကိုပြ၍ အကောင်းကိုလှစ်ဟခဲ့၏။ ဆရာတော် ကဝိစကားကို ထပ်ဆင့်စဉ်းစား ဉာဏ်ကစားကြည့်လျှင်သိပြန်ပါသည်။ ထိုသိရကြည့်မြင်ရချက်တွင် လူမိုက်ခြောက်ယောက် ဗာလစစ်စစ်ကိုတွေ့ရသည်။ (၁) ကျောက်ခဲဆီပွတ်သောလူမိုက်၊ (၂) ပိုးစုန်းကြူးနှင့်မီးမွှေးသောလူမိုက်၊ (၃) ဖွဲကိုထောင်း၍ဆန်ရှာသောလူမိုက်၊ (၄) နွားမချိုနို့ညှစ်သောလူမိုက်၊ (၅) တံလျှပ်ရေတင်၍ရေရှာရေငတ်နေသူလူမိုက် ၊(၆) မိဘရိုးရာကိုပစ်ပြီးတိတ္ထိကို ချစ်ခင်သောလူမိုက်တို့ကို ကဗျာအသိထဲကရရှိလာသည်။

သို့ဖြစ်၍ ရှင်မဟာရဋ္ဌသာရ၏ လူမိုက်ကြီးခြောက်ယောက်သည် လူ့လောကအလယ်တွင် အဆိုးကိုမြင်၍ အကောင်းကိုလိုချင်သောသန္ဓေကိုပေး၏။ ထို့ကြောင့်သွေးသစ်လူရွယ်လူငယ်တို့ကို အသစ်အသစ်သော ဘဝ သင်ခန်းစာလမ်းညွှန်နှင့်တူနေပါတော့သည်။ လူ့ရွာနယ်တွင်စာပေမပျောက်သရွေ့ မြန်မာလူမျိုးမပျောက်သရွေ့ ဆုံးမချက်အမှာစကား "ရှင်မဟာရဋ္ဌသာရ၏ လူမိုက်ကြီးခြောက်ယောက်" အကြောင်းညွှန်ပြချက်က ပယ်ရှားဖွယ်ရာ ဖြစ်ရာသည်။ အလိမ္မာစာမှာရှိဆိုစကား အတိုင်းမဟုတ်ပါလားခင်ဗျာ။

နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ။

> **ရှင်မဟာရဋ္ဌသာရ၏ လူမိုက်ကြီးခြောက်ယောက်သည် လူ့လောကအလယ်တွင် အဆိုးကိုမြင်၍ အကောင်းကို လိုချင်သောသန္ဓေကိုပေး၏။ ထို့ကြောင့် သွေးသစ်လူရွယ်လူငယ်တို့ကို အသစ်အသစ်သော ဘဝသင်ခန်းစာ လမ်းညွှန်နှင့်တူနေပါတော့သည်။ လူ့ရွာနယ်တွင် စာပေမပျောက်သရွေ့ မြန်မာလူမျိုးမပျောက်သရွေ့ ဆုံးမချက်အမှာစကား "ရှင်မဟာရဋ္ဌသာရ၏ လူမိုက်ကြီးခြောက်ယောက်" အကြောင်း ညွှန်ပြချက်က ပယ်ရှားဖွယ်ရာ ဖြစ်ရာသည်။ အလိမ္မာစာမှာရှိ ဆိုစကားအတိုင်းမဟုတ်ပါလားခင်ဗျာ။**

---

# ပင်လည်ဘူးမြို့၌ ဇီကာဗိုင်းရပ်စ်အကြောင်း သိကောင်းစရာဟောပြော

**ပင်လည်ဘူး အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးပြုလုပ်သော ဇီကာဗိုင်းရပ်စ်အကြောင်း သိကောင်းစရာ ဟောပြောပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက မြို့နယ်အသင်းရုံး၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးယုက ဇီကာဗိုင်းရပ်စ်အကြောင်း သိကောင်းစရာဟောပြောပွဲ အခမ်းအနားပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ မြို့နယ်အမျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်ဌေးဌေးဝင်းက ဇီကာဗိုင်းရပ်စ်အကြောင်း သိကောင်း စရာနှင့် ခြင်ကိုက်ခံရမှုမှတစ်ဆင့် ရောဂါဖြစ်ပွားပုံအဆင့်ဆင့်တို့ကို အကျယ်တဝင့်ရှင်းလင်းဟောပြောခဲ့ကာ ကိုယ်ဝန်ဆောင်အမျိုးသမီးများအား မိမိအိမ်တွင် သိုလှောင် ထားရှိသော ရေအိုးရေကန်များတွင် ခြင်များ ဝင်ရောက်ပေါက်ပွားမှု မရှိစေရန် စနစ်တကျ ဖုံးအုပ်ထားရှိ လဲလှယ်အသုံးပြုကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မျိုးလွင် (ပင်လည်ဘူး)**

# မြန်မာ့ကျန်းမာရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းမှုကော်မတီ (၈)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇**

မြန်မာ့ကျန်းမာရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းမှုကော်မတီ (၈)ကြိမ်မြောက်အစည်းအဝေး [Myanmar Health Sector Coordinating Committee (M.HSCC) 8th Meeting of M.HSCC]ကို အောက်တိုဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် လာမည့် ခြောက်လအတွက် ဆောင်ရွက်မည့် ကျန်းမာရေးစီမံချက်နှင့် လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ညွှန်ကြားထားသည့်အတိုင်း ပြည်သူလူထုအတွက် ထိရောက်၍ ထင်သာမြင်သာရှိသော လုပ်ငန်းများကို ပိုမိုဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံများ၏ လုပ်ဆောင်မှုအညွှန်းကိန်းများသည် ၁၉၉၄ တွင် နောက်ဆုံး သုံးသပ်ထားသည်ဖြစ်၍ ယခုအခါ ခေတ်နှင့်တစ်ပြေးညီဖြစ်စေရန် လုပ်ဆောင်လျက်ရှိပါကြောင်း၊ ကျန်းမာရေးသတင်းအချက်အလက်များ စိစစ်သုံးသပ်ရေးအဖွဲ့တစ်ခုကို သီးခြားဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံလူထုကျန်းမာရေးစစ်တမ်းတွေ့ရှိချက်အစီရင်ခံစာ အပြည့်အစုံကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ဝေမည်ဖြစ်ကြောင်း။

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများတွင်လည်း နည်းပညာပိုင်း၊ နယ်မြေပထဝီပိုင်းတို့တွင် ထပ်တူဖြစ်နေခြင်းကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မည့် ကြီးကြပ်ဆန်းစစ်မှု လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ ကျန်းမာရေးစောင့်ရှောက်မှုတွင် လိုက်နာရမည့်ကိစ္စရပ်များ၊ ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာလျှော့ချရေးကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကင်ဆာရောဂါကာကွယ်ထိန်းချုပ်ရေးမဟာဗျူဟာချမှတ်ကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေးဆွဲလျက်ရှိသော အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၆ -၂၀၂၁)နှင့်ပတ်သက်၍ အကြံဉာဏ်များပေးကာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြီးခဲ့သော(၇)ကြိမ်မြောက် အစည်းအဝေးမှတ်တမ်းအား အတည်ပြုခြင်းကို ဆောင်ရွက်သည်။ ဆက်လက်ပြီး ကော်မတီဒုတိယဥက္ကဋ္ဌအဖြစ် ပါမောက္ခ ဒေါက်တာရဲမြအား ရွေးချယ်ခဲ့ကြသည်။

ထို့နောက် Update on National Health Plan ကို လည်းကောင်း၊ Strengthening of Drug Treatment Centres in Myanmar ကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားမည်

**နေပြည်တော် အောက်တိုဘာ ၂၇**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဗီဇာကာပတ္တနမ်မြို့၏ အရှေ့တောင်ဘက် ၁၆၅ မိုင်ခန့်နှင့် မာချီလီပတ္တနမ်မြို့၏ အရှေ့ဘက် မိုင် ၂၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါအားကောင်းသော မုန်တိုင်းငယ်သည် အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားပြီးနောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်သည် မွန်းလွဲ ၁ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု ၁၅ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၅ ဒသမ သုည ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ နှုန်းခန့်ဖြစ်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ **(ကြေးမုံ)**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ တိုင်းရင်းသားလူငယ် ၂၃၆ ဦးအား ဘွဲ့အသီးသီးပေးအပ်နိုင်ခဲ့

သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ရဲထွဋ်

**ရန်ကုန် အောက်တိုဘာ ၂၇**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၏ (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါ ကောလိပ် ဘွဲ့နှင်းသဘင်ဆောင်၌ ကျင်းပသည်။

ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး ဝိဇ္ဇာဘွဲ့ရကျောင်းသား ၃၈ ဦးနှင့် သိပ္ပံဘွဲ့ရကျောင်းသား ၁၉၈ ဦး စုစုပေါင်း ၂၃၆ ဦးတို့အား ဘွဲ့များအပ်နှင်းခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)မှ ကျောင်းအုပ်ကြီးနှင့် စီမံခန့်ခွဲရေးအဖွဲ့၊ ပညာရေးအဖွဲ့တို့မှ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဘွဲ့ရကျောင်းသားများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဘွဲ့များရယူခဲ့သည့် ဘွဲ့ရကျောင်းသားအချို့နှင့် ကျောင်းသားမိဘများ၏ ခံစားချက်များကို တွေ့ဆုံမေးမြန်းခဲ့ရာ-



ဦးစိုးဝင်းလွင်



မောင်ဟောင်ရှင်းအောင်



ဦးမြင့်ဦး

**ဦးစိုးဝင်းလွင်**
**(အင်းသား၊ အင်းလေး၊ နန့်ပန်ရွာ)**

ကျွန်တော့်သားက သိပ္ပံဘွဲ့ရတယ်။ နာမည်က ကောင်းဝေယံထက်ပါ။ အင်းလေးပရဟိတကျောင်းအုပ်ဆရာ ဦးသက်ထွန်းကနေ အကြံဉာဏ်ပေးပြီး စီစဉ်ပေးတာ။ အလုပ်လည်း ကျောင်းပြီးတာနဲ့ အစိုးရက စီစဉ်ပေးမယ်။ ဘယ်မှာရမလဲတော့ မသိဘူး။ ဒီ ကျောင်းတက်ဖို့အတွက် နယ်စပ်ဒေသက ပြည်သူဖြစ်ရမယ်။ မြို့ပေါ်က ပိုက်ဆံရှိသူဆို ပြန်စိစစ်တယ်။ ဆင်းရဲတဲ့ လက်လုပ်လက်စားကို စိစစ်ပြီး ဦးစားပေးတဲ့သဘောပေ့ါ။ ကုန်ကျစရိတ်မရှိဘူး။ ကလေးအသုံးစရိတ်လောက်ပဲ။ ကျန်တာအားလုံးက အခမဲ့ပါ။ ကောင်းပါတယ်။ ကလေးရဲ့ အခြေခံပညာရေးလည်း ကောင်းသွားတယ်။ ဒီကျောင်းကို ကျေးဇူးလည်းတင်ပါတယ်။ ဇာတိက အင်းလေး နန့်ပန်ရွာပါ။ အလုပ်ကတော့ ညောင်ရွှေမှာ စက်လှေမောင်းတာ။

မငြိမ်းချမ်းတဲ့ ဒေသတွေအတွက်လည်း ကိုယ်ချင်းစာမိတယ်။ ကိုယ်တွေကျတော့ ငြိမ်းငြိမ်းချမ်းချမ်း မိသားစု စုံစုံညီညီနဲ့ ကျောင်းဆိုလည်း အေးအေးချမ်းချမ်း တက်ရတယ်။ နယ်မြေတိုင်းမှာ အေးချမ်းစေချင်တယ်။ အမုန်းတရားတွေလည်း ရင်ထဲက ပပျောက်စေချင်တယ်။ ပညာရေးလည်း ကောင်းကောင်းသင်စေချင်တယ်။ နိုင်ငံသားချင်းအတူတူ တန်းတူအခွင့်အရေး ရစေချင်တယ်။ အားလုံးကိုငြိမ်းချမ်းစေချင်တဲ့ ဆန္ဒရှိတယ်။ အခုလက်ရှိ လူတွေက မငြိမ်းချမ်းမှုကို စခဲ့တာမဟုတ်ဘူး။ လူတစ်ဦးတစ်ယောက်ချင်း၊ အဖွဲ့အစည်းတစ်ခုချင်းစီရဲ့ အတွေးအခေါ်က စခဲ့တာပါ။ ဒါပေမယ့် ခံစားနေရတာက လက်ရှိ လူငယ်တွေနဲ့ ပြည်သူတွေ ခံစားနေရတယ်။ ရှမ်းပြည်တောင်ပိုင်းက အေးချမ်းတယ်။ ခရီးသွားလုပ်ငန်းလည်း ဖွံ့ဖြိုးတယ်။ အလုပ်အကိုင်လည်း အရှားကြီးမဟုတ်ဘူး။

**မောင်ဟောင်ရှင်းအောင်**
**(သိပ္ပံဘွဲ့ရကျောင်းသား၊ချင်းပြည်နယ် မင်းတပ်မြို့)**

အလယ်တန်းကျောင်းသားဘဝထဲက လူငယ်သင်တန်းကျောင်းမှာ နေရတယ်။ လူငယ်သင်တန်းကျောင်းက ၁၀ တန်းအောင်တော့ ဒီကိုရောက်ပါတယ်။ ကျွန်တော်ကျောင်းပြီးတာ သိပ္ပံနဲ့ပါ။ အလုပ်ကျတော့ ဌာနက ခွဲပေးတဲ့နေရာမှာ တာဝန်ထမ်းဆောင်ရပါတယ်။ အလုပ်တန်းရတယ်။ ကျောင်းတက်တဲ့အချိန်မှာလည်း နေတာ၊ စားတာနဲ့ ကျောင်းဝတ်စုံကအစ ဒီကထုတ်ပေးပါတယ်။ ကိုယ်သုံးတဲ့စရိတ်အပြင် အဝတ်အစားအတွက်လောက်ပဲ အိမ်ကပေးတာ။ ဘယ်ဌာနမှာ တာဝန်ကျမလဲတော့ မသိဘူး။ ကျွန်တော်တို့ ချင်းပြည်နယ်အတွက် အဓိက လိုနေတာကတော့ လမ်းပန်းဆက်သွယ်ရေးနဲ့ ပညာရေးပါ။ အဲဒီနှစ်ချက်က အရေးတကြီး လိုအပ်ပါတယ်။ နယ်မြေမအေးချမ်းတဲ့ နေရာတွေလည်း အေးချမ်းစေချင်တယ်။ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးအားလုံး ကောင်းစေချင်တယ်။

**ဦးမြင့်ဦး**
**(တောင်သူ၊ ဗန်းမောက်မြို့နယ်၊ သဲကုန်းကျေးရွာ)**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် သဲကုန်းကျေးရွာကပါ။ ရှမ်းနီလူမျိုးပါ။ တောင်သူ အလုပ်လုပ်တယ်။ ကျွန်တော်တို့က မဖွံ့ဖြိုးတဲ့ ဒေသကလာတာဆိုတော့ သားကို မြေတောင်မြှောက်ပေးတဲ့သဘောပါ။ ကျွန်တော်တို့က နယ်စပ်ဒေသကဆိုတော့ သား ၁၀ တန်းအောင်တော့ ဝင်ခွင့်တွေ အမျိုးမျိုးလျှောက်တယ်။ ဘာတွေလဲတော့ ကျွန်တော် မသိဘူး။ နောက်မှ သားက ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ကို တက်ခွင့်ရတယ်ဆိုတော့ ဝမ်းသာတာပေ့ါ။ အင်ဂျင်နီယာ (E.P)နဲ့ ဘွဲ့ရပါတယ်။ လေးနှစ်တက်ရတယ်။ ဘွဲ့ရပြီးတာနဲ့ အစိုးရအလုပ်တန်းရတယ်။ ကျွန်တော်တို့က တိုင်းရင်းသားလူမျိုးချင်းအတူတူဆိုတော့ ငြိမ်းချမ်းရေးကို လိုချင်တာပေ့ါ။ ကျွန်တော်တို့ဆီမှာ စစ်ဘေးရှောင်စခန်းတွေ မရှိဘူးဆိုပေမယ့် ငြိမ်းချမ်းရေးရစေချင်တယ်။ ။

# မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်းနည်းပညာသင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၇**

စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲလက်အောက်ရှိ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မြန်မာ့ဆန်စပါးသုတေသနဌာန၌ အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်းနည်းပညာသင်တန်းကို ဖွင့်လှစ်ရာ မျိုးစေ့ဌာနခွဲ ညွှန်ကြားရေးမှူးကိုယ်စား မြန်မာ့ဆန်စပါး သုတေသနဌာန တာဝန်ခံဒုတိယညွှန်ကြားရေးမှူး ဦးအေးချစ်က အဖွင့်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသည် ကော်ဖီ-ရာသီသီးနှံဌာနခွဲ၊ မျိုးစေ့ဌာနခွဲနှင့် စိုက်ပျိုးရေးပညာပေးဌာနခွဲ အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကို သီးနှံမျိုးစေ့စိုက်ပျိုးထုတ်လုပ်မှုနည်းပညာအပေါ် လုပ်ငန်းကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြင့်မားရေးအတွက် အခြေခံကွင်းဆင်းစစ်ဆေးခြင်းနည်းပညာများကိုလည်း အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိ စာတွေ့၊ လက်တွေ့ဖြင့် သင်တန်းသား သင်တန်းသူ ၆၀ ကို သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# အင်တာနက်လိုင်းများတွင် 4G နည်းပညာအသုံးပြုနိုင်သည့် ဝန်ဆောင်မှုပေးရန်စီစဉ်

**နေပြည်တော် အောက်တိုဘာ ၂၇**

သိသာမြန်ဆန်ပြီး ဈေးနှုန်းသက်သာသည့် မြန်နှုန်းမြင့်အင်တာနက်လိုင်းများကို ဝန်ဆောင်မှုပေးနိုင်ရန်နှင့် နိုင်ငံတော်မှ အခွန်အခများပိုမိုရရှိစေရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယခုနှစ် အောက်တိုဘာလတွင် ဈေးပြိုင်စနစ်ဖြင့် လေလံခေါ်ယူခဲ့ကြောင်း သိရသည်။

ထိုသို့ဈေးပြိုင်စနစ်ဖြင့် လေလံခေါ်ယူရာတွင်လည်း မျှတမှုဖြစ်စေရေးနှင့် မလိုလားအပ်သောဈေးကစားမှုများကို ရှောင်ရှားနိုင်ရန်အတွက် နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသော Simultaneous Multi Rounds Auction(SMRA) လေလံစနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းစဉ်အဆင့်အလိုက် မှန်ကန်စေရေးနှင့် စိစစ်စောင့်ကြည့်ရေးတို့အတွက်လည်း ကမ္ဘာ့ဘဏ်အထောက်အပံ့ဖြင့် ကနေဒါနိုင်ငံမှ နိုင်ငံတကာအတွေ့အကြုံရှိ Nordicity အကြံပေးအဖွဲ့နှင့် မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ထားသည့် နိုင်ငံတကာဆိုင်ရာဥပဒေအကြံပေးအဖွဲ့အစည်းဖြစ်သည့် DFDL တို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လေလံပွဲကို အောက်တိုဘာ ၁၇၊ ၁၈ နှင့် ၁၉ ရက်တို့တွင် နေပြည်တော် The Hotel Royal ACE ၌ ဈေးနှုန်းယှဉ်ပြိုင်မှုအကြိမ်အရေအတွက် ၃၂ ကြိမ်ဖြင့် အောင်မြင်စွာကျင်းပခဲ့သည်။ စိတ်ပါဝင်စားသည့် ကုမ္ပဏီ ၂၀ ရှိခဲ့ပြီး ဆန်ခါတင်စာရင်းဝင်ကုမ္ပဏီကိုးခုကို ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ရာ လေလံအောင်မြင်ခဲ့သော အမရဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီသည် လိုင်စင်ကြေးအဖြစ် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၂၀ ကျော်ကို နိုင်ငံတော်အစိုးရသို့ ပေးသွင်းသွားမည်ဖြစ်၍ လေလံအောင်မြင်ထားသည့် ကုမ္ပဏီများအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်သည်။

"နောက်ဆုံးပေါ်နည်းပညာ LTE-4G အင်တာနက်လိုင်းတွေကို အများပြည်သူထံကို ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် အရည်အသွေးမြင့် စက်ပစ္စည်းတွေကို ဝယ်ယူတပ်ဆင်ပြီး ရင်းနှီးမြှုပ်နှံကာ ဝန်ဆောင်မှုပေးသွားမှာဖြစ်ပါတယ်။ ကွန်ရက်တည်ဆောက်ရာမှာလည်း စနစ်တကျရှိစေရေးနဲ့ အရည်အသွေးမြင့်မားစေရေးကို အလေးထားမှာဖြစ်လို့ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်တွေနဲ့ ပြည်တွင်းကျွမ်းကျင်ပညာရှင်တွေ ပူးပေါင်းဆောင်ရွက်မှာပါ။ ရန်ကုန်၊ မန္တလေး အပါအဝင် မြို့အများစုမှာ သိသာမြန်ဆန်ပြီး ဈေးနှုန်းသက်သာတဲ့ LTE-4G အင်တာနက်လိုင်းတွေကို ဝန်ဆောင်မှုပေးသွားမှာပါ။ လူငယ်တွေလည်း အလုပ်အကိုင်အခွင့်အလမ်းအသစ်တွေ ဖန်တီးပေးသွားမှာဖြစ်ပါတယ်"ဟု အမရဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီအမှုဆောင်အရာရှိချုပ် ဒေါ်အေးမြမြကြည်က ပြောသည်။



ဒေါ်အေးမြမြကြည်

**(နိုင်လင်းကြည်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးတို့ ကွမ်နင်းပြည်နယ် ပြည်သူ့ကော်မတီဥက္ကဋ္ဌ မစ္စတာ Nguyen Duc Long တည့်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြစဉ်။(သတင်း-ရွှေဖုံး) (သတင်းစဉ်)

**✱ ကျောဖုံးမှ**

အခမ်းအနားအပြီးတွင် သံဃာတော်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ)မိသားစုများ၏ ဆဋ္ဌမအကြိမ် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားတွင် ရုံး၌ာနအသီးသီးမှ ပဒေသာပင်စုစုပေါင်း ၈၁ ခု၊ တန်ဖိုးငွေကျပ် ၆၈၁ သိန်းကျော် ပါဝင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# "အေးချမ်းသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၇**

၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"အေးချမ်းသာယာပြည်မြန်မာ"**ဟူသော ခေါင်းစဉ်ဖြင့် စီစဉ်ကျင်းပရာ ပြိုင်ပွဲသို့ မြန်မာနိုင်ငံ အနှံ့အပြားမှ ဓာတ်ပုံပညာရှင် ၃၂၀ က ပြိုင်ပွဲဝင်ဓာတ်ပုံ ၁၂၂၈ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး **ပထမဆု** ဇော်မော်ဦး၊ **ဒုတိယဆု** ပြည်စိုးထွန်း(ပန်းချီ)၊ **တတိယဆု** ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)တို့က ရရှိခဲ့ကြသည်။ **အထူးဆုများအဖြစ်** ပြည်စိုးထွန်း(ပန်းချီ)၊ သန့်ဇော်ဦး၊ ခိုင်ဇာမွန်၊ ဇော်ဇော်ထွန်း၊ ကျော်ကျော်ဝင်း(သမဝါယမတက္ကသိုလ်)တို့က အသီးသီးရရှိကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❍ မြန်မာသီလဝါမှ**

အစုရှယ်ယာတစ်စု ဈေးနှုန်းမှာ ပြောင်းလဲမှုမရှိဘဲ ကျပ် ၉၀၀၀ ဖြင့် ဈေးပိတ်ခဲ့သည်။

မြန်မာသီလဝါ အများပိုင်ကုမ္ပဏီ၏ အစုရှယ်ယာ ဈေးနှုန်းသည် အောက်တိုဘာ ၂၄ ရက်တွင် ကျပ် ၄၈၀၀၀ ရှိခဲ့ရာမှ အောက်တိုဘာ ၂၇ ရက်တွင် ကျပ် ၅၂၀၀၀ အထိ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ယနေ့တစ်နေ့တာ ရှယ်ယာအရောင်းအဝယ်ဖြစ်ခဲ့မှုတွင်လည်း မြန်မာသီလဝါကုမ္ပဏီ၏ အစုရှယ်ယာပေါင်း ၆၄၅၅ အရောင်းအဝယ်ဖြစ်ခဲ့ပြီး FMI ကုမ္ပဏီမှာ ၁၆၀၁ ခု၊ မြန်မာနိုင်ငံသားများဘဏ်မှာ အစုရှယ်ယာ ၆၅၅ အရောင်းအဝယ်ဖြစ်ခဲ့သည်။

"ဒီရက်ပိုင်း သီလဝါရဲ့ ရှယ်ယာဈေးနှုန်း ပြန်တက်လာတယ်။ ရှယ်ယာခွဲခြမ်းလိုက်တဲ့အတွက်ကြောင့် ရှယ်ယာတစ်စု ပိုင်ထားတဲ့သူဟာ ၁၀ စု ပိုင်သွားမယ့်သဘောလည်း ဖြစ်တယ်။ နောက်ပြီး သီလဝါစီမံကိန်း ထပ်လက်မှတ်ထိုးလိုက်တဲ့အတွက် ပြန်စိတ်ဝင်စားလာကြတယ်"ဟု လုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

မြန်မာသီလဝါ အများပိုင်ကုမ္ပဏီသည် အစုရှယ်ယာရှင်များ၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ရှယ်ယာခွဲခြမ်းခြင်း ဆောင်ရွက်ရန် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၃၇ ကို ကျင့်သုံးလျက် ကုမ္ပဏီမှ ထိန်းသိမ်းထားသော အစုရှယ်ယာ မှတ်ပုံတင်စာရင်း (Member of Register) ၏ အထူးစာရင်းရှိ အစုရှယ်ယာလွှဲပြောင်းခြင်းအား ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ခေတ္တပိတ်ထားမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ရန်ကုန်စတော့အိတ်ချိန်းတွင် အရောင်းအဝယ်ပြုခြင်း၊ အရောင်းအဝယ်မဟုတ်သော လွှဲပြောင်းခြင်း(Non-exchange transaction transfer) များကို ရပ်ဆိုင်းထားမည်ဟု အောက်တိုဘာ ၂၄ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ နိုဝင်ဘာ ၄ ရက်မှစ၍ ရန်ကုန်စတော့အိတ်ချိန်းတွင် ကုမ္ပဏီ၏ အစုရှယ်ယာ ရောင်းဝယ်မှုများကို ရှယ်ယာခွဲခြမ်းပြီးသော အခြေအနေနှင့် ပြန်လည်စတင်မည်ဟု သိရသည်။

ယင်းသို့ ရှယ်ယာခွဲခြမ်းပြီးနောက် အဆိုပါကုမ္ပဏီ၏ အစုရှယ်ယာစုစုပေါင်းမှာ ၃၈၉၂၉၁၅ စုမှ ၃၈၉၂၉၁၅၀ စုသို့လည်းကောင်း၊ အစုရှယ်ယာတစ်စုချင်း၏ မူရင်းသတ်မှတ်တန်ဖိုးမှာလည်း ကျပ် ၁၀၀၀၀ မှ ကျပ် ၁၀၀၀ သို့လည်းကောင်း ပြောင်းလဲသွားမည်ဖြစ်သည်။ အောက်တိုဘာ ၂၈ ရက်အထိ အစုရှယ်ယာဝယ်ယူသူ (သို့မဟုတ်) ပိုင်ဆိုင်သူ အစုရှယ်ယာရှင်များသည် နိုဝင်ဘာ ၄ ရက်မှစ၍ အစုရှယ်ယာ တစ်စုချင်းစီအတွက် ခွဲခြမ်းစိတ်ဖြာပြီး အစုရှယ်ယာ ဆယ်စုပိုင်ဆိုင်မည်ဖြစ်ရာ ယခုရက်ပိုင်းအတွင်း ရန်ကုန်စတော့အိတ်ချိန်းတွင် သီလဝါကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းပြန်လည်မြင့်တက်လာကာ အရောင်းအဝယ် ပြန်လည်မြင့်တက်လာခဲ့သည်။ ကျန်ကုမ္ပဏီနှစ်ခု၏ ဈေးနှုန်းမှာ ကြီးမားစွာ ပြောင်းလဲခြင်းမရှိကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ အချက်အလက်များအရ သိရသည်။ **(၀၀၁)**

**✱ လာမည့်လမှ**

(၁၂)ရက်မြောက်နေ့တွင်ပြောကြားခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် သတ်မှတ်ချိန်ထက်ဆောလျင်၍ မြို့တွင်းသို့ဝင်ရောက်လာသော ယာဉ်များအား မြို့အဝင်ဂိတ်များမှတစ်ဆင့် ကွန်တိန်နာယာဉ်များ၏ အချိန်နှင့်စာရင်းကို မှတ်တမ်းတင်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ထို့အပြင် မြို့တွင်းဧရိယာများတွင်လည်း ကွန်တိန်နာများ အများဆုံးဖြတ်သန်းသွားလာလေ့ရှိသည့် လမ်းမကြီးများပေါ်၌ ယာဉ်ကြောရှင်းလင်းရေး (ရွေ့လျား)အဖွဲ့ ၂၂ ဖွဲ့တို့ဖြင့် စစ်ဆေးကြပ်မတ်သွားမည်ဖြစ်သည့်အပြင် သက်ဆိုင်ရာအဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့်လည်း စောင့်ကြည့်စစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ရာ စည်းကမ်းဖောက်ဖျက်မှုကို တွေ့ရှိပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်) တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောသည်။

"အရင်တုန်းက ကွန်တိန်နာတွေသွားလာဖို့ တချို့နေရာတွေကို လမ်းကြောင်းသတ်မှတ်ပြီး ယာယီခွင့်ပြုထားတဲ့ သဘောပဲရှိပါတယ်။ ယာဉ်စည်းကမ်းအရ တရားဝင်ခွင့်ပြုထားတာမရှိပါဘူး။ လက်ရှိမှာတော့ အသိပေးထားပါတယ်။ စီမံချက်ကာလ ရောက်ရင်တော့ သတ်မှတ်ချိန် မဟုတ်ဘဲ ဝင်ရောက်လာတဲ့ ကုန်သေတ္တာယာဉ်တွေနဲ့ ပတ်သက်လို့ ထိထိရောက်ရောက် အရေးယူသွားမယ်။ ဒဏ်ငွေဆိုရင်လည်း ထိရောက်တဲ့ ဒဏ်ငွေမျိုးဖြစ်အောင် ပထမ၊ ဒုတိယ၊ တတိယ အကြိမ်ဆိုပြီး အဆင့်ဆင့်တိုးပြီး ရိုက်သွားမယ်"ဟု ဒုတိယရဲမှူးကြီး အောင်ကိုဦးက ဆိုသည်။

ယခင်က တောင်ဥက္ကလာပ စက်မှုဇုန်သို့ ဝင်ရောက်မည့် ကွန်တိန်နာ ယာဉ်များအား ယာဉ်လမ်းကြောင်းသတ်မှတ်၍ ယာယီခွင့်ပြုထားသော်လည်း ရုံးချိန်၊ကျောင်းချိန်ဖြစ်သော နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဝင်ရောက်ခွင့်မပြုခဲ့ကြောင်း၊ ပုဇွန်တောင်မြို့နယ် စက်ဆန်းဂိုဒေါင်သိုလှောင်ရုံများသို့ ဝင်ရောက်မည့်ယာဉ်များအား ည ၇ နာရီခွဲမှ နံနက် ၅ နာရီခွဲ အထိသာ စနစ်တကျဝင်ရောက်ရန် ယာယီခွင့်ပြုခဲ့ကြောင်း၊ လုပ်ငန်းလိုအပ်ချက်အရ မဖြစ်မနေသွားလာရမည့် လမ်းကြောင်းများရှိပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုထောက်ခံချက်ဖြင့်သာ သွားလာခွင့်ပြုခဲ့ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)မှ သိရသည်။

ရန်ကုန်မြို့တွင်း ဧရိယာများ၌ ယာဉ်ကြောကျပ်တည်းမှုဖြစ်ပေါ်နေရခြင်းမှာ ယာဉ်စည်းကမ်းလိုက်နာမှု အားနည်းခြင်းနှင့် ကွန်တိန်နာယာဉ်ကြီးများ အများစု ဝင်ထွက်သွားလာနေမှုကြောင့် ဖြစ်ကြောင်း၊ ကွန်တိန်နာယာဉ် အများစုမှာလည်း စည်းကမ်းမဲ့ယာဉ်ရပ်နားမှုများဖြင့် အရေးယူခံရလေ့ရှိကြောင်း၊ မြို့တွင်းဧရိယာ အတွင်း၌ ဖြတ်သန်းသွားလာနေသော ကွန်တိန်နာယာဉ်များမှာလည်း စက်မှုဆိပ်ကမ်းများနှင့် စက်မှုဇုန်များသို့သွားရောက်သည့် ယာဉ်များဖြစ်ကြောင်း၊ ၎င်းယာဉ်များသည် အောက်မင်္ဂလာဒုံလမ်း၊ အမှတ်(၁၊ ၂၊ ၃၊ ၄)လမ်းမကြီးတို့မှတစ်ဆင့်မြို့တွင်းသို့ ဝင်ရောက်လျက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်ဖြစ်သည့် ကမ်းနားလမ်း၊ ဘုရင့်နောင်လမ်းတို့တွင် ယာဉ်ကြောကျပ်တည်းမှုကို အများဆုံးရင်ဆိုင်နေရကြောင်း၊ ထိုသို့ အချိန်ကန့်သတ်ထိန်းချုပ်လိုက်ခြင်းဖြင့် ယာဉ်ကြောကျပ်တည်းမှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် များစွာအထောက်အကူပြုကြောင်း ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်သေတ္တာယာဉ်များအသင်းတွင် တရားဝင်မှတ်ပုံတင်ထားသော ကုန်သေတ္တာယာဉ် အစီး ၁၈၀၀ ခန့်ရှိပြီး တိုင်းဒေသကြီး အတွင်း၌ (Online Complaint Centre) ကို စတင်ဆောင်ရွက်ခဲ့သည့် ၂၀၁၅ ခုနှစ် ဩဂုတ်လမှ ယခုနှစ် အောက်တိုဘာ ၂၆ ရက်အထိ စည်းကမ်းမဲ့ယာဉ်များကို ပြည်သူများက တိုင်ကြားလာမှုအရ ကုန်တင်ယာဉ် ၄၆၉ စီး၊ ခရီးသည်တင်ယာဉ် ၂၅၁၁ စီး ၊ အငှားယာဉ် ၄၃၉၂ စီး၊ ကိုယ်ပိုင်ယာဉ် ၅၄၈၁ စီးတို့ကို အရေးယူထားကြောင်း သိရသည်။ **ဇော်ကြီး(ပဏိတ)**

# မလေးရှားနိုင်ငံမှ မြန်မာအလုပ်သမား ၁၂၇ ဦးအား (၁၃) ကြိမ်မြောက် MAI လေယာဉ်ဖြင့် ပြန်လည်ခေါ်ယူ

**နေပြည်တော် အောက်တိုဘာ ၂၇**

မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း (၁၁) ခုတွင် ဖမ်းဆီးထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသားများအနက် C of I ရရှိပြီး မြန်မာနိုင်ငံသား ၁၂၇ ဦးနှင့် ရင်ခွင်ပိုက် ကလေးတစ်ဦးတို့သည် ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ လှူဒါန်းမှုအရ မလေးရှားနိုင်ငံ ကွာလာလမ်ပူ လေဆိပ်မှ မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်း MAI လေယာဉ်ဖြင့် အောက်တိုဘာ ၂၇ ရက် နံနက် ၁၂ နာရီ မိနစ်၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ပြန်လည် ရောက်ရှိလာသည့် အလုပ်သမားများအား ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက အလုပ်သမားတစ်ဦးလျှင် ကျပ်တစ်သိန်းစီနှင့် တီရှပ်၊ ဦးထုပ်တို့ကို ထောက်ပံ့ကူညီပေးခဲ့ပြီး နေရပ်သို့ ချက်ချင်းပြန်နိုင်ခြင်းမရှိသူများအား ရန်ကုန်မြို့ ဗဟန်းမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဓမ္မာရုံ၌ နေရာချထားပေးကာ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့သည်။

မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်း ၁၁ ခုမှ C of I ဖြင့် ပြန်လာသည့် အလုပ်သမားများအား နိုင်ငံတော်အစီအစဉ်ဖြင့် ဩဂုတ် ၈ ရက်မှစ၍ ပြန်လည်ခေါ်ယူလျက်ရှိရာ ယခုအကြိမ်အထိ အလုပ်သမားစုစုပေါင်း ၁၇၆၈ ဦးနှင့် ရင်ခွင်ပိုက်ကလေး ခုနစ်ဦးတို့ကို ပြန်လည်ခေါ်ယူပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အင်းစိန်မြို့နယ်၌ ကသွယ်ချောင်းကူး တံတားဆောက်လုပ်မည်

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကမ်းနားအလယ်နှင့် ရွာမအနောက်ရပ်ကွက် နှစ်ရပ်ကွက်အကြား ဖြတ်သန်းစီးဆင်းလျက်ရှိသော ပန်းခြံစု အရှေ့လမ်းရှိ ကသွယ်ချောင်းကူးတံတား ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းခြင်းနှင့် ပန္နက်တင်မင်္ဂလာစိုက်ထူခြင်း အခမ်းအနားကိုအောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီတွင် ကမ်းနားအလယ်ရပ်ကွက် လှိုင်မြစ်လမ်းရှိ ရွှေအုတ်ခဲဆောက်လုပ်ရေးကုမ္ပဏီရုံးခန်းနှင့် တံတားတည်ဆောက်မည့် ပန်းခြံစု အရှေ့လမ်း ကသွယ်ချောင်းကူးတံတားမင်္ဂလာမဏ္ဍပ်တို့၌ ကျင်းပသည်။

ရှေးဦးစွာ အင်းစိန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက အမှာစကားပြောကြားပြီး မန်နေဂျင်းဒါရိုက်တာ ဦးလင်းအောင်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြကာ ၎င်းကရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဟန်မင်းနိုင်အား တံတားဆောက်လုပ်ရန် ကုန်ကျငွေကျပ် ၈၃ သိန်းအား ပေးအပ်လှူဒါန်းသည်။

ယင်းတံတားကို ဒီဇင်ဘာလကုန်အပြီး တည်ဆောက်မည်ဖြစ်၍ ရပ်ကွက်နှစ်ခု ဆက်သွယ်သည့် ကသွယ်ချောင်းပေါ်တွင် အရှည် ၂၈ ပေ၊ အကျယ် ၁၅ ပေ၊ အနက် ၁၀ပေ၊ တံတားနှင့် ရေလမ်းကင်းလွတ် ၅ ပေနှင့် အရှည်၂၈ ပေ၊ အမြင့် ၅ ပေ နှစ်ဖက်လက်ရန်းပါရှိပြီး သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်သွားမည်ဖြစ်သည်။ယင်းနောက် ပန်းခြံစုအရှေ့လမ်း ကသွယ်ချောင်းကူးတံတားမင်္ဂလာမဏ္ဍပ်၌ နံနက် ၉ နာရီတွင် မန်နေဂျင်း ဒါရိုက်တာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ပြည်သူများက ပန္နက်တင်စိုက်ထူပေးခဲ့ကြကြောင်း သိရသည်။**ညက်ဟိန်း(အင်းစိန်)**

# အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများက ပေးပို့လှူဒါန်းသည့် ပစ္စည်းများအား တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ ပို့ဆောင်

**နေပြည်တော် အောက်တိုဘာ ၂၇**
ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များအတွင်းရှိ ဒေသခံပြည်သူများ၊ နယ်မြေလုံခြုံရေး တာဝန်များ ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအတွက် အနယ်နယ်အရပ်ရပ်မှ ပြည်သူများက စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ အဆိုပါပစ္စည်းများအနက်မှ စားသောက်ကုန် ၆ တန်နှင့် လူသုံးကုန် သုည ဒသမ ၅ တန် စုစုပေါင်း ၆ ဒသမ ၅ တန်အား ယနေ့နံနက် ၈ နာရီတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ စစ်တွေမြို့သို့ လေယာဉ်ဖြင့် ပို့ဆောင်ပေးသည်။

အဆိုပါလှူဒါန်းပစ္စည်းများအား လေယာဉ်ပေါ်သို့ တပ်မတော်သားများက တင်ဆောင်ပေးနေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။

လှူဒါန်းပစ္စည်းများ တင်ဆောင်ထွက်ခွာသွားသော တပ်မတော်လေယာဉ်သည် စစ်တွေလေဆိပ်သို့ နံနက် ၉ နာရီ ၅ မိနစ်တွင်ရောက်ရှိရာ တာဝန်ရှိသူများက လက်ခံခဲ့ပြီး ၎င်းလှူဒါန်းပစ္စည်းများအား ဘူးသီးတောင်မြို့နှင့် မောင်တောမြို့များရှိ ဒေသခံပြည်သူများ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များထံသို့ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်

" လေဖြတ်သူတို့ဘဝ ကောင်းမွန်ဖို့ တိကျမြန်ဆန် ကုသစို့ "

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန



# ဇီကာရောဂါဖြစ်ပွားနေသည့် နိုင်ငံခြားသူတစ်ဦး ရန်ကုန်မြို့၌ တွေ့ရှိသဖြင့် ကာကွယ်ထိန်းချုပ် နှိမ်နင်းရေးလုပ်ငန်းများ အထူးအလေးထားဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ဇီကာရောဂါကာကွယ်ရေးလုပ်ငန်းများအပါအဝင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့၌ ဇီကာရောဂါဖြစ်ပွားနေသည့် နိုင်ငံခြားသူ တစ်ဦးကို ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ပြီးနောက် အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဇီကာရောဂါလက္ခဏာသံသယရှိသူ အသက်(၃၂)နှစ်အရွယ်ရှိ နိုင်ငံခြားသူ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးကို ယနေ့တွင် ရန်ကုန်မြို့နယ်အတွင်း၌ တွေ့ရှိခဲ့သဖြင့် လိုအပ်သော ဓာတ်ခွဲစမ်းသပ်မှုများ ဆောင်ရွက်ခဲ့ရာ ဇီကာရောဂါဖြစ်ပွားလျက်ရှိကြောင်း အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်၍ ဇီကာရောဂါနှင့်ပတ်သက်ပြီး လိုအပ်သော ကာကွယ်ထိန်းချုပ် နှိမ်နင်းရေးလုပ်ငန်းများကို တာဝန်ရှိသူများက အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကနဦး သတင်း ရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်မှုခံခဲ့ရသည့် မောင်တောဒေသကို ရခိုင်ပြည်နယ်လွှတ်တော်က စုံစမ်းရေးကော်မတီဖွဲ့စည်းကာ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်နေ

**စစ်တွေ အောက်တိုဘာ ၂၇**
အကြမ်းဖက်မှုခံခဲ့ရသည့် ရခိုင်ပြည်နယ် မောင်တောဒေသကို ရခိုင်ပြည်နယ်လွှတ်တော်က စုံစမ်းရေးကော်မတီတစ်ရပ် ဖွဲ့စည်းကာ ကွင်းဆင်း စစ်ဆေးမှုများပြုလုပ်နေကြောင်း သိရသည်။

ယင်းစုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ပါတီပေါင်းစုံမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်မှ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်း ၁၁ ဦးဖြင့် ဖွဲ့စည်းလိုက်ခြင်းဖြစ်ကာ ဒေသခံတိုင်းရင်းသားကျေးရွာများ၏ လုံခြုံရေးများနှင့် ယင်းကဲ့သို့ နောက်ထပ် မဖြစ်ပွားရအောင် ကာကွယ်ရေးများ မည်သို့ လုပ်ဆောင်သင့်ကြောင်း၊ လိုအပ်ချက်များကို အစိုးရအား တင်ပြနိုင်ရန်အတွက် ဖွဲ့စည်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

"ခုတော့ လေ့လာစုံစမ်းမှုတွေ လုပ်နေပါတယ်။ အဓိကကတော့ ဒေသခံတွေရဲ့ လုံခြုံရေးနဲ့ နောက်ထပ် ဒီလိုမျိုးတွေမဖြစ်အောင် ဘယ်လိုလုပ်ဆောင်သင့်လဲ။ စုံစမ်းလို့ရတာတွေကို သုံးသပ်ပြီး အစိုးရကို တင်ပြမယ်။ လိုအပ်ချက်တွေကိုလည်း တင်ပြမယ်"ဟု လေ့လာစုံစမ်းရေးအဖွဲ့ခေါင်းဆောင် ဦးအောင်ဝင်းက ပြောသည်။

ယင်းလေ့လာစုံစမ်းရေး အစီရင်ခံစာကို ရခိုင်ပြည်နယ်လွှတ်တော်သို့ နှစ်ပတ်အတွင်း တင်ပြရမည်ဖြစ်သည်။ စုံစမ်းလေ့လာမှုများကို အောက်တိုဘာ ၂၅ ရက်တွင် စတင်လုပ်ဆောင်ခဲ့ပြီး လက်ရှိတွင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် စုံစမ်းမှုများပြုလုပ်ပြီးဖြစ်ကာ ရသေ့တောင်မြို့နယ်ကိုလည်း ဆက်လက် လေ့လာစုံစမ်းမှုများ ပြုလုပ်သွားမည်ဟု သိရသည်။

**နေရောင်မင်း(စစ်တွေ)**

# မောင်တောဒေသအတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများတွင် ပါဝင်ခဲ့သူများနှင့် နတ်မြစ်အတွင်း မသင်္ကာဖွယ်ဘင်္ဂါလီ ငါးဦး ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၇**
ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းသည် ယနေ့ နံနက် ၆ နာရီ ၁၀ မိနစ်ခန့်တွင် ငါးစာကြူးကျေးရွာအတွင်း ဝင်ရောက်ရှင်းလင်းရာ ပြောင်ပိုက်ကျေးရွာအနီး တပ်မတော်စစ်ကြောင်းနှင့် ဖြစ်ပွားခဲ့သော ဖြစ်စဉ်တွင် ပါဝင်ခဲ့သူများဖြစ်သည့် အာကူဟာလောင် (ဘ)မာမွတ်ရှော်ဒီ၊ ခါမားဟူဆေး(ဘ) ဘော်ဒူဇာဟာ၊ အာဘူအာလောင်(ဘ) ဘဆွန်းဘာလီ၊ ဇာရွတ်အာလောင်(ဘ)ချူနာဘာလီ၊ နူရူကာမိုင်(ဘ) ဆော်လီဟူဆောင်း၊ ဟာဘူအူးဆောင်း(ဘ) တဆွန်းဘာလီ၊ ဂျူရာလောင်(ဘ) နော်ဇီရာမောက်နှင့် အာဘူဘော်ရှော(ဘ)နော်ဇီရာမောက် ရှစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီး အမှတ်(၁) နယ်ခြားစောင့်ကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)သို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

အလားတူ တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွင် ပါဝင်ခဲ့သူများအား လိုက်လံဖော်ထုတ်ရှင်းလင်းလျက်ရှိရာ ယနေ့ နံနက် ၇ နာရီတွင် ကျောင်းတောင်ကျေးရွာရှိ အဒူလာ(ဘ) ဆူတာအာမတ်အား ၎င်း၏ နေအိမ်၌လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် ကြက်မောက်တောင် အနောက်ရွာနေ ဆွေတာမောက်(ဘ) ဖေရင်အား ၎င်း၏ နေအိမ်၌လည်းကောင်း အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာရဲစခန်းများသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

ထို့ပြင် ယနေ့ နံနက် ၁ နာရီခန့်တွင် နတ်မြစ်အတွင်း NAVYSEALs အဖွဲ့မှ တိုက်ရေယာဉ်ဖြင့် တိုက်ကင်းတာဝန်ထမ်းဆောင်စဉ် ဦးရှည်ကျချောင်း၏ တောင်ဘက် ကိုက် ၃၀၀ ခန့်အကွာ ချောင်းပေါက်ငယ်အတွင်းမှ နတ်မြစ်ဘက်သို့ လှော်ခတ်လာသော လှေနှစ်စင်းအား တွေ့ရှိသဖြင့် မီးဖြင့် အချက်ပြခေါ်ယူရာ ပြန်လှည့်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ဒီရေတောအတွင်း ပုန်းအောင်းနေသည့် ဘင်္ဂါလီလူမျိုး အဒူဇူဝိုင်း(ဘ) ရှုဇိမ်းနာနှင့် ၎င်း၏ဇနီး နူကနိ(ဘ) နူရူဟာကိန်၊ သမီး ရှူဂျီးနားနှင့် သားနှစ်ဦးဖြစ်သည့် ဝါဟဲမူတိုဖာ၊ မူဟာမက်ဟူပိုက်တို့ ငါးဦးအား ဖမ်းဆီးရမိခဲ့သည်။ အဆိုပါဖမ်းဆီးရမိသည့် မသင်္ကာဖွယ်ရာ ဘင်္ဂါလီလူမျိုးငါးဦးအား အရေးယူဆောင်ရွက်နိုင်ရေးအတွက် မောင်တောမြို့မ ရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



ဖမ်းဆီးရမိသည့် ဘင်္ဂါလီ ငါးဦးအား တွေ့ရစဉ်။ (မသစ/ရသစ)





အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများတွင် ပါဝင်ခဲ့သူများအား ဖမ်းဆီးရမိစဉ်။(မသစ/ရသစ)



## အန္တရာယ်ဖြစ်ပွားနိုင်သည့် ရထားလမ်းရေိယာအတွင်း ဈေးရောင်းချမှုများကို တားမြစ်သင့်

**ရေတာရှည် အောက်တိုဘာ ၂၇**
ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ ရထားတိုက်မိ၍ သေဆုံးမှုများ ဖြစ်ပေါ်လျက်ရှိပြီး ရထားရဲတပ်ဖွဲ့နှင့် မီးရထားတာဝန်ရှိသူများက ပညာပေးဟောပြောခြင်းများ ပြုလုပ်သော်လည်း မြို့အလိုက် စည်ပင်သာယာဈေးများနှင့် ထိစပ်လျက်ရှိသောနေရာများတွင် ရထားလမ်းပေါ်အထိ ဈေးရောင်းချခြင်းများကိုမူ တားမြစ်သင့်ကြောင်း သုံးသပ်ပြောကြားမှုများလည်းရှိနေသည်။ (အပေါ်ပုံ)

"မနက်ခင်းဈေးရောင်းတဲ့အချိန်တွေ မန္တလေး-နေပြည်တော် အမြန်ရထားတွေဖြတ်တဲ့အချိန်ဖြစ်နေတော့ အလွန်အန္တရာယ်များပါတယ်။ သက်ဆိုင်ရာတွေကနေ တားမြစ်ပေးသင့်ပါတယ်"ဟု ခရီးသွားတစ်ဦးက ပြောသည်။ ရထားများက အမြန်နှုန်းမြင့် မောင်းနှင်သည့်အခါ လေအရှိန်ကြောင့် လဲကျနိုင်ကာ အမှုမဲ့ အမှတ်မဲ့ ဖြတ်သန်းသွားလာခြင်းကြောင့် ရထားကြိတ်ခံရမှုများလည်း မကြာခဏ ဖြစ်ပွားလေ့ရှိသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**

# ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်မှ ကျေးရွာကျောင်း ၁၀ ကျောင်းတွင် Mobile Library ဖွင့်လှစ်ပေးထား

ဖျာပုံ အောက်တိုဘာ ၂၇

**အမျိုးသားစာဆို ဆရာဇော်ဂျီအား ဂုဏ်ပြုသောအားဖြင့် ၂၀၀၈ ခုနှစ်မှ စတင်လျက် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် ဖွင့်လှစ်ခဲ့သော ဆရာဇော်ဂျီရာပြည့် စာကြည့်တိုက်မှ ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာ၏ အခြေခံပညာကျောင်းများ၌ အောက်တိုဘာ ၂၆ ရက်က Moblie Library ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။**



"ကျွန်တော်တို့ အရင်ဆုံး ကလေးစာပေ ကာလတန်ဖိုး သိန်း ၂၀ ဖိုးလောက် စာအုပ်တွေ စုဆောင်းပါတယ်။ စာကြည့်တိုက်မှာလည်း ကလေးစာဖတ်ဆောင် သီးခြားဖွင့်လှစ်ထားတယ်။ အခု Moblie Library ထွက်တဲ့အခါ မြို့ပေါ်ကို မရွေးဘဲ စာကြည့်တိုက်ကို နေ့စဉ် မလာနိုင်တဲ့ ကျေးရွာ ၁၀ ရွာကို အရင်လျာထားလိုက်ပါတယ်။ မဖြစ်မနေ လက်ခံပေးရမယ်လို့ ကျောင်းတွေကို ဖိအားမပေးပါဘူး။ လျာထားတဲ့ကျောင်းတွေအရောက် စာကြည့်တိုက် အမှုဆောင်အဖွဲ့ဝင်တွေ ဝန်ထမ်းတွေက အရင်ကွင်းဆင်းပါတယ်။ ကျောင်းတွေက စိတ်ဝင်တစား လက်ခံပြီဆိုမှ အဲဒီကျောင်းက စာကြည့်တိုက်ကို တာဝန်ယူမယ့် ဆရာ ဆရာမထံ စာအုပ်တွေ လက်ရောက်အပ်ပါတယ်။ အဓိက ကလေးတွေ စာဖတ်စေချင်တယ်။ တစ်ကျောင်းကို စာအုပ်တစ်ရာကို တစ်လထားပေးမယ်၊ ပြီးရင် နောက်တစ်ရာ ထပ်လဲပေးဖို့ စီစဉ်ထားပါတယ်"ဟု စာကြည့်တိုက်မှူး ဦးမြင့်အောင်က ပြောသည်။

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်သည် ကလေးငယ်များအတွက် ဩဂုတ်၊ စက်တင်ဘာလများတွင် ဖျာပုံမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သီလရှင်သင်ပညာရေးကျောင်းမှ ကလေးငယ်များအား စာကြည့်တိုက်သို့ ကြိုပို့ယာဉ်ပါစီစဉ်ပေးပြီး စာကြည့်တိုက်သို့ လာရောက်လေ့လာခြင်းနှင့် အတူ စာအုပ်များ ဖတ်ရှုနိုင်ရေးအတွက် စီစဉ်ပေးခဲ့ကြောင်း သိရသည်။ ။

**သူဇာနွယ်(ဖျာပုံ)**

## ရေလမ်းကြောင်းသွားလာနေသည့် ကူးတို့ဆိပ်ကမ်းများသို့ လူပို၊ မတင်ဆောင်ရေးသတိပေး

**ချောင်းဆုံ အောက်တိုဘာ ၂၇**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ် (ဘီလူးကျွန်း)မှ ရေကြောင်းလမ်းခရီးဖြင့် မော်လမြိုင်ဆိပ်ကမ်းများသို့ ပြေးဆွဲနေသည့် ပွဲထောင်ရေယာဉ်များ၊ မော်တော်များ၊ စက်လှေများတွင် ခရီးသွားပြည်သူများ အသက်အန္တရာယ်ကင်းရှင်းစေရေးအတွက် အောက်တိုဘာ ၂၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက သွားရောက်အသိပေးခဲ့ကြောင်း သိရသည်။

နေ့စဉ်ခရီးသွားပြည်သူများက ရေလမ်းကြောင်းသွားလာနေစဉ် အန္တရာယ်မဖြစ်စေရန်နှင့် ပွဲချိတ်၊ ပွဲထောင်များ မောင်းနှင်နေသည့် လှေသမားများကို သတ်မှတ်ခရီးသည်တင်အရေအတွက်သာတင်ဆောင်ရေး၊ ကူးတို့လှေများ ကြံ့ခိုင်မှုရှိရေး၊ အသက်ကယ်အင်္ကျီနှင့် အခြားအသက်ကယ်ပစ္စည်းများ ပြည့်စုံစွာထားရှိ/မရှိ တို့ကို အဓိကထားစစ်ဆေးနေကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအုံးသန့်က ပြောသည်။



ချောင်းဆုံမှ မော်လမြိုင်ဆိပ်သို့ပြေးဆွဲနေသည့် ရေလမ်းကြောင်းကူးတို့ဆိပ်မှာ လေးခုရှိပြီး ကျွန်းသာယာဆိပ်၊ နတ်မှော်ဆိပ်၊ ကညော်၊ ကော့မုပ္ပန်ဆိပ်တို့မှ စက်တပ်ရေယာဉ်များဖြင့် အဓိကထားသွားလာလျက်ရှိရာ လူပေါင်း ၈၀၀၀၀ ခန့် နေ့စဉ်သွားလာလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## Door to Door မဲစာရင်းကောက်ယူရေး ပညာပေးသင်တန်း ညောင်ရွှေမြို့၌ ဖွင့်လှစ်

**ညောင်ရွှေ အောက်တိုဘာ ၂၇**
၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် သက်ဆိုင်ရာ မဲရုံအလိုက် Door to Door စနစ်ဖြင့် မဲစာရင်းကောက်ယူရေး ပညာပေးသင်တန်းကို ယနေ့ နံနက် ၉ နာရီက ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပကြောင်း သိရသည်။

သင်တန်းတွင် တောင်ကြီးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းရွှေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးတို့က အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇော်မြင့်ဝင်းက မဲဆန္ဒရှင်စာရင်းကောက်ယူရာတွင် သက်ဆိုင်ရာ မဲရုံအလိုက် Door to Door စနစ်ဖြင့် မဲစာရင်းများကောက်ယူမည့်အခြေအနေ၊ မဲစာရင်းကောက်ယူရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ကောက်ကွက်စာရင်း ဖြည့်သွင်းမှုပုံစံများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၂ ခုမှ အုပ်ချုပ်ရေးမှူးများနှင့် ကော်မရှင်အဖွဲ့ခွဲများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက် )**

## ပုံပြင်ပြောခြင်းနှင့် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ဆောင်ရွက်ပေး

**နေပြည်တော် အောက်တိုဘာ ၂၇။** ။ မျိုးဆက်သစ်ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအား စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေပြီး အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် ကာယစွမ်းရည်၊ ဉာဏစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းက ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ပုံပြင်ပြောပြခြင်းနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ကာ စာအုပ်၊ စာစောင်များကို ငှားရမ်းပေးခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒက္ခိဏခရိုင်ရုံးမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက ပုံပြင်များ ပြောပြကြပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ ကိုယ်ကာယလေ့ကျင့်ခန်းများကို ပြုလုပ်ပေးကြသည်။ ထို့နောက် အသိပညာပေးနံရံကပ်ပြဘုတ်များပြသခြင်းနှင့် နယ်လှည့်စာကြည့်တိုက် ဆောင်ရွက်ပေးခဲ့ရာ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သုတ၊ရသစာအုပ်၊ စာစောင်များကို စိတ်ဝင်တစားဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော အောက်တိုဘာ ၁၈ ရက်မှ အောက်တိုဘာ ၂၄ ရက်ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း ထုတ်ဝေသည့်တိုက် |
|---|---|---|---|
| ၃၂ | ကလောင်စုံ | ချင်းတွင်း-သင်ဟာငါတို့ရဲ့တစ်တုံးထွန်ယာတစ်ခင်းဖြစ်တယ်ကဗျာများ | ၁၅၀၀ိ/- တမာခါးစာပေ |
| ၃၃ | ဇော်ဂျီ | ပုဂံဈေးနှင့် အခြားဝတ္ထုတိုများ | ၁၀၀၀ိ/- The Key Collection |
| ၃၄ | ကမ္ဘာကျော်(ချောင်းခွ) | အိုဘားမားလိုင်းကားစီးရင်း တရားရှာပါ | ၂၀၀၀ိ/-ဟောရှုဏ္ဏစာပေ |
| ၃၅ | ဦးမျိုး(ဥပဒေ) | ဗမာ့လယ်ယာမြေဥပဒေစစ်တမ်း | ၁၅၀၀ိ/-ရှုတိုင်းယဉ်စာပေ |
| ၃၆ | ချူမာန်(MOTAA) | ကမ္ဘာကျော်ဘီလျံနာသူဌေးကြီးများနှင့် ထိဆုကြီးပေါက်သူများ၏ ဘဝဖြစ်စဉ်နှင့်နက္ခတ္တအမြင် | ၃၅၀၀ိ/-အောင်ဆက်ခိုင်စာပေ |
| ၃၇ | ဦးတင်လှိုင်(မိတ္ထီလာ) | မိတ္ထီလာကန်တော် မဟာမှတ်တမ်း | ၂၀၀၀ိ/- |
| ၃၈ | ဦးတင်လှိုင်(မိတ္ထီလာ) | ဝန်ဇင်းမင်းရာဇာအတ္ထုပ္ပတ္တိ | ၁၀၀၀ိ/- |
| ၃၉ | ချစ်နိုင်(စိတ်ပညာ) | ပြည်သူကိုစိတ်မဆင်းရဲပါစေနှင့်လက်ရွေးစင်ဆောင်းပါးများ | ၂၀၀၀ိ/- အားမာန်သစ်စာပေ |
| ၄၀ | သရက်ဗဟိန်းစိုး | အမှားကို ဝန်မခံကြသူများ (ရသအတွေးစုစည်းမှု) | ၂၅၀၀ိ/-စွယ်တော်စာပေ |
| ၄၁ | တင်မောင်မြင့်(မြန်မာပြန်) | တောင်ပံမဲ့သင်းကွဲတေးဆိုငှက် (To Kill A Mockingbird) | ၅၃၀၀ိ/- ကံကော်ဝတ်ရည်စာပေ |
| ၄၂ | ဇော်လှိုင်(ဗန်းမော်) | ကယ်တင်ခြင်းရဲ့တပ်ရဲ့ဖခင် | ၁၅၀၀ိ/-မျိုးဆက်သစ် |
| ၄၃ | ဇင်မျိုး | စစ်မက်ကမ္ဘာထဲကငြိမ်းချမ်းရေးလုသားကိုဖီအာနန် | ၈၀၀ိ/- စိတ်ကူးချိုချို |
| ၄၄ | မဖြိုးမ | လူငယ်များအတွက်ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ | ၃၀၀၀ိ/- မဖြိုးမစာပေ |
| ၄၅ | | KOFI ANNAN Interventions A Life in war and Peace | ၄၀၀၀ိ/- ရွှေစာပေ |
| ၄၆ | ကြယ်လွဲမိုး | လိပ်စာတပ်လိုက်တဲ့မြားတစ်စင်း မဂ္ဂဇင်းဝတ္ထုတိုများ | ၂၀၀၀ိ/-လင်းလွန်းခင်စာပေ |
| ၄၇ | ကြည်အေး | မေတ္တာမီးအိမ် | ၂၃၀၀ိ/-စိတ်ကူးချိုချို |
| ၄၈ | ကလောင်စုံ | အောက်မေ့ဖွယ်ဟာသဝတ္ထုတိုများ(၉) | ၂၅၀၀ိ/-စိတ်ကူးချိုချို |
| ၄၉ | မောင်ထွန်းသူ | လာရာလမ်းလွမ်းမိပါရဲ့ | ၂၃၀၀ိ/-စိတ်ကူးချိုချို |
| ၅၀ | သိမ်းတင်သား | ကပေါက်တိကပေါက်ချာစတေးတပ်(စ်)ဋီကာ | ၂၃၀၀ိ/-စိတ်ကူးချိုချို |
| ၅၁ | တင်မောင်မြင့် | အနက်ရောင်အိပ်မက်စိမ်းမြမေတ္တာ | ၂၀၀၀ိ/-ဇေယျာမိုး |
| ၅၂ | မောင်သိန်းဆိုင် | ချစ်သောလယ်လယ် | ၁၈၀၀ိ/-စိတ်ကူးချိုချို |
| ၅၃ | မြတ်ငြိမ်း | ၂၄ နာရီ ဘဝတစ်ဆစ်ချိုးတိုးတက်ပြောင်းလဲလိုလျှင် | ၃၀၀၀ိ/-ပြည်မြန်မာ |
| ၅၄ | မိုးသူ(မန္တလေး) | မူကြိုအဆင့်ပဋ္ဌာန်း | ၅၀၀၀ိ/-ပါရမီစာပေ |

# ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လိုင်စင်ရ အဆောက်အအုံ ကန်ထရိုက်တာများအသင်း စတင်တည်ထောင်

**ရန်ကုန် အောက်တိုဘာ ၂၇**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လိုင်စင်ရ အဆောက်အအုံ ကန်ထရိုက်တာများအသင်း၏ ဗဟိုအမှုဆောင်ရွေးကောက်ပွဲနှင့် အသင်းစတင်တည်ထောင်ခြင်းအား ဆောင်ရွက်လိုက်ပြီဖြစ်သည်။

ထိုကဲ့သို့ လိုင်စင်ရအဆောက်အအုံကန်ထရိုက်တာများအသင်းအား ဖွဲ့စည်းဆောင်ရွက်လိုက်ခြင်းအားဖြင့် အဆောက်အအုံတည်ဆောက်ရာတွင် လုံခြုံစည်းစနစ်ကျပြီး အရည်အသွေးပြည့်ဝသောအဆောက်အအုံများပေါ်ထွက်လာခြင်း၊ မြို့တော်အင်္ဂါရပ်နှင့်အညီ လိုအပ်သည့်စည်းမျဉ်းဥပဒေများအား ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြနိုင်ကြခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် ပတ်သက်၍ ပူးပေါင်းညှိနှိုင်း ဖြေရှင်းဆောင်ရွက်နိုင်ခြင်းများ ဖြစ်ပေါ်လာနိုင်စရာရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လိုင်စင်ရ အဆောက်အအုံကန်ထရိုက်တာများအသင်းမှ သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အဆောက်အအုံဌာနမှူး (အငြိမ်းစား) မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ဗဟိုကော်မတီဝင် ဒေါက်တာဇော်ဝင်းက "ပြီးခဲ့တဲ့ကာလတွေမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကနေပြီးတော့ အဆောက်အအုံတွေကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်လာပါတယ်။ တစ်ချိန်တည်းမှာလည်း ဆောက်လုပ်နေတဲ့ လက်စတွေရပ်ဆိုင်းလိုက်ရလို့ အခက်အခဲများရှိလာတယ်လို့ လိုင်စင်ရအဆောက်အအုံ ကန်ထရိုက်တာများကနေပြီး ပြောလာတာတွေလည်းရှိပါတယ်။ ဒီပြဿနာတွေအားလုံးဟာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ ကန်ထရိုက်တာတစ်ဦးချင်းစီကို ဖြေရှင်းပေးဖို့ ခက်ပါတယ်။ ဒီလိုအသင်းအဖွဲ့ကို သေသေချာချာ ခိုင်မာစွာဖွဲ့စည်းပြီး အများရဲ့အသံကို သက်ဆိုင်ရာစီမံခန့်ခွဲတဲ့အစိုးရအဖွဲ့တွေ၊ အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းတွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အဖွဲ့တွေကို ညှိနှိုင်းတင်ပြပြီး တာဝန်ရှိသူတွေကလည်း တတ်နိုင်သလောက် သေသေချာချာဖြေရှင်းပေးမယ်ဆိုရင် ကြားရတဲ့ပြဿနာတွေက ပပျောက်သွားမှာဖြစ်ပါတယ်။

"ခုလိုလိုင်စင်ရအဆောက်အအုံ ကန်ထရိုက်တာများအသင်း ဖွဲ့စည်းလိုက်တာဟာ ကန်ထရိုက်အခန်းတွေကို ဝယ်ယူနေတဲ့ပြည်သူတွေအတွက်လည်း အကျိုးရှိပါတယ်။ အရင်ကစကားလုံးတွေ အများကြီးဖြစ်ရတဲ့ ပွဲစားကိစ္စတွေ၊ ကြိုပွိုင့်ကိစ္စတွေရှိနေပါတယ်။ ဒီပြဿနာတွေအတွက် ကန်ထရိုက်တာကလည်း စာချုပ်စာတမ်းနဲ့ အတိအကျဆောက်လုပ်နေတယ်။ သက်ဆိုင်ရာကလည်း အသိအမှတ်ခွင့်ပြုထားတယ်ဆိုရင်တော့ ခိုင်လုံတဲ့အချက်အလက်တွေနဲ့ ချုပ်ဆိုပေးထားတဲ့ စာချုပ်များရှိလာမှာဆိုတော့ကန်ထရိုက်တိုက်ခန်းဝယ်ယူတဲ့ ပြည်သူတွေအတွက် အဲဒီပူပင်သောကတွေ ပျောက်သွားစေတော့မှာပါ"ဟု Dolphin စားသောက်ဆိုင်တွင် ပြုလုပ်ခဲ့သောလိုင်စင်ရ အဆောက်အအုံ ကန်ထရိုက်တာများအသင်း၏ ဗဟိုအမှုဆောင် ရွေးကောက်ပွဲနှင့် အသင်းစတင်တည်ထောင်ခြင်း အခမ်းအနား၌ ရှင်းပြသည်။

လိုင်စင်ရအဆောက်အအုံ ကန်ထရိုက်တာများအသင်း ဖွဲ့စည်းခြင်းနှင့် ဗဟိုအမှုဆောင်ရွေးကောက်ပွဲမှ Founder ဖြစ်သော တော်ဝင်မြန်မာ ဆောက်လုပ်ရေးဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက "ရန်ကုန်မြို့မှာက လိုင်စင်ရကန်ထရိုက်တာဦးရေ ၁၂၀၀ ကျော်ရှိပါတယ်။ လုံခြုံစိတ်ချရတဲ့ ဆောက်လုပ်ရေးလောကကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပြီး ကန်ထရိုက်တာတွေရဲ့ အဆောက်အအုံစီမံကိန်းတွေဆောက်လုပ်တာကိုလည်း ဒီအသင်းကနေပြီး စီမံခန့်ခွဲလုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။ အဓိကကတော့ ဒီလိုအသင်းဖွဲ့စည်းလိုက်တာဟာ အမှားရှိတဲ့ကန်ထရိုက်ကိုလည်း ဝိုင်းဝန်းထိန်းသိမ်းပေးနိုင်မှာဖြစ်သလို စနစ်တကျဖော်ဆောင်သွားနိုင်မှာဖြစ်ပြီး အသင်းဝင်ရဲ့ ကန်ထရိုက်အခန်းဝယ်ယူတဲ့ ပြည်သူတွေကလည်း ယုံကြည်စိတ်ချစွာဝယ်ယူကြနိုင်မှာဖြစ်ပါတယ်"ဟု ဆိုသည်။

အဆိုပါ လိုင်စင်ရအဆောက်အအုံကန်ထရိုက်တာများအသင်းမှ သက်ဆိုင်ရာဌာနများတွင် ကန်ထရိုက်တာများ၏ ဖြစ်ပေါ်နေသည့် အခက်အခဲများကို မှန်ကန်သောနည်းလမ်းဖြင့် တင်ပြဆောင်ရွက်ခြင်း၊ အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောပညာရှင်အဖွဲ့အစည်းများအား ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာနှင့်ယှဉ်နိုင်သည့် အများပိုင်ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

လိုင်စင်ရအဆောက်အအုံ ကန်ထရိုက်တာများအသင်း၏ ဗဟိုအမှုဆောင် ရွေးကောက်ပွဲနှင့် အသင်းစတင်တည်ထောင်ခြင်းအခမ်းအနားတွင် ပထမအဆင့်အနေဖြင့် ဗဟိုအမှုဆောင် ၄၅ ဦး ရွေးချယ်ခဲ့ပြီး ထိုအထဲမှ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး သုံးဦး၊ စာရင်းစစ်၊ တွဲဖက်စာရင်းစစ်၊ ဘဏ္ဍာရေးမှူး၊ တွဲဖက်ဘဏ္ဍာရေးမှူးနှင့် ပြန်ကြားရေးမှူးများအား တစ်ပတ်တာကာလအတွင်း ရွေးချယ်ကာ မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ ထို့နောက် အသင်းအဖွဲ့ စည်းမျဉ်းစည်းကမ်းမှတ်ပုံတင်လုပ်ဆောင်ကာ အများပိုင်ကုမ္ပဏီကို တည်ထောင်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏အိမ်ရာစီမံကိန်းများ၊ မြို့သစ်ဖော်ဆောင်စီမံကိန်းများအား သက်ဆိုင်ရာတာဝန်ရှိသူများထံ တင်ပြကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လိုင်စင်ရ အဆောက်အအုံ ကန်ထရိုက်တာများအသင်းမှ သိရသည်။

**စိုးဝင်း(MLA)**



# ရေယာဉ်နစ်မြုပ်မှုဖြစ်ပွားခဲ့သည့် အေးငြိမ်းချမ်းသာ ရေယာဉ်အသင်းအား ခရီးစဉ်ပြေးဆွဲမှု ယာယီပိတ်သိမ်းမည်

**မုံရွာ အောက်တိုဘာ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် မိကျောင်းတွင်းကျေးရွာအနီး ချင်းတွင်းမြစ်အတွင်း အေးငြိမ်းချမ်းသာရေယာဉ်အသင်းမှ အောင်စိုးမိုးကျော်-၂ (ရွှေသီဟရေယာဉ်အမှတ် ဟ/၈၈၄၅) သည် နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၇၃ ဦး သေဆုံးခဲ့သည်။

ယခုအခါတွင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီး အမှုအခင်းများ မပြီးပြတ်ခင် ကာလအတွင်း အဆိုပါ အေးငြိမ်းချမ်းသာ ရေယာဉ်အသင်း၏ ခရီးစဉ်ပြေးဆွဲမှုများကို ယာယီပိတ်သိမ်းသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါအေးငြိမ်းချမ်းသာရေယာဉ်အသင်းမှအောင်စိုးမိုးကျော်-၂ (ရွှေသီဟရေယာဉ် အမှတ်ဟ/၈၈၄၅) သည် ဟုမ္မလင်းမြို့မှ မုံရွာမြို့သို့ အစုန်ခရီးမောင်းနှင်စဉ် အောက်တိုဘာ ၁၅ ရက် နံနက် ၅ နာရီခန့်က ကနီမြို့နယ် မိကျောင်းတွင်းကျေးရွာအနီးအရောက်တွင် နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၇၃ ဦး သေဆုံးခဲ့သည်။ ဖြစ်စဉ်အား စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်းနှင့် အမှုအခင်းများ ဆောင်ရွက်စဉ်ကာလအတွင်း ယာယီပိတ်သိမ်းခြင်းဖြစ်ကြောင်း သိရသည်။

"ဒီရေယာဉ်အသင်းရဲ့ ခရီးစဉ်ပြေးဆွဲမှုတွေကို အပြီးပိတ်သိမ်းမှာ မဟုတ်ပါဘူး။ အခုအချိန်မှာ စုံစမ်းစစ်ဆေးမှုတွေလုပ်နေတယ်။ ပြီးရင် ခရီးသည်သေဆုံးမှုနဲ့ ပတ်သက်ပြီး တာဝန်ရှိသူတွေကို အပြစ်ပေးအရေးယူမှုတွေ လုပ်နေတယ်။ ဒါကြောင့် အမှုအခင်းပြီးပြတ်တဲ့ ကာလအထိ ယာယီပိတ်သိမ်းသွားမှာပါ။ အမှုအခင်းတွေ ပြီးပြတ်သွားလို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ရရင်ပြန်လည်ပြေးဆွဲခြင်းကို ခွင့်ပြုပေးသွားမှာပါ "ဟု တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အေးငြိမ်းချမ်းသာလူစီးအမြန်ရေယာဉ်အသင်းတွင် ရေယာဉ် ၂၇ စင်းရှိကြောင်းနှင့် အဆိုပါရေယာဉ်များသည် အောင်စိုးမိုးကျော်-၂ (ရွှေသီဟရေယာဉ်အမှတ်ဟ/၈၈၄၅)ရေယာဉ် နစ်မြုပ်မှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်းနှင့် အမှုအခင်းများ မပြီးပြတ်ခင်ကာလအတွင်း ခရီးစဉ်ပြေးဆွဲခွင့်များကို ယာယီပိတ်သိမ်းခြင်းဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# ရာသီဥတုဆိုင်ရာ ဘေးဒဏ်ခံနိုင်မှုအညွှန်းကိန်း ကနဦးဆန်းစစ်မှု အလုပ်ရုံဆွေးနွေး

**မြောင်းမြ အောက်တိုဘာ ၂၇**
မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် SEEDS ASIA တို့ ပူးပေါင်း၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တွင် ကမ်းရိုးတန်းဒေသ ရပ်ရွာလူထုဘေးဒဏ်ခံနိုင်မှုညွှန်းကိန်း ကနဦးလေ့လာဆန်းစစ်မှုနှင့်မြောင်းမြခရိုင်အတွင်းရှိ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မမြို့နယ်အတွင်းရှိကျေးရွာများ၌ ပြုလုပ်ခဲ့သော ရာသီဥတုဆိုင်ရာ ဘေးဒဏ်ခံနိုင်မှု သုတေသနပြုလုပ်မှုရလဒ်များ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက မြောင်းမြမြို့နေ နန်းတော်ဟိုတယ်(၂)၌ ကျင်းပခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တွင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကမ်းရိုးတန်းဒေသ ရပ်ရွာလူထုဘေးဒဏ်ခံနိုင်မှု အညွှန်းကိန်း ကနဦးလေ့လာဆန်းစစ်မှု (CCRI)နှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် ပြုလုပ်ခဲ့သော ရာသီဥတုဆိုင်ရာ ဘေးဒဏ်ခံနိုင်မှု အညွှန်းကိန်း ကနဦးလေ့လာဆန်းစစ်မှု (CDRI) နှင့် ပတ်သက်၍ သုတေသနပြုလုပ်ပြီးစီးမှုရလဒ်များကို ဆွေးနွေးကြမှာဖြစ်ကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (SEEDS Asia)မှ တာဝန်ရှိသူ ဦးစိုးပြည့်အောင်က ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီးညွန့်ဇော်က အဖွင့်အမှာစကားပြောကြားပြီး SEEDSAsia Project Manager Mr. Shigehiro SHIBATA က သုတေသနပြုလုပ်မှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်စက်မှုတက္ကသိုလ်၊ မြို့ပြအင်ဂျင်နီယာဌာနနှင့် ခရိုင်အတွင်းရှိ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မမြို့နယ်များမှ သက်ဆိုင်ရာ အရာရှိ ၂၅ ဦး တက်ရောက်ခဲ့ပြီး သုတေသန ပြုလုပ်ချက်များတွင် မြို့နယ်အသီးသီးမှ ဌာနဆိုင်ရာ အရာရှိများက ရေရှည်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) အတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သင့်သည့်စီမံကိန်း(Action Plan)များကို ရေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**



# ဖားကန့်မြို့ ပြည်သူ့ဆေးရုံသို့ ငွေကျပ်သိန်း ၃၀၀ လှူဒါန်း

**ဖားကန့် အောက်တိုဘာ ၂၇**
ကချင်ပြည်နယ် ဖားကန့်မြို့ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ ဖားကန့်မြို့ အထွေထွေ ရောဂါကုပြည်သူ့ဆေးရုံကြီးသို့ ငွေကျပ်သိန်း ၃၀၀ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီက အဆိုပါဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဖားကန့်မြို့နယ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမောင်ထွန်းက လှူဒါန်းငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြကာ ဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးဇော်လေးမြင့်တို့က မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်က လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀၀ အား လွှဲပြောင်းပေးအပ်လှူဒါန်းရာ ဖားကန့်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရဲဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူခဲ့သည်။

**(ကြေးမုံ)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်(ရွှေဈေး) ၈၇၆၃၀၀ - ၈၇၇၃၀၀ မန္တလေး(ရွှေဈေး) ၈၇၆၀၀၀ - ၈၇၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၆၅၀/၆၇၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၇၆၅/၈၁၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၅၀/၆၈၀ ကျပ်၊ | ၆၈၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၅၈၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၁၄ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၅. ၀ | (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၂၁၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၀၁. ၉ | (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၈. ၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၉. ၇၈ | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂. ၉၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆. ၆၆၂ | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၈၂. ၉၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇. ၉၀ | (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၃. ၈၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ကြေးမုံ ရုပ်ရှင်အညွှန်း

# တွမ်ခရုဇ်၏ မှုခင်းအက်ရှင်ဇာတ်ကားသစ် ယခုသီတင်းပတ်အတွင်းရုံတင်မည်




Jack Reacher:Never Go Back မှုခင်းအက်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

နိုင်ငံခြားဇာတ်ကားတွေ ကြိုက်နှစ်သက်တဲ့ ရုပ်ရှင်ချစ်ပရိသတ်တွေအနေနဲ့ ယခုသီတင်းပတ်အတွင်း မင်းသား တွမ်ခရုဇ် ခေါင်းဆောင်ပါဝင်ထားသည့် Jack Reacher:Never Go Back မှုခင်းအက်ရှင်ဇာတ်ကားသစ်နဲ့ အိန္ဒိယအချစ်ဒရမ်မာဇာတ်ကားသစ် Ae Dil Hai Mushkil တို့ကို ကြည့်ရှုခံစားကြရမှာ ဖြစ်ပါတယ်။

ယခုသီတင်းပတ်အတွင်း အသစ်ရုံတင်မယ့် Jack Reacher: Never Go Back မှုခင်းအက်ရှင်ဇာတ်ကားဟာ ၂၀၁၂ ခုနှစ်က ထွက်ရှိခဲ့တဲ့ Jack Reacher ဇာတ်ကားရဲ့ နောက်ဆက်တွဲဖြစ်ပြီး ဇာတ်ကားဟောင်းက သရုပ်ဆောင်အတော်များများ ပြန်လည်ပါဝင်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ Jack Reacher: Never Go Back ဇာတ်ကားကို ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းကတည်းက နယူးအော်လန်မှာ စတင်ပြသခဲ့တာဖြစ်ပြီး ယခုလ ၂၁ ရက်က အမေရိကန်နိုင်ငံမှာရှိတဲ့ ရုပ်ရှင်ရုံတွေမှာ စတင်ပြသခဲ့တာဖြစ်ပါတယ်။

ယင်းဇာတ်ကားရဲ့ အမြည်းကိုတင်ဆက်ရမယ်ဆိုရင် Jack Reacher အဖြစ် သရုပ်ဆောင်သူ မင်းသားတွမ်ခရုဇ်ဟာ မိတ်ဆွေတစ်ဦးရှိရာ ဗာဂျီးနီးယားစစ်စခန်းဟောင်းတစ်ခုသို့ အလည်အပတ်သွားရောက်ရာမှ မတရားစွပ်စွဲဖမ်းဆီးခံရပြီး ဝရမ်းပြေးအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ အဲဒီနောက် မဟုတ်မမှန်စွပ်စွဲချက်များမှ လွတ်မြောက်အောင် ကြိုးပမ်းကြပုံကို ပုံဖော်ရိုက်ကူးထားတဲ့ မှုခင်းအက်ရှင် ဇာတ်ကားဖြစ်ပါတယ်။ ယင်းဇာတ်ကားကို နေပြည်တော်၊ မင်္ဂလာ(ဂမုန်းပွင့်)နှင့် မင်္ဂလာဒိုင်းမွန်း ရုပ်ရှင်ရုံတွေမှာ ယခုသီတင်းပတ်အတွင်း ရုံတင်ပြသသွားမှာဖြစ်ပါတယ်။

ဒါ့အပြင် Fox Studio မှ ဖြန့်ချိတဲ့ ဘောလိဝုဒ်ဇာတ်ကားသစ် Ae Dil Hai Mushkil ကို နေပြည်တော်၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)နှင့် မင်္ဂလာဒိုင်းမွန်းအဆင့်မြင့်ရုပ်ရှင်ရုံတွေမှာ အောက်တိုဘာ ၂၈ ရက်တွင် စတင်ရုံတင်ပြသသွားမည်ဖြစ်ကြောင်း ရုပ်ရှင်အညွှန်းကဏ္ဍမှ ညွှန်းဆို တင်ဆက်လိုက်ရပါတယ်။

ဖြိုးစန္ဒာမြင့်





# ပါ့ခ်ရှင်ဟေးပြောတဲ့ ဂျိုဂျန်ဆွတ်အကြောင်း

တောင်ကိုရီးယားရဲ့ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ပါ့ခ်ရှင်ဟေးက လတ်တလောရိုက်ကူးနေတဲ့ရုပ်ရှင် Hyun မှာ အတူတွဲဖက်ပါဝင်ထားတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ မင်းသား ဂျိုဂျန်ဆွတ်ရဲ့ သရုပ်ဆောင်စွမ်းရည်ကို အားကျမိကြောင်း အင်တာဗျူးတစ်ခုမှာ ဖြေကြားခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ရတဲ့ဇာတ်ကောင်စရိုက်ဟာ ဂျန်ဂျိုဆွတ်ရဲ့ပင်ကိုစရိုက်နဲ့ လားလားမျှ မတူပေမယ့် ဂျန်ရဲ့ သဘာဝကျကျ သရုပ်ဆောင်နိုင်တဲ့ စွမ်းရည်ကို ချီးကျူးမိကြောင်းလည်း ပြီးခဲ့တဲ့အောက်တိုဘာ ၂၈ရက်က ပြုလုပ်ခဲ့တဲ့ ယင်းရုပ်ရှင်ရဲ့ သတင်းစာရှင်းလင်းပွဲမှာ ပါ့ခ်ရှင်ဟေးက ပြောကြားခဲ့ပါတယ်။

ပါ့ခ်ရှင်ဟေးက "ဒီရုပ်ရှင်မှာ ဂျိုဂျန်ဆွတ်နဲ့ ဒီအိုတို့နဲ့အတူပါဝင်သရုပ်ဆောင်ထားတာပါ။ သူတို့နှစ်ယောက်ရဲ့ သရုပ်ဆောင်မှုတွေကိုကြည့်ရတာ တကယ်ကိုကောင်းပါတယ်။ သူတို့နှစ်ယောက်ကို မြင်တဲ့အချိန်တိုင်း ကျွန်မ မရယ်ဘဲမနေနိုင်ဘူး။ ကျွန်မ မြင်ရ၊ ကြားရ၊ ခံစားရတာတွေ အကုန်လုံးကတော့ ကျေနပ်ဝမ်းမြောက်စရာတွေပါပဲ။ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း ပျော်စရာတွေအပြည့်ပါပဲ။ ဒီရုပ်ရှင် ရိုက်ကူးနေတဲ့အချိန်အတွင်းမှာ ဂျန်ဂျိုဆွတ်ရဲ့ သရုပ်ဆောင်စွမ်းရည်ကြောင့် ကျွန်မက သူ့ရဲ့ပရိသတ်ဖြစ်လာခဲ့ပါတယ်"လို့လည်း ဆိုခဲ့ပါတယ်။

ဆက်လက်ပြီး ပါ့ခ်ရှင်ဟေးက "ဒီရုပ်ရှင်ထဲက ဂျန်ရဲ့ဇာတ်ကောင်စရိုက်ဟာ သူ့ရဲ့ပင်ကိုစရိုက်နဲ့ အလွန်ကွာဟပေမယ့် သူတကယ်ကို သဘာဝကျကျပီပီပြင်ပြင် သရုပ်ဆောင်ထားနိုင်တာတွေ့ရပါတယ်။ သူတကယ်ကို ကြိုတင်ပြင်ဆင်ထားတာပါ။ အထူးသဖြင့် ဆဲဆိုတဲ့စကားလုံးတွေကို ပြောဆိုဖို့အတွက်ပေ့ါ။ သရုပ်ဆောင်တာကိုကြိုက်ပေမယ့် ဇာတ်ကောင်စရိုက်ကိုတော့ စိတ်ပျက်မိတယ်"လို့လည်း ရင်ဖွင့်ခဲ့ပါတယ်။ [အေးပြည့်]

# Running Man ကို နှုတ်ဆက်လိုက်တဲ့ ဂယ်ရီ

တောင်ကိုရီးယားမှာသာမက အာရှမှာပါကျော်ကြားတဲ့ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ " Running Man"ရဲ့ ပင်တိုင်သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂယ်ရီဟာ အဆိုပါရုပ်သံအစီအစဉ်ကနေနုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ယင်းရုပ်သံအစီအစဉ်က အောက်တိုဘာ ၂၅ရက်က ထုတ်ဖော်ပြောကြားခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဂယ်ရီဟာ " Running Man "ကနေ နုတ်ထွက်လိုတဲ့သူ့ရဲ့ဆန္ဒကို ဒီနှစ်အစပိုင်းကတည်းက ရုပ်သံအစီအစဉ်ကို ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပြီး တေးဂီတနဲ့ပတ်သက်တဲ့လှုပ်ရှားမှုတွေကို ပိုမိုလုပ်ဆောင်လိုတဲ့အပြင် ဂီတပညာတွေကို ဆက်လက်လေ့လာဆည်းပူးလိုတာကြောင့်နုတ်ထွက်ရတာဖြစ်ကြောင်းလည်း သိရပါတယ်။

ရက်ပ်အဆိုတော်တစ်ဦးဖြစ်တဲ့ ဂယ်ရီဟာ ၂၀၁၀ ပြည့်နှစ် ဇူလိုင်လကစတင်ပြီး SBS ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ယင်းရုပ်သံအစီအစဉ်မှာ ပါဝင်ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ ခြောက်နှစ်ကျော်ကြာလက်တွဲခဲ့တဲ့ရုပ်သံအစီအစဉ်ကိုနှုတ်ဆက်ကာ ဂီတလမ်းကြောင်းပေါ်မှာ ပြန်လည် လျှောက်လှမ်းတော့မယ့် ဂယ်ရီအတွက် သူ့ရဲ့ပရိသတ်တွေကလည်း ဆုတောင်းစကားတွေ ပြောကြားခဲ့ကြပါတယ်။ ဂယ်ရီပါဝင်ထားတဲ့ " Running Man "ရဲ့နောက်ဆုံးအစီအစဉ်ကို လာမယ့်အောက်တိုဘာ ၃၁ ရက်မှာ ထုတ်လွှင့်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။ [အေးပြည့်]




## မြဝတီရုပ်မြင်သံကြား

၂၈-၁၀-၂၀၁၆(သောကြာနေ့)

၆း၀၃ တရားတော်
၇း၁၅ မေတ္တာပို့
၇း၂၅ ဓမ္မပူဇာတေး
၈း၀၅ အမျိုးသားရေးတေးကဗျာ
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ နှစ်(၈၀)ကျော်ကြားတေးများ
၉း၂၀ အမှတ်တရနေ့ရက်လေးများ
၉း၄၀ ကျန်းမာသုတ
၉း၅၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၁၀း၀၀ တစ်ပတ်အတွင်း စီးပွားရေးသတင်း
၁၀း၂၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၁၀း၄၅ သီချင်းလက်ဆောင်
၁၁း၁၀ ဘောလုံးကန်ကြမယ်
၁၁း၂၀ မြန်မာ့ရှုခင်း
၁၁း၃၅ Sportcast
၁၁း၄၅ သာယာသီကြွေးခေတ်ဆန်းတေး
၁၁း၅၅ ဇာတ်လမ်းတို
၁၂း၁၀ မြန်မာသံစဉ်ချိုနားဝင်
၁၂း၂၅ Cooking Art
၁၂း၃၅ DVD Hits
၄း၂၅ ခံစားနားဆင်လက်ာဝတ်ရည်တေးသံစဉ်
၄း၄၀ သာယာသီကြွေးခေတ်ဆန်းတေး
၄း၄၅ Sportcast
၅း၂၅ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၅း၃၅ ရောင်စုံဖြာဝေဂျပန်မြေ
၅း၄၅ လည်မယ်. . စားမယ်ကမ္ဘာတစ်ခွင်ဝယ်
၆း၀၅ အမျိုးသားရေးတေးကဗျာ
၆း၁၀ ရှုမောဖွယ်ရာရွှေရုပ်လွှာ
၆း၃၀ "ရွှာ" ဟာသဇာတ်လမ်းတွဲ ဒါရိုက်တာ မိုးဇော်ကို
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-မစ္စကိုရီးယား(အပိုင်း-၁၉)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-သံစဉ်များနှင့်ကမ္ဘာ
-ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
-Lucky Door

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်
## ၂၈ - ၁၀ - ၂၀၁၆ (သောကြာနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
၇း၅၀ "ကြေးဖားစည်တို့ရဲ့ တောင်ပိုင်းမြေ" (အပိုင်း-၃)
၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၉း၃၅ အနုပညာသတင်းအစီအစဉ်
၁၀း၃၅ Weekly Sport Info
၁၁း၃၅ အလုပ်သမားရေးရာအစီအစဉ်
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၂၀)
၁း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၂၈)
၂း၀၀ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် "သမီးချော" (အပိုင်း-၄) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီဝါဝါဝင်းရွှေ)
၂း၂၀ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (လင်းထက်အောင်နှင့်တိမ်တိုက်)
၂း၃၅ လက်တွေ့အသုံးချဘဏ္ဍာရေးသုတများ
၃း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို" (အပိုင်း-၂၉)
၄း၁၅ "မန္တလေးမြို့မှဗိုလ်ချုပ်ပန်းခြံ"
၄း၃၅ Football Magzine (ရတနာပုံယူနိုင်တက်အသင်း)
၅း၁၅ Catch Asia News
၅း၃၅ Hyper Sport
၆း၂၀ "ရုပ်ရှင်ရိုက်မယ်" (လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်) (ရောင်းကုန်၊ အိမ်)
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို" (အပိုင်း-၃၀)
၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ
-နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၂၉)
-သမိုင်းကိုဖော်ပြသောဝါကျများ "အဆိုတော်ဒေါ်မာမာအေးနှင့် တွေ့ဆုံခြင်း" (အပိုင်း-၁ )

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**




# မန်ယူနဲ့ အနာဂတ်ဝေဝါးသွားပြီဖြစ်တဲ့ ရွှန်းနီ

မေလဲ့သင်း
ရေးသားသည်

မန်ယူအသင်းခေါင်းဆောင်ရွှန်းနီအနေနဲ့ ပွဲထွက်ကစားခွင့်ရဖို့ အခြားအသင်းတစ်ခုကိုသာ ပြောင်းရွှေ့သင့်တယ်လို့ နည်းပြ မော်ရင်ဟိုက ပြောကြားခဲ့ပြီးနောက်မှာတော့ မန်ယူနဲ့ ရွှန်းနီအနာဂတ် လုံးဝ ဝေဝါးလာတဲ့ အနေအထားကို ရောက်ရှိသွားခဲ့ပြီလို့ ကောက်ချက်ချရပါတော့မယ်။ မန်ယူအသင်းမှာ ပွဲထွက်ခွင့်ပျောက်ဆုံးနေတဲ့ ရွှန်းနီဟာ အင်္ဂလန်အသင်းမှာပွဲထွက်ခွင့်ရခဲ့ပေမယ့် ခြေစွမ်းပိုင်း ဆက်တိုက်ကျဆင်းနေလို့ သူ့ကို အင်္ဂလန်နည်းပြ ဆောက်ဂိတ်ကလည်း ပွဲထွက်လူစာရင်းကနေ ချန်လှပ်ခဲ့ရပြန်ပါတယ်။

ဒီလို ဆိုးရွားတဲ့အခြေအနေကြုံတွေ့နေတဲ့ ရွှန်းနီကို မော်ရင်ဟိုက ဖီနာဘာချီနဲ့ ရင်ဆိုင်တဲ့ယူရိုပါလိဂ် ပွဲစဉ် ပွဲထွက်လူစာရင်းမှာ အသုံးပြုခဲ့ပေမယ့် ချယ်လ်ဆီးကို လေးဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲမှာတော့ အသုံးပြုခဲ့ခြင်းမရှိခဲ့ဘဲ ရွှန်းနီအနေနဲ့ ကစားသမားဘဝ အဆုံးမသတ်ဖို့ အသင်းသစ်တစ်သင်းကို ရှာဖွေမှုဖြစ်နိုင်တော့မယ်လို့ သတိပေးခဲ့တာကြောင့် ရွှန်းနီ မန်ယူက ထွက်ခွာချိန်နီးကပ်လာပြီဆိုတာ ပိုမိုပုံပေါ်လာတဲ့အနေအထားပါ။ မန်ယူဟာ ရွှန်းနီနေရာ ဂရစ်ဇ်မန်းနဲ့ အစားထိုးဖို့ကြိုးပမ်းနေပြီး ဒီရာသီကုန်ရင် ဂရစ်ဇ်မန်းကလည်း အက်သလက်တီကိုက ထွက်ခွာဖို့ အလားအလာများနေတယ်လို့ နည်းပြ ဒီယေဂိုဆီမြွန်နီက ပြောကြားထားတာကြောင့် ဂရစ်ဇ်မန်း ရွှန်းနီ အရန်ခုံပေါ် ရောက်ရှိသွားရတာဖြစ်ပါတယ်။

အစောပိုင်းကတည်းက မန်ယူမှာ ရွှန်းနီမပါရင် ပိုကောင်းပြီး ရွှန်းနီက အသင်းကို ဝန်ထုပ်ဝန်ပိုး ဖြစ်နေစေတဲ့ ကစားသမားလို့ ဝေဖန်မှုတွေ ထွက်နေခဲ့တာပါ။ ဒါပေမယ့် ရွှန်းနီပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မန်ယူအသင်းရလဒ်ပိုင်း အတက်အကျ ကြမ်းနေသေးတာကြောင့် ရလဒ်ပိုင်းတရားခံဟာ ရွှန်းနီမဟုတ်တာတော့သေချာပါတယ်။ ဒီတော့ မန်ယူပရိသတ်တွေက ပေါ့ဘာဘက်ကို မြားဦးလှည့်လာပြန်ပါတယ်။ ပေါ့ဘာကို ကမ္ဘာ့ စံချိန်တင်ကြေးနဲ့ ခေါ်ယူခဲ့တာဟာ မန်ယူအသင်းအလိမ်ခံခဲ့ရတယ်လို့ စွပ်စွဲခဲ့ကြပေမယ့် တကယ်တမ်း တစ်သင်းလုံး ကစားပုံဟန်ချက်မညီသေးတာက အဓိကပြဿနာဖြစ်နေတာဖြစ်ပါတယ်။

ခုတော့ မော်ရင်ဟိုကိုယ်တိုင်က ရွှန်းနီကို မန်ယူအသင်းကနေ ထွက်ခွာဖို့ ပြောကြားခဲ့သလို တစ်ဖက်မှာလည်း တရုတ်စူပါလိဂ် ရှန်ဟိုင်းအက်စ်ပီဂျီစီအသင်းကို ကိုင်တွယ်နေတဲ့ အင်္ဂလန်နည်းပြဟောင်းအဲရစ်ဆင်က ရွှန်းနီကို သူ့အသင်းဆီအရခေါ်ယူဖို့ အားထုတ်နေပါတယ်။ သတင်းရင်းမြစ်တွေရဲ့ အဆိုအရ ရှစ်ဟိုင်းအသင်းပိုင်ရှင်တွေက ရွှန်းနီကို တစ်ပတ်လုပ်ခပေါင် ၅၀၀၀၀၀ အပြင် အခြားစီးပွားရေး အကျိုးအမြတ်တွေအတွက် ထပ်ဆောင်းအပိုကြေး ခံစားခွင့်ရှိမယ်တဲ့ မက်လုံးပေး ကမ်းလှမ်းမှုတွေ

ရွှန်းနီဟာ တကယ်တော့ မန်ယူအသင်းမှာ ဆက်နေချင်ပေမယ့် အခြေအနေတွေအားလုံးက သူ့ကို မန်ယူကနေ ထွက်ခွာဖို့သာ တွန်းအားပေးနေသလိုဖြစ်နေပါတယ်။ မန်ယူအသင်းဟာ အခုအချိန်မှာ ပြန်လည်တည်ဆောက်ဆဲကာလကိုရောက်ရှိနေတဲ့အတွက် ကစားသမားတစ်ဦးရဲ့ နာမည်ဂုဏ်သတင်းကိုချည်း ကြည့်ပြီး ပုံမှန်ပွဲထွက် ကစားခွင့်ပေးဖို့ဆိုတာ မဖြစ်နိုင်တဲ့အခြေအနေပါ။ ဒီအချိန်မှာ ရွှန်းနီအနေနဲ့ မန်ယူအရန်ခုံပေါ်မှာပဲ အချိန်ကုန်ဆုံးခံမလား (ဒါမှမဟုတ်) ပွဲထွက်ကစားခွင့် သေချာမယ့် အသင်းသစ်တစ်ခုဆီကိုပဲ ပြောင်းရွှေ့မလားဆိုတာ တိတိကျကျ ဆုံးဖြတ်ရတော့မှာ ဖြစ်ပါတယ်။ မန်ယူမှာလည်း ကွင်းလယ်ဖန်တီးရှင်နေရာကစားနိုင်တဲ့ ပေါ့ဘာ၊ မာတာနဲ့ အမ်ခီတာယန်တို့လို ကစား

အဝင်၊ ရွှန်းနီအထွက်ဖြစ်ဖို့တော့ ရာနှုန်းများနေပြီလို့ ခန့်မှန်းချက်ထုတ်နိုင်ပါတယ်။

ရွှန်းနီက ဖာဂူဆန်အလွန် မိုယက်စ်၊ ဗန်ဟားလ် လက်ထက်အထိ အဓိကကစားသမားအနေနဲ့ ပါဝင်ခွင့်ရပြီး မန်ယူရဲ့ မတို့မထိရတဲ့ လူစာရင်း ထိပ်ဆုံးနေရာမှာရှိခဲ့သူပါ။ လေဗာကူဆင်ကို ပြောင်းရွှေ့သွားတဲ့ ဟာနန်ဒက်ဇ်ရဲ့အဆိုအရ ဗန်ဟားလ်က သူပွဲထွက်ကစားခွင့်ရဖို့ တောင်းဆိုတိုင်း မန်ယူမှာ အဓိက တိုက်စစ်မှူး ရွှန်းနီရှိနေတာကြောင့် ရွှန်းနီကို ကျော်ပြီး ကျန်ကစားသမားကို ပွဲထွက်ခွင့်ပေးဖို့မဖြစ်နိုင်ဘူးလို့ ငြင်းဆိုတတ်ကြောင်း သိရပါတယ်။ နောက်ဆုံး ရွှန်းနီ ကြံ့ခိုင်မှုမပြည့်ဝတဲ့ အချိန်တောင် ရွှန်းနီကစားမယ်ဆိုရင် ကျန်ကစားသမားကို နေရာပေးဖို့စိတ်ကူးမရှိဘူးလို့ ဆိုပါတယ်။ ဒါကြောင့် ဟာနန်ဒက်ဇ်လည်း အသင်းပြောင်းရွှေ့သွားရတာဖြစ်ပါတယ်။ ဒါက ဗန်ဟားလ်လက်ထက်အထိ အခြေအနေဖြစ်ပါတယ်။ ခုတော့ မော်ရင်ဟို လက်ထက်ရောက်လာပြီး အခြေအနေတွေလည်း ပြောင်းလဲလာခဲ့ပါတယ်။ မော်ရင်ဟိုကိုယ်တိုင်က အစောပိုင်းအထိ ရွှန်းနီကို အသင်းမှာ နေရာတစ်နေရာ ဖန်တီးပေးနေခဲ့ပေမယ့် မန်စီးတီးကို ရှုံးနိမ့်ခဲ့အပြီးမှာတော့ နည်းဗျူဟာ ပြောင်းလဲဖို့ စဉ်းစားရာကနေ ရှိနေပြီး တစ်ချိန်တည်းမှာပဲ အမေရိကန်မေဂျာလိဂ်အသင်းတွေကလည်း ခေါ်ယူဖို့ အပြိုင်အဆိုင်အားထုတ်နေကြပါတယ်။

အားကစားမီဒီယာတွေအတွက်ကတော့ ရွှန်းနီ အရန်ခုံမှာ ထိုင်နေရတာကပဲ သတင်းဖြစ်နေပြီး ရွှန်းနီ ပြောင်းရွှေ့နိုင်တဲ့ အသင်းသစ်တွေကို အဖြေထုတ်ရာမှာ ပရီမီယာလိဂ်ကလပ်အာဆင်နယ်ပါ ပါဝင်နေတာကိုတွေ့ရပါတယ်။ အာဆင်နယ်နည်းပြ ဝင်းဂါးဟာ ရွှန်းနီရဲ့ ကစားပုံကို နှစ်သက်သူဖြစ်ပေမယ့် အာဆင်နယ်ရဲ့ မူအရ အသက် (၃၀) ကျော်ပြီဖြစ်တဲ့ ကစားသမားတစ်ယောက်ကို ခေါ်ယူဖို့ဆိုတာ အလားအလာနည်းသလို ဖြစ်လည်းမဖြစ်နိုင်တဲ့ ကိစ္စရပ်ဖြစ်ပါတယ်။ ရွှန်းနီဟာ ဖက်ရှင်လောကကို စိတ်ဝင်စားမှုပြင်းထန်လွန်းတဲ့ ဇနီး ကောလင်းရွှန်းနီ၊ သားသုံးယောက်ရဲ့ ပညာရေးကို ငဲ့ပြီး သူ့ကို ချိတ်ဆက်နေတဲ့ အမေရိကန်မေဂျာလိဂ်ကလပ်တွေဖြစ်တဲ့ အယ်လ်အေဂလက်စီ၊ နယူးယောက်ရက်ဘူးလ်အသင်းတွေ ရွေးချယ်မှာဖြစ်တာကြောင့် ဒီအပြောင်းအရွှေ့ဟာ မြန်ရင် ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်မှာပဲဖြစ်နိုင်ပြီး အနည်းငယ်နှောင့်နှေးရင်တော့ လာမယ့်နွေကျမှဖြစ်နိုင်တယ်လို့ အဖြေထုတ်လို့ရပါတယ်။

သမား သုံးဦးလောက်အထိ ရှိနေသလို တိုက်စစ်ပိုင်းအတွက် အီဗရာဟီမိုဗစ်ချ်၊ ရက်ရှ်ဖို့ဒ်နဲ့ လင်းဂတ်တို့ရှိနေတဲ့အတွက် မန်ယူအသင်းမှာ ရွှန်းနီနေရာရဖို့ အခွင့်အရေး မရှိတော့ပါဘူး။

ဒါကြောင့် ရွှန်းနီအနေနဲ့ အသင်းပြောင်းရွှေ့ဖို့ ဆုံးဖြတ်လိုက်တာက သူ့အတွက် အကောင်းဆုံးအဖြေတစ်ရပ်ဖြစ်ပြီး သူ အသင်းပြောင်းရင်လည်း ဒီကိစ္စရပ်က မီဒီယာတွေရဲ့ ထိပ်တန်းသတင်းအဖြစ်ဖော်ပြခံရဦးမှာတော့ အသေချာဆုံး ကိစ္စရပ်ပဲဖြစ်ပါတယ်။ ခြုံပြီး သုံးသပ်ရရင် ရွှန်းနီ မန်ယူက ထွက်ခွာချိန်ဟာ အနေးနဲ့အမြန်ဆိုသလို ရောက်ရှိလာမှာဖြစ်ပြီး ရွှန်းနီနဲ့ မန်ယူ အနာဂတ်ဟာ တစ်နေ့တခြား ဝေဝါးလာပြီလို့ ပြောရမှာဖြစ်ပါတယ်။ ။

## မာတာ၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် မန်ယူအနိုင်ရရှိခဲ့ပြီး လက်ရှိချန်ပီယံ မန်စီးတီး အီးအက်ဖ်အယ်လ်ပြိုင်ပွဲကို လက်ပြနှုတ်ဆက်ခဲ့ရ

အီးအက်ဖ်အယ်လ် ဖလားပြိုင်ပွဲ(၁၆) သင်းအဆင့်၏ လက်ကျန်ပွဲစဉ်များကို အောက်တိုဘာ ၂၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်း၊ ဝက်စ်ဟမ်းအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး အီးအက်ဖ်အယ်လ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

မန်ယူအသင်းသည် မန်ချက်စတာမြို့ခံပြိုင်ဘက် မန်စီးတီးအသင်းကို အိမ်ရှင်အဖြစ် ဧည့်ခံကစားခဲ့ရပြီး ကွင်းလယ်ကစားသမား မာတာ၏ ပွဲကစားချိန် ၅၄ မိနစ်တွင် သွင်းယူခဲ့သည့် တစ်လုံးတည်းသောသွင်းဂိုးဖြင့် မန်ယူအသင်းအနိုင်ရရှိခဲ့ကာ လက်ရှိချန်ပီယံဖြစ်သည့် မန်စီးတီးအသင်းမှာ အီးအက်ဖ်အယ်လ်ပြိုင်ပွဲကို လက်ပြနှုတ်ဆက်သွားခဲ့ရပြီဖြစ်သည်။




မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် မန်ယူအသင်းနှင့် ပွဲစဉ်တွင် နိုင်ပွဲရရှိရေးအတွက် ကစားသမား အပြောင်းအလဲ ကိုးဦးအထိပြုလုပ်ခဲ့သော်လည်း နိုင်ပွဲရရှိရန် အခက်ကြုံခဲ့ရပြီး ပြိုင်ပွဲအရပ်ရပ်တွင် ခြောက်ပွဲဆက် နိုင်ပွဲပျောက်ခဲ့ရသည့် မှတ်တမ်းဆိုးတစ်ခုရရှိသွားခဲ့သည်။ ဂွါဒီယိုလာ၏ နည်းပြသက်တမ်းတစ်လျှောက်တွင်လည်း အဆိုးရွားဆုံးရလဒ်ပင်ဖြစ်လာခဲ့သည်။

မန်စီးတီးအသင်းသည် စက်တင်ဘာ ၂၄ ရက်က ဆွမ်ဆီးအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်နောက်ပိုင်း ကစားခဲ့သည့်ပြိုင်ပွဲအရပ်ရပ်တွင် ခြောက်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။အဆိုပါပွဲစဉ်များမှာ စက်တင်ဘာ ၂၈ ရက်က ဆဲလ်တစ်အသင်းနှင့် တစ်ဖက်သုံးဂိုးစီသရေ၊ အောက်တိုဘာ ၂ ရက်က စပါးအသင်းအား နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်၊ အောက်တိုဘာ ၁၅ ရက်က အဲဗာတန်အသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေ၊ အောက်တိုဘာ ၁၉ ရက်က ဘာစီလိုနာအသင်းအား လေးဂိုးပြတ်ဖြင့် ရှုံးနိမ့်၊ အောက်တိုဘာ ၂၃ ရက်က ဆောက်သမ်တန်အသင်းနှင့် တစ်ဖက်တစ်ဂိုးစီသရေနှင့် ယခုမန်ယူအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ရလဒ်များအသီးသီးထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းအတွက် ယခုနိုင်ပွဲသည် နောက်ဆုံးငါးပွဲတွင် ဒုတိယအကြိမ်နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပြီး မန်ယူအသင်း နည်းပြ မော်ရင်ဟိုအတွက်မူ နည်းပြဂွါဒီယိုလာနှင့် တွေ့ဆုံခဲ့သည့် (၁၈)ကြိမ်တွေ့ဆုံခဲ့ရာတွင် လေးပွဲမြောက်နိုင်ပွဲလည်း ဖြစ်လာခဲ့သည်။ မန်ယူအသင်းသည် လက်ရှိတွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သော ကြောင့် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အီးအက်ဖ်အယ်လ် ဖလားပြိုင်ပွဲ၏ အခြားသော ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် လီဗာပူးအသင်းနှင့် လိစ်ဒ်အသင်း၊ ဟားစီးတီးအသင်းနှင့် နယူးကာဆယ်အသင်း၊ အာဆင်နယ်အသင်းနှင့်ဆောက်သမ်တန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး ကွာတားဖိုင်နယ်ပွဲစဉ်များကို နိုဝင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ငွေကြယ်

## စည်းကမ်းဖောက်ဖျက် မော်တော်ဆိုင်ကယ်များအား ရှောင်တခင်စစ်ဆေးအရေးယူ

**စဉ့်ကိုင် အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ပြည်သူများ အသက်အန္တရာယ်ကင်းရှင်းရေးနှင့် ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးတို့ကို ရှေးရှုလျက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျလိုက်နာကျင့်သုံးနိုင်ရေးတို့အတွက် စဉ့်ကိုင်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့ ရဲတပ်ကြပ် သန်းဌေးနှင့်တပ်ဖွဲ့များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ အောက်တိုဘာ ၂၆ ရက်က မြို့တွင်းနှင့် ရန်ကုန်၊ မန္တလေးလမ်းမကြီးပေါ်တွင် မော်တော်ဆိုင်ကယ်များအား ရှောင်တခင်စစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့်စည်းကမ်းချက်များဖြစ်သည့် လူနှစ်ဦးထက်ပိုမိုစီးနင်းသူများ၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများနှင့် ပါဝါအိတ်ဇောဖွင့်မောင်းနှင်သူများစသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သည့် မော်တော်ဆိုင်ကယ်များအား စိစစ်ဖမ်းဆီးကာမော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ ငွေဒဏ်များ ချမှတ်အရေးယူခဲ့ကြောင်း သိရသည်။

**ဖိုးအောင်(စဉ့်ကိုင်)**

## သူနာပြုသားဖွားပညာရေး ဆွေးနွေးဟောပြော

**လှိုင်ကော် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း(ဗဟို)နှင့် ကယားပြည်နယ်သူနာပြုနှင့် သားဖွားအသင်းတို့ ပူးပေါင်း၍ သူနာပြု၊ သားဖွား၊ ကျန်းမာရေးဆရာမများအတွက် ပြုလုပ်သော စဉ်ဆက်မပြတ် သူနာပြုသားဖွားပညာရေး ဆွေးနွေးဟောပြောပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီက လွိုင်ကော်မြို့ သူနာပြု သားဖွားသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ကယားပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မြင့်မြင့်မော် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ်ကုသရေးဦးစီးဌာနမှူး ပြည်နယ်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်နှင့် ကယားပြည်နယ် သူနာပြုနှင့်သားဖွားအသင်း ဥက္ကဋ္ဌ ဒေါ်ညိုညိုဦးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ရီဌေးက Nursing Ethics and Professional Conduct ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကယားပြည်နယ်သူနာပြုနှင့်သားဖွားအသင်းဝင် အထက်တန်း သူနာပြုဆရာမ ဒေါ်ငါးမြာက Thumb Sucking အကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း(ဗဟို)၊ အလုပ်အမှုဆောင် ဒေါ်သဇင်ကျော်က Nursing Documentation ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း(ဗဟို) အလုပ်အမှုဆောင် ဒေါ် HPထုရှန်က Nursing Management in Disaster ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးဟောပြောကြကြောင်း သိရသည်။

**လွိုင်ကော်ခရိုင်ပြန်/ဆက်**

# ဆရာ၊ ဆရာမများအား မီးသတ်ဆေးဘူး အသုံးပြုပုံ လက်တွေ့သရုပ်ပြ

**နေပြည်တော် အောက်တိုဘာ ၂၇**

ပွင့်လင်းခြောက်သွေ့သောရာသီတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်သောအနေဖြင့် ပညာရေးဌာနမှ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများအား ၂ ကီလိုဂရမ် အရွယ်အစားရှိ လက်ဆွဲမီးသတ်ဆေးဘူးများအား တပ်ဆင်ပေးမည်ဖြစ်သောကြောင့် အဆိုပါလက်ဆွဲမီးသတ်ဆေးဘူး အသုံးပြုနည်း လမ်းညွှန်နှင့် အသုံးပြုပုံများကို မြန်မာသီဟကုမ္ပဏီမှ တာဝန်ရှိသူဝန်ထမ်းများက နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးရုံး၌ အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲက လက်တွေ့စမ်းသပ်သရုပ်ပြခြင်းနှင့် လေ့ကျင့်ပေးခြင်းများကို ဆောင်ရွက်ပေးရာ နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးဦးစိုးဝင်း တက်ရောက်အားပေးသည်။

နေပြည်တော်ပညာရေး ညွှန်ကြားရေးမှူး ဦးစိုးဝင်းက နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၈၀ ကို နှစ်ကီလိုဂရမ် အရွယ်အစားရှိ တနိုင်လက်ဆွဲမီးသတ်ဆေးဘူးတွေ တပ်ဆင်ပေးမှာဖြစ်ပါတယ်။ အဲ့ဒါကြောင့် မီးသတ်ဆေးဘူး အသုံးပြုနည်းလမ်းညွှန်နှင့် အသုံးပြုပုံတွေကို ကုမ္ပဏီဝန်ထမ်းတွေက ဆရာ၊ ဆရာမများကို လက်တွေ့စမ်းသပ်သရုပ်ပြပေးခြင်းအပြင် လေ့ကျင့်ပေးခြင်းတွေကိုပါ လုပ်ဆောင်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ပညာရေးဌာနအနေဖြင့် ပွင့်လင်းခြောက်သွေ့သောရာသီတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နေပြည်တော်အတွင်းရှိ အထက်တန်းကျောင်းနှင့် အထက်တန်းကျောင်းခွဲ စုစုပေါင်း ၈၀ ကို တစ်ကျောင်းလျှင် ၁၀ ဘူးတပ်ဆင်ပေးမှာဖြစ်ကြောင်း သိရသည်။ **သန့်မောင်**

## ဆိပ်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများအား စိုက်ပျိုးရေးအသိပညာပေး

**ဆိပ်ဖြူ အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေး ဘာသာရပ်ပညာရှင်များက တောင်သူအသိပညာပေးပွဲကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲပိုင်းက အနောက်ကံတွင်းကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်သည်။

အဆိုပါ တောင်သူအသိပညာပေးဟောပြောပွဲကို တောင်သူဦးကြီးများအနေဖြင့် စိုက်ပျိုးထုတ်လုပ်ရာတွင် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံပြီး စိုက်ပျိုးရေးထွက်ကုန်များကို ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေး၊ တောင်သူများအနေဖြင့် လယ်ယာထွက်ကုန်များမှ မိသားစု ဝင်ငွေတိုးပွားလာစေပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးနှင့် ဓာတုဆေးဝါးကင်းစင်သည့် စိုက်ပျိုးရေးစနစ်များကို ဖော်ဆောင်နိုင်ရေးတို့ကို ရည်ရွယ်၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ပခုက္ကူခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးရန်နိုင်ဝင်းက အမှာစကားပြောကြားခဲ့ပြီး မကွေးခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းလွင်က ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများတွင် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နည်းများ ကွဲ၊ နွား တိရစ္ဆာန်များအတွက် အစာရှားပါးမှုမရှိစေရန် နေဗီယာမြက်စိုက်ပျိုးဖြေရှင်းနည်းများကို ရှင်းလင်းပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မော်မော်ဝင်းက ပိုးမွှားရောဂါ ကာကွယ်ရာတွင်သိရှိလိုက်နာရမည့် ဘက်စုံသီးနှံရောဂါပိုးမွှားများ ကာကွယ်နည်းစနစ်များကိုလည်းကောင်း၊ တိုင်းမျိုးစေ့တာဝန်ခံ ဒေါ်မိမိချိုက စိုက်ပျိုးသီးနှံများအလိုက် မျိုးကောင်းမျိုးသန့်စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မာသန်းက စိုက်ပျိုးမြေဆီလွှာထိန်းသိမ်းနည်းစနစ်များနှင့် မြေဩဇာသုံးစွဲခြင်းဆိုင်ရာနည်းစနစ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ဌေးဌေးအေးက ပြောင်းလဲလာသည့် ရာသီဥတုများနှင့်အညီ တောင်သူများအနေဖြင့် ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ဝင်စိုက်ပျိုးသီးနှံများကို စိုက်ပျိုးထုတ်လုပ်နိုင်ရန်နှင့် တောင်သူများ၏ စိုက်ပျိုးရေးအသိပညာများကို ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှင်းလင်း ဆွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေး ဘာသာရပ်ပညာရှင်များက တောင်သူများအား စိန်တလုံးသရက်ပင်ပျိုးများ၊ ရွက်ဖျန်းအားဆေးများ၊ စပါးစိုက်ခင်းများအတွက် ကြွက်သတ်ဆေးနှင့် ကွဲ၊ နွားများအတွက် နေဗီယာမြက်မျိုးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်** (IPRD)

# ပြည်သူ့အကျိုးရေးရှု၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေး ကွင်းဆင်းဆောင်ရွက်

**တပ်ကုန်း အောက်တိုဘာ ၂၇**

လျှပ်စစ်ဓာတ်အားများကို မြို့နှင့်ကျေးလက်နေပြည်သူများပါ နေရာအနှံ့အပြား၌ သုံးစွဲလျက်ရှိရာ အချို့သောသူများက လျှပ်စစ်အန္တရာယ်ကြီးမားမှုများအား မသိရှိဘဲ အမှတ်မထင်ပေါ့ဆစွာအသုံးပြုမှုကြောင့် ဓာတ်လိုက်ခံရခြင်း၊ ဓာတ်လိုက်သေဆုံးခြင်း၊ မီးလောင်မှုဖြစ်ပွားစေနိုင်သည့်အတွက် ကြိုတင်သတိပြုဆောင်ရွက်နိုင်ရန်နှင့် စနစ်တကျကိုင်တွယ်အသုံးပြုကြစေရန်အတွက် လျှပ်စစ်တာဝန်ရှိသူများ ကျေးလက်များနှင့် ဈေးရောင်း၊ ဈေးဝယ်များ၊ ခရီးသွားပြည်သူများ လျှပ်စစ်အန္တရာယ်သိရှိစေရန် အသိပညာပေးဟောပြောခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာနမှ သိရသည်။

နေပြည်တော်တပ်ကုန်းမြို့နယ် ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ် အသုံးပြုနိုင်စေရေး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ အင်ဂျင်နီယာ ဦးအောင်ဇော်ဇော်မျိုးနှင့်ဝန်ထမ်းများသည် အောက်တိုဘာ ပထမပတ်က လူစည်ကားသည့် စည်ပင်သာယာဈေးမြောက်ဘက်ခြမ်းရှိ လမ်းအနောက်ထိပ်နှင့်ရန်ကုန်-မန္တလေး ကားလမ်းဟောင်းမြို့တွင်းမီးပွိုင့်လမ်းဆုံတွင် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအသိပညာပေးမြေစိုက်ပိုစတာများစိုက်ထူပြီး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



ထို့နောက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၂ ရက် ညနေ ၃ နာရီတွင် ရွှေမြို့ကျေးရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ရာ အင်ဂျင်နီယာ ဦးအောင်ဇော်ဇော်မျိုးက လျှပ်စစ်မီးသုံးစွဲရာတွင် လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များ အသေးစိတ်ရှင်းလင်းဟောပြောပြီးနောက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ရွှေမြို့ကျေးရွာအုပ်စုအတွင်းရှိ ရွှေမြို့(ရှေ့)၊ ရွှေမြို့(နောက်)၊ ဘူတာ၊ ဘောဂ၊ ပင်းစု၊ သရက်တော ကျေးရွာတို့မှ ဒေသခံလျှပ်စစ်မီးလင်းရေးကော်မတီဝင်များနှင့် ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

"ကျွန်တော်တို့ ဒေသခံပြည်သူများ စားဝတ်နေရေးအတွက် သွားလာလှုပ်ရှားလုပ်ကိုင်နေကြရပါတယ်။ လျှပ်စစ်ဓာတ်အားဖြစ်တဲ့ လျှပ်စစ်မီးက အသုံးပြုတတ်ရင် အရာရာကို ဖြည့်စွမ်းပေးနိုင်သည့်အပြင် သတိမမူ အန္တရာယ်မမြင်ဘဲ ကိုင်တွယ်အသုံးပြုခဲ့မယ်ဆိုရင် အသက်အန္တရာယ်ပေးနိုင်ပါတယ်။ အခုလိုကျေးရွာအရောက် ဒေသခံပြည်သူများအတွက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များဖြန့်ဝေ အသိပညာပေးတဲ့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိပါတယ်"ဟု လျှပ်စစ်မီးလင်းရေးကော်မတီဝင်တစ်ဦးက ပြောပြသည်။

**တင်စိုးလွင်**

## မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံးအနေဖြင့် ဇမ္ဗူသီရိမြို့ သန့်ရှင်းသာယာလှပရေးအတွက် ကွန်ကရစ်ရေမြောင်းများတူးဖော်ခြင်းနှင့် လမ်းမီးများပြန်လည်အသစ်လဲလှယ်ခြင်း၊ အခြားထင်ရှားသည့် နေရာများကို အောက်တိုဘာ ၂၆ ရက်မှ စတင်ကာ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများသည် မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ရန် လျာထားသော ရပ်ကွက်အတွင်းရှိ ကွန်ကရစ်ရေမြောင်းများ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းအိမ်ရာ ပတ်လည်ရေမြောင်းများ၊ သပြေကုန်ရပ်ကွက် (ပေ ၁၀၀×ပေ ၁၀၀) အထူးမြေကွက်အတွင်းရှိ ကွန်ကရစ်ရေမြောင်းများအား ပြန်လည်တူးဖော်ခြင်း၊ မီးချောင်းနှင့် ချပ်များ အစားထိုးလဲလှယ်ခြင်းနှင့် သိဒ္ဓိ ၉ ရပ်ကွက်အတွင်းရှိ ရပ်ကွက်ဆိုင်းဘုတ်ကြီး ၁၅ ခု စသည်တို့ကို သန့်ရှင်းရေး လုပ်ငန်းများ၊ ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံးအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လာမည့် နိုဝင်ဘာလတွင်လည်း မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဖြစ်သည့် မင်္ဂလာရပ်ကွက်အတွင်း မင်္ဂလာကန် နှစ်ကန်အား ကျောက်စီမြေထိန်းနံရံပေါ်ရှိ ပေါင်းမြက်များရှင်းလင်းခြင်းနှင့် ရေကန်အတွင်း ရေမှော်နှင့် အမှိုက်များဆယ်ယူခြင်း၊ လမ်းဘေး ဝဲ၊ ယာ ကပ်တုံးများ ဆေးသုတ်ခြင်းနှင့် အခြားသာယာလှပရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## စစ်တောင်းတာ ရေတိုက်စားကမ်းပြိုမှုအခြေအနေအား တိုင်းဒေသကြီး ဝန်ကြီး ကွင်းဆင်းကြည့်ရှု

**ပဲခူး အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်သည် အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုး၊ ဦးစီးအရာရှိ ဦးညွန့်လွင်တို့လိုက်ပါလျက် ညောင်လေးပင်မြို့နယ် စစ်တောင်းမြစ်၏ ရေဘေးကာကွယ်ရေး တာတစ်ခုဖြစ်သော မဒေါက်မြို့ ဘုရားစုရပ်ကွက်အနီးရှိ စစ်တောင်းတာ တာမိုင် ၃၉/၀ နေရာ ရေတိုက်စားကမ်းပြိုမှုအခြေအနေ၊ တစ်ဖက်ကမ်း ရွှေကျင်မြို့နယ်ဘက် သောင်ထွန်းနေမှုအခြေအနေ၊ စစ်တောင်းတာအား ကာကွယ်ရန် ပန်းတာသစ်တည်ဆောက်ရန် လျာထားသည့်နေရာများအား ကွင်းဆင်းကြည့်ရှုခဲ့သည်။

ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်နှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့က ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်နှင့် ညောင်ပင်လေးမြို့နယ်အတွင်းရှိ စစ်တောင်းတာသည် အလျား ၄၉ မိုင် ၁ ဖာလုံ ရှိပြီး ၁၈၈၃ ခုနှစ်တွင် တည်ဆောက်ခဲ့ကြောင်း၊ မြို့နယ်နှစ်မြို့နယ်အတွင်းရှိ လယ်မြေဧက ၅၂၄၃၄ အား ရေဘေးကာကွယ်လျက်ရှိကြောင်းနှင့် ရေဘေးကာကွယ်တားဆီးရေးလုပ်ငန်းဆိုင်ရာ ဆောက်ရွက်မှုများအား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ဝန်ကြီးက ဝန်ထမ်းများ၊ ဒေသခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ရာ အစိုးရနှင့် ဌာနမှ ပြည်သူ့အကျိုးအတွက် ကာကွယ်ဆောင်ရွက်နေမှုအပေါ် ဒေသခံများမှ အတူပူးပေါင်းပါဝင် ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် ကူညီဆောင်ရွက်ရန်၊ ဆွေးနွေးပွဲများပြုလုပ်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

## ရေတိုက်စားမှုကြောင့် မဲဇာချောင်းတံတားချဉ်းကပ်လမ်း ပြိုကျ၊ သွားလာရေးခက်ခဲ၍ အမြန်ဆုံးပြုပြင်ပေးရန်ပြည်သူများလိုလား



**ထီးချိုင့် အောက်တိုဘာ ၂၇**

စစ်ကိုင်း-ရွှေဘို-မြစ်ကြီးနား အမှတ် (၃) ခရိုင်ချင်းဆက်လမ်းသည် စစ်ကိုင်းတိုင်း ကသာခရိုင် ထီးချိုင့်မြို့နယ်အတွင်း ဘောင်းတော်ကျေးမှ မဲဟင်းထိ ၃၇ မိုင် ၇ ဖာလုံပါဝင်လျက်ရှိပြီး တံတား ၃၈ စင်း၊ ရေပြွန် ၂၈ စင်း၊ ရေကျော် ၃ စင်း တည်ဆောက်ထားကြောင်း သိရသည်။

အဆိုပါတံတား ၃၈ စင်းအနက် ထီးချိုင့်မြို့၏ အနောက်တောင်ဘက် ၆ မိုင်ခန့်အကွာ ဒိုးပင်ရွာနှင့် မိချောင်းအိုက်ရွာအနီး မဲဇာချောင်းကို ဖြတ်သန်းဖောက်လုပ်ထားသော မဲဇာချောင်းတံတားသည် မဲဇာရေတိုက်စားမှုကြောင့် ချဉ်းကပ်လမ်း ဝဲယာတွင် မြေများပြိုကျပြီး ခရီးသွားပြည်သူများ သွားလာရေးခက်ခဲနေကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်အတွင်းမှ အုပ်စု ၁၀ ခု၊ ကျေးရွာပေါင်း ၃၀ က ပြည်သူများ၊ ရဟန်းသံဃာများ၊ မြို့သို့ ကျောင်းတက်လာသောကျောင်းသား၊ ကျောင်းသူများသည် မဲဇာချောင်းတံတားကိုဖြတ်၍ ထီးချိုင့်မြို့သို့သွားလာရသည့်အတွက် မရှိမဖြစ်လိုအပ်သော တံတားတစ်စင်းဖြစ်သည်။

ပွင့်လင်းရာသီ၌ ချွန်းတောင်လိုင်း၊ ညောင်ပင်သာလိုင်း၊ တောမလိုင်းကားများလည်း မဲဇာချောင်းတံတားကိုဖြတ်၍ပြေးဆွဲနေကြောင်းသိရသည်။ ယင်းအပြင် ကောလင်းမြို့နယ် ကျောက်တန်းမှ ထီးချိုင့်မြို့-ကသာမြို့-မြစ်ကြီးနားမြို့များသို့ သွားလာလျှင် အမြန်ဆုံးရောက်နိုင်သော ဖြတ်လမ်းဖြစ်သည့်အတွက် အဆိုပါမဲဇာချောင်းတံတားသည် အမှတ် ၃ ခရိုင်ချင်းဆက်လမ်းပေါ်တွင် အရေးပါပြီး အဓိကကျသောတံတားတစ်စင်းဖြစ်သည်။

အဆိုပါတံတား၏ ချဉ်းကပ်လမ်း ဝဲယာ၌ ရေများတိုက်စားပြီး မြေများပြိုကျကာ ယာဉ်များသွားလာရာ အခက်အခဲနှင့်ကြုံတွေ့နေရသည့်အတွက် အမြန်ဆုံးပြုပြင်ပေးရန် ပြည်သူများလိုလားနေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်းသင်တန်းဖွင့်လှစ်

**ခရမ်း အောက်တိုဘာ ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသများအချိန်မြန်ဆန်၍တိကျ ခိုင်မာမှန်ကန်သည့်အချက်အလက်များ ပြည့်စုံမှန်ကန်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကျေးရွာနေပြည်သူလူထု ပူးပေါင်းပါဝင်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းသင်တန်း ၃/၂၀၁၆ ဖွင့်လှစ်ပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီက ခရမ်းမြို့နယ် အရှေ့ခြမ်းရေကျော်ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစတင်မျိုးလွင်နှင့် သင်တန်းနည်းပြဆရာ ဦးကျော်နိုင်တို့က သင်တန်း၏ရည်ရွယ်ချက်များ၊ သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ခရမ်းမြို့နယ်အရှေ့ခြမ်း ရေကျော်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာ ၁၇ ရွာမှ တစ်ရွာလျှင် နှစ်ဦးကျဖြင့် သင်တန်းသား၊ သင်တန်းသူ ၃၄ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ လေးရက်ကြာမြင့်သည်။

**ကိုမင်း(ခရမ်း)**

## အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်း

**ကျောက်ကြီး အောက်တိုဘာ ၂၇**

အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၁၁ နာရီက ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် သဲကုန်းကျေးရွာ မူလွန်ကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်၊ အလှူရှင်ဒေါ်နန်းနွယ်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အလှူရှင်မိသားစုက လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်မှာ ပေ ၈၀ × ပေ ၃၀ ရှိအာရ်စီတစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့နေ အလှူရှင် ဒေါ်နန်းနွယ်မိသားစုက ငွေကျပ် ၂၈၀၀၀၀၀၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျန်းမာရေးအထောက်အကူပြု မေတ္တာပီတိ အခမဲ့ဆေးခန်းဖွင့်လှစ်



**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက်တွင် အလျားပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေရှိ steel structure ဖြင့် ဆောက်လုပ်ထားသော မေတ္တာပီတိအခမဲ့ဆေးခန်းကို အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

မေတ္တာပီတိအခမဲ့ဆေးခန်းကို နေ့စဉ် ညနေ ၅ နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်ပြီး နှလုံးအထူးကုဆရာဝန်ကြီးများ၊ အရိုး အကြောအထူးကုဆရာဝန်ကြီးများ၊ အထွေထွေရောဂါကုဆရာဝန်ကြီးများက ပြည်သူများအား ကုသပေးမည်ဖြစ်သည်။

“မေတ္တာပီတိပရဟိတလူမှုရေးအသင်းကို ရပ်ကွက်အုပ်ချုပ်ရေး၊ ရပ်မိရပ်ဖ၊ စေတနာလုပ်အားပေး လူငယ်များဖြင့် ဖွဲ့စည်းပြီး ကျန်းမာရေးအထောက်အကူပြုဆေးခန်းကို ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆေးပညာရှင် ဆရာဝန်ကြီးများ၊ သူနာပြုများက စေတနာလုပ်အားဖြင့် ကူညီပံ့ပိုးပေးခဲ့ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန့်စင်ထွဋ်က ပြောကြားသည်။

ဆေးခန်းကော်မတီဥက္ကဋ္ဌ ဦးအောင်သစ်က လူမှုရေးလုပ်ငန်း၊ ပရဟိတလုပ်ငန်းဖြင့် ရပ်ကွက်ပြည်သူများ၏ ကျန်းမာရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ရာတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသည့် စေတနာရှင်များအားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။

တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ အလှူရှင် ဦးခင်မောင်လတ်နှင့် အလှူရှင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ သာသနာ့ဟိတကာရီဓမ္မာရုံနာယကများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**

## မြေစိုက်ရေကန် သန့်ရှင်းရေးနှင့် မြက်ချုံများရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၂၇**

လွှတ်တော်ကိုယ်စားလှယ်များနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးတင့်လွင်တို့ ပူးပေါင်းစီစဉ်မှုဖြင့် ခရိုင်အတွင်းရှိ တောင်ဥက္ကလာပမြို့နယ် ၁၂ ရပ်ကွက် မင်္ဂလာလမ်းတွင် မြေစိုက်ရေကန်အား ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်အနေဖြင့် အောက်တိုဘာ ၂၂ ရက် နံနက်က ကန်ရေပြင်သန့်ရှင်းရေးနှင့် ကန်ပေါင်တစ်လျှောက် မြက်ချုံများ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြသည်။

“ပွင့်လင်းရာသီလည်း ရောက်တော့မှာဖြစ်တဲ့အတွက် မြေစိုက်ရေကန်မှာ သန့်ရှင်းရေး ကောင်းမွန်ဖို့လိုအပ်ပါတယ်။ အဝင်အထွက်လမ်းတွေလည်း ကောင်းမွန်ဖို့လိုပါတယ်။ အရေးပေါ်အခြေအနေမှာ လိုအပ်တဲ့ရေကို အလွယ်တကူရယူနိုင်စေရန် မြက်ချုံတွေခုတ်ထွင်ရှင်းလင်းပေးရတာပါ” ဟု တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦးက ပြောသည်။

အဆိုပါလုပ်ငန်းအား တွဲဖက်ဌာနများဖြစ်သည့် လမ်းတံတားဌာန၊ သန့်ရှင်းရေးဌာနနှင့် ပန်းဥယျာဉ်ဌာနဝန်ထမ်းများ၊ စီမံရေးရာဌာနဝန်ထမ်းများ စုပေါင်း၍ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(၁၉၇)**



## အိမ်မဲတွင်ပြည်သူများ သွားလာမှုအဆင်ပြေရေး ကွန်ကရစ်လမ်းနှင့် Box Culvert များ ပြုလုပ်

**အိမ်မဲ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမင်းဇော်ဦးဆောင်မှုဖြင့် အိမ်မဲမြို့နယ်အတွင်း မြို့သန့်ရှင်းသာယာလှပရေး၊ ပြည်သူများသွားလာမှု အဆင်ပြေစေရေးအတွက် လမ်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အိမ်မဲမြို့နယ် စာချွန်ခံရပ်ကွက် စံပယ်လမ်းသွယ်တွင် ကွန်ကရစ်လမ်းခင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ဆောင်ရွက်ခြင်းနှင့် အထက်ပိုင်းရပ်ကွက် မဥ္ဇူလမ်းတွင် အလျား ပေ ၂၀၊ အနံ ငါးပေ၊ ထု လေးပေရှိ ကွန်ကရစ်ရေမြောင်း၊ Box Culvert ကို ကုန်ကျစရိတ် ၁၈၁၀၀၀၀ ကျပ်ဖြင့် ဆောက်လုပ်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ ကွန်ကရစ်ရေမြောင်းဆောက်လုပ်သည့်လမ်းသည် အိမ်မဲ အ-ထ-က ကျောင်းသား၊ ကျောင်းသူများ ဆရာ၊ ဆရာမများ အဓိကသွားလာလျက်ရှိသော လမ်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

SERIE A TIM

## အီတလီစီးရီးအေရင်ခုန်သံ-၁၁

# ယူရိုပါလိဂ်လောင်းရိပ်အောက်မှာအနိုင်ရဖို့ခက်ခဲနေမယ့်အင်တာ

**အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ်-၁၁ ကို လာမယ့်အောက်တိုလာ ၂၉၊ ၃၀၊ ၃၁ နဲ့ နိုဝင်ဘာ ၁ ရက်တွေမှာဆက်လက်ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်ဟာ ပွဲစဉ်-၁၀ နဲ့ နီးကပ်နေလို့ပွဲ ပန်းမှုတွေရှိလာနိုင်တာကိုသတိပြုရဖို့ရှိနေကာ ဂျူဗင်တပ်နဲ့နာပိုလီ ဆုံတွေ့နေတာကြောင့်အကြိတ်အနယ်ရှိနိုင်ပါတယ်။**

**ရှိုင်း မင်း မင်း**

| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| ဇက်ကို( ရိုးမား) | - ၈ ဂိုး |
| အစ်ကာဒီ( အင်တာမီလန်) | - ၆ ဂိုး |
| ကယ်လီဂျွန်(နာပိုလီ) | - ၆ ဂိုး |
| ဘက်ကာ(အေစီမီလန်) | - ၆ ဂိုး |
| ဟီဂွာအင်(ဂျူဗင်တပ်) | - ၆ ဂိုး |



အီတလီစီးရီးအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဂျူဗင်တပ် | ၉ | ၇ | ၀ | ၂ | ၁၇ | ၆ | ၁၁ | ၂၁ |
| ၂ | ရိုးမား | ၉ | ၆ | ၁ | ၂ | ၂၃ | ၁၁ | ၁၂ | ၁၉ |
| ၃ | အေစီမီလန် | ၉ | ၆ | ၁ | ၂ | ၁၆ | ၁၁ | ၅ | ၁၉ |
| ၄ | နာပိုလီ | ၉ | ၅ | ၂ | ၂ | ၁၇ | ၁၀ | ၇ | ၁၇ |
| ၅ | တိုရီနို | ၉ | ၄ | ၃ | ၂ | ၁၉ | ၁၁ | ၈ | ၁၅ |
| ၆ | လာဇီယို | ၉ | ၄ | ၃ | ၂ | ၁၆ | ၁၀ | ၆ | ၁၅ |
| ၇ | ချီယေဗို | ၉ | ၄ | ၂ | ၃ | ၁၀ | ၉ | ၁ | ၁၄ |
| ၈ | အတ္တလန္တာ | ၉ | ၄ | ၁ | ၄ | ၁၂ | ၁၃ | -၁ | ၁၃ |
| ၉ | ဆာစူအိုလို | ၉ | ၄ | ၁ | ၄ | ၁၂ | ၁၄ | -၂ | ၁၃ |
| ၁၀ | ကယ်ဂလီယာရီ | ၉ | ၄ | ၁ | ၄ | ၁၆ | ၁၉ | -၃ | ၁၃ |
| ၁၁ | ဖီအိုရင်တီးနား | ၈ | ၃ | ၃ | ၂ | ၁၁ | ၉ | ၂ | ၁၂ |
| ၁၂ | ဂျီနိုအာ | ၈ | ၃ | ၃ | ၂ | ၉ | ၇ | ၂ | ၁၂ |
| ၁၃ | ဘိုလော့နာ | ၉ | ၃ | ၃ | ၃ | ၁၀ | ၁၃ | -၃ | ၁၂ |
| ၁၄ | အင်တာမီလန် | ၉ | ၃ | ၂ | ၄ | ၁၁ | ၁၂ | -၁ | ၁၁ |
| ၁၅ | ဆမ်ဒိုးရီးယား | ၉ | ၃ | ၂ | ၄ | ၁၀ | ၁၂ | -၂ | ၁၁ |
| ၁၆ | အူဒီးနီးစ် | ၉ | ၃ | ၁ | ၅ | ၁၀ | ၁၅ | -၅ | ၁၀ |
| ၁၇ | ပက်စ်ကာရာ | ၉ | ၁ | ၄ | ၄ | ၉ | ၁၄ | -၅ | ၇ |
| ၁၈ | အမ်ပိုလီ | ၉ | ၁ | ၃ | ၅ | ၂ | ၁၁ | -၉ | ၆ |
| ၁၉ | ပါလာမို | ၉ | ၁ | ၃ | ၅ | ၆ | ၁၆ | -၁၀ | ၆ |
| ၂၀ | ခရိုတိုနီ | ၉ | ၀ | ၁ | ၈ | ၇ | ၂၀ | -၁၃ | ၁ |

### ဘိုလော့နာ - ဖီအိုရင်တီးနား
**ည ၁၀း၃၀ (၂၉-၁၀-၁၆)**

ဒီပွဲစဉ်အပြီးမှာ ယူရိုပါလိဂ်ကစားရဖို့ရှိပေမယ့်လည်း လက်ရှိအချိန်မှာ ဖီအိုရင်တီးနားက ယူရိုပါလိဂ်မှာ နောက်တစ်ဆင့်တက်နိုင်ဖို့ နီးစပ်နေတာကြောင့် အခုပွဲကို ပိုမိုအာရုံစိုက်နိုင်ခြေရှိနေပါတယ်။ ဖီအိုရင်တီးနားအနေနဲ့ စီးရီးအေမှာ အမှတ်ဆုံးရှုံးမှုတွေရှိခဲ့တာကြောင့်လည်းပိုမိုအားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်ဘိုလော့နာကလည်း အိမ်ကွင်း ကစားပုံကောင်းမွန်မှုရှိတာကြောင့် ဖီအိုရင်တီးနား အခက်တွေ့နိုင်ကာကပ်ပြီးသာ အနိုင်ရနိုင်တယ်။

### အတ္တလန္တာ - ဂျီနိုအာ
**ည ၆း၀၀ (၃၀-၁၀-၁၆)**

အတ္တလန္တာကလက်ရှိခြေစွမ်းပိုင်းအရ သာမန်သာရှိတယ်လို့ဆို နိုင်ပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကအိမ်ကွင်း၊ အဝေးကွင်း မရွေးအားနည်းမှုတွေရှိနေပါတယ်။ ဒါပေမယ့်လည်း ဂျီနိုအာကခြေစွမ်းပိုင်း သာမန်သာရှိတဲ့အပြင် အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်း တည်ငြိမ်မှုပိုမိုအားနည်းတတ်ပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်း အားနဲ့ဖိအားပေးကစားလာမယ့် အတ္တလန္တာတို့အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်းကပ်ရနိုင်ပါတယ်။

### အမ်ပိုလီ - ရိုးမား
**ည ၇း၃၀ (၃၀-၁၀-၁၆)**

ရိုးမားဟာ ဂျူဗင်တပ်နဲ့နာပိုလီတို့ဆုံတွေ့နေချိန်မှာ နိုင်ပွဲရယူထားနိုင်ဖို့အတွက် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ရိုးမားအနေနဲ့ ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ကစားရဖို့ရှိနေသလို အဆိုပါယူရိုပါလိဂ်ပွဲကလည်း အမှားမခံတဲ့ အနေအထားမှာရှိနေတာကြောင့် ဒီပွဲမှာခြေ ကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်ပေမယ့်လည်း ပြိုင်ဘက်အမ်ပိုလီကလည်း ခြေစွမ်းပိုင်းအားနည်းလွန်းနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာရိုးမားကသာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

### အေစီမီလန် - ပက်စ်ကာရာ
**ည ၇း၃၀ (၃၀-၁၀-၁၆)**

အေစီမီလန်ရဲ့ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာရှိနေကာ ဂျူဗင်တပ်ကိုတောင်အနိုင်ကစားနိုင်ခဲ့ပါတယ်။ ခံစစ်ပိုင်းကစားပုံကလည်းတိုးတက်မှုတွေရှိလာပါတယ်။ အိမ်ကွင်းလည်းဖြစ်သလိုဥရောပ ပွဲလည်းမရှိတာကြောင့် ဒီပွဲစဉ်မှာနိုင်ပွဲရယူနိုင်ဖို့အတွက် ပိုမိုအားစိုက်လာနိုင်ဖို့ရှိနေပါတယ်။ ဒါ့အပြင်ပက်စ်ကာရာကလည်းခြေစွမ်းပိုင်း အားနည်းနေတာကြောင့် အေစီမီလန်တို့ပိုမိုအသာရနိုင်ပါတယ်။ အေစီမီလန်ပဲအနိုင်ရသွားဖို့ရှိနေပါတယ်။

### အူဒီးနီးစ် - တိုရီနို
**နံနက် ၀၀း၀၀ (၁-၁၁-၁၆)**

တိုရီနိုက ခြေစွမ်းမဆိုးဘူးလို့ ဆိုနိုင်ပေမယ့်လည်း အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းကျဆင်းတတ်ပါတယ်။ လက်ရှိအချိန်အထိအဝေးကွင်းမှာ ခံစစ်ပိုင်းကအစအားနည်းမှုတွေရှိနေပါတယ်။ အူဒီးနီးစ်ကတော့ အိမ်ကွင်းအားနဲ့ ဖိအားပေးလာမှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း အူဒီးနီးစ်ကလည်းခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေကာ ခံစစ်ပိုင်းကအစကျစ်လစ်မှု မရှိပါဘူး။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ တိုရီနိုတို့အနိမ့်ဆုံးသရေလောက်ကစားနိုင်မှာပါ။

### ဂျူဗင်တပ် - နာပိုလီ
**နံနက် ၁း၁၅ (၂၉-၁၀-၁၆)**

နှစ်သင်းစလုံး ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိနေပါတယ်။ နှစ်သင်းစလုံးအနေနဲ့ အဆိုပါချန်ပီယံလိဂ်မှာလည်းအမှားခံလို့မရသေးတာကြောင့် ဒီပွဲစဉ်မှာခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ဒါ ပေမယ့် လက်ရှိအချိန်မှာ ဂျူဗင်တပ်ရဲ့ ကစားပုံက နာပိုလီထက်ပိုမို ကောင်းမွန်မှုရှိပါတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ နာပိုလီကတော့ အဝေးကွင်းပွဲတွေမှာ ခြေက ပိုမိုကျဆင်းတတ်ပါတယ်။ ဂျူဗင်တပ်ပဲ အနိုင်ရယူသွားနိုင်ဖို့ရှိနေပါတယ်။

### ခရိုတိုနီ - ချီယေဗို
**ည ၇း၃၀ (၃၀-၁၀-၁၆)**

ခရိုတိုနီရဲ့ခြေစွမ်းပိုင်းက အားနည်းလွန်းနေပါတယ်။ ခံစစ်ပိုင်း ကအားနည်းလွန်းနေတာကြောင့်လည်း အိမ်ကွင်းဖြစ်ပေမယ့် ချီယေဗိုရဲ့တိုက်စစ်ပိုင်းကိုထိန်းချုပ်နိုင်ဖို့ခက်ခဲလာနိုင်ပါတယ်။ ချီယေဗိုက အဝေးကွင်းမှာလည်း ခြေစွမ်းပိုင်းမဆိုးသလို ပက်စ်ကာရာနဲ့ အူဒီးနီးစ် တို့ကိုအနိုင်ကစားနိုင်ခဲ့ပါတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရှိနေတာကြောင့် အားနည်းတဲ့ခရိုတိုနီခံစစ်ကိုဖိအားပေးနိုင်ဖို့ရှိနေပါတယ်။

### လာဇီယို - ဆာစူအိုလို
**ည ၇း၃၀ (၃၀-၁၀-၁၆)**

လာဇီယိုရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်တာကြောင့် ဆာစူအိုလိုကိုဖိအားပေးကစားနိုင်ဖို့ရှိနေပါတယ်။ ဆာစူအိုလိုက ဒီပွဲအပြီးမှာ ယူရိုပါလိဂ်လည်း ကစားရဖို့ရှိနေပါတယ်။ အဆိုပါ ယူရိုပါလိဂ်ကလည်း ဆာစူအိုလိုအတွက်အမှားမခံတဲ့အခြေအနေမှာရှိနေလို့ ခြေကုန်ထုတ်နိုင်ဖို့ခက်မယ်။ လာဇီယိုပဲအနိုင်ရမယ်။

### ဆမ်ဒိုးရီးယား - အင်တာ
**နံနက် ၂း၁၅ (၃၁-၁၀-၁၆)**

အင်တာမီလန်ဟာ ယူရိုပါလိဂ်မှာလက်ရှိအုပ်စုအောက်ဆုံးကို ရောက်ရှိနေပေမယ့်လည်း အမှတ်ကွာဟမှုသိပ်မရှိတာကြောင့် လက်ကျန်ပွဲတွေအနိုင်ရခဲ့ရင် နောက်တစ်ဆင့်ကိုတက်ရောက်နိုင်ခွင့်ရှိနေပါတယ်။ ဒါကြောင့်လည်း အင်တာအနေနဲ့ ဒီပွဲအပြီးမှာကစားရမယ့် ယူရိုပါလိဂ်ကိုပိုမိုအားစိုက်လာဖို့ရှိနေကာ ဒီပွဲမှာခြေကုန်ထုတ်နိုင် ဖို့ခက်ပါတယ်။ ဒါကြောင့်လည်းဆမ့်ဒိုးရီးယားကိုအသာရဖို့ခက်ပြီး အမြင့်ဆုံးသရေလောက်ပဲကစားနိုင်ခြေရှိပါတယ်။

### ကယ်ဂလီယာရီ - ပါလာမို
**နံနက် ၂း၁၅ (၁-၁၁-၁၆)**

ကယ်ဂလီယာရီက ခြေစွမ်းပိုင်းသာမန်သာရှိပေမယ့် အိမ်ကွင်းပွဲတွေမှာ ကစားပုံကကောင်းမွန်မှုရှိပါတယ်။ ခံစစ်ပိုင်းကအစ အဝေးကွင်းထက်အိမ်ကွင်းမှာ စွမ်းဆောင်ရည် သိသိသာသာကောင်းမွန်မှု ပိုရှိပါတယ်။ ဒါပေမယ့်လည်း ပါလာမိုကလည်း အဝေးကွင်းပွဲတွေမှာ ရုန်းအားကောင်းမွန်မှုရှိတာကို သတိပြုရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကယ်ဂလီယာရီတို့ အိမ်ကွင်းမှာလွယ်လွယ်အသာမရနိုင်သလို နိုင်ရင်တောင်ဂိုးပြတ်ဖို့ခက်ပါတယ်။

# ဒိုနားရူးမား အေစီမီလန်တွင်သာ ဆက်ရှိမည်

အေစီမီလန်လူငယ်ဂိုးသမား ဒိုနာရူးမားသည် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ရန် ချိတ်ဆက်မှုများရှိနေပြီဟုဆိုသော သတင်းများမှာ ဟာသသက်သက်သာသာဖြစ်ပြီး အေစီမီလန်၌ပင် ကာလကြာရှည်ဆက်ရှိနေမည်ဖြစ်ကြောင်း အေစီမီလန် အမှုဆောင်အရာရှိချုပ်အက်ဒရီယာနို ဂယ်လီရာနီ၏ ပြောကြားချက်ကို ကိုးကား၍ ဂိုးလ်ဒေါ့ကွန်းကဖော်ပြသည်။

ဒိုနာရူးမားသည် အသက် (၁၇) နှစ်အရွယ်သာရှိသေးသော်လည်း အေစီမီလန်နှင့်ပြီးခဲ့သည့်နှစ် အောက်တိုဘာလကတည်းက ပွဲထွက်ခွင့်ရရှိနေသူဖြစ်ရာအီတလီလက်ရွေးစင် ဂိုးသမား ဘတ်ဖွန်၏နေရာကို ဆက်ခံနိုင်သူအဖြစ် ထင်ကြေးအပေးခံရဆုံး ကစားသမားလည်းဖြစ်သည်။အေစီမီလန်က ဂျူဗင်တပ်အား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် လက်စွမ်းပြနိုင်ခဲ့ပြီးနောက် ဥရောပကလပ်အသင်းကြီးများ၏ စိတ်ဝင်စားမှု အမြင့်ဆုံးအဆင့်သို့ရောက်ရှိလာခဲ့သည်။

သို့သော် ဂယ်လီရာနီက ဒိုနားရူးမားမှာ အီတလီအသင်းအတွက်သာမက ဂျူဗင်တပ်တွင်လည်း ဘတ်ဖွန်နေရာ ဆက်ခံမည့် ဂိုးသမား ဖြစ်လာနိုင်သည်လားဆိုသည့်မေးခွန်းအတွက်မူ "ခင်ဗျားတို့ ဟာသ တွေပြောမနေပါနဲ့ဗျာ။ တကယ်က သူက အေစီမီလန်ကစားသမားလေ။ ပြီးတော့ ဘတ်ဖွန်က ဂျူဗီအသင်းနဲ့ ၂၀၁၈ ခုနှစ်အထိစာချုပ်ရှိတဲ့ ကစားသမားဖြစ်သလို ခုထိလည်းအကောင်းဆုံးလက်စွမ်းပြနေနိုင်တုန်းပါပဲ။ ဒါ့အပြင်အေစီမီလန်အသင်းက ကစားသမားတွေကို ကာလကြာရှည်ထိန်းထားနိုင်တဲ့ အစဉ်အလာလည်းရှိလို့ ဒိုနာရူးမား ဘယ်အသင်းကိုမှ ပြောင်းမှာ မဟုတ်ပါဘူး" ဟု ပြောကြားလိုက်သည်။

**မေလဲ့သင်း**

■

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီး သုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့် စပ်ဆိုင်သောဆောင်းပါးများကို အပတ်စဉ် (သောကြာနေ့)တိုင်း ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူအာဘော်သာ ဖြစ်ပါသည်။*
*(စာတည်းအဖွဲ့)*

# ဥပဒေပြုသူကောင်းများ ပိုမိုဖြစ်ထွန်းစေရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင် ကြံ့ခိုင်စေရေး

**ခ မောင်စာဂ**

နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့်ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းထားသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များအား ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းထားသည်။ သို့ဖြစ်ရာ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များတွင် ပါဝင်ကြသောလွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုပိုင်ခွင့်ရှိသူများ သို့မဟုတ် ဥပဒေပြုသူများ (Law makers) ဖြစ်ကြသည်။

ဥပဒေပြုသူများသည် အများပြည်သူနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သော တရားမျှတမှုရှိသည့် ဥပဒေများအစဉ်သဖြင့် ဖြစ်ထွန်းပေါ်ပေါက်နေစေရန် ဆောင်ရွက်ပေးနိုင်ကြမည်ဆိုလျှင် ဥပဒေပြုရေးမဏ္ဍိုင်သည် မယိမ်းမယိုင် အစဉ်သာ မြဲမြံကြံ့ခိုင်နေမည် ဖြစ်ပေသည်။

**ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခွင့်အာဏာ**

ပြည်ထောင်စုလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဇယား ၁ တွင် ဖော်ပြထားသော ပြည်ထောင်စုဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော် လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြုစုရမည့် ဥပဒေပြု စာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုခွင့်ရှိသည်။

ပြည်ထောင်စုနယ်မြေအတွက် ဥပဒေပြဋ္ဌာန်းပေးရန် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်ကပင် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းပေးရသည်။

ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။ ထို့ပြင် သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခွင့်အာဏာ**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့် စပ်လျဉ်း၍တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဥပဒေတစ်ရပ်ရပ် ပြဋ္ဌာန်းသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။ သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့၏ ဥပဒေပြုခွင့်အာဏာ**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များအား မိမိတို့တိုင်း သို့မဟုတ် ဒေသအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ဇယား ၃ တွင် ဖော်ပြထားသော ဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုခွင့်ရှိသည်။

**ဥပဒေပြုခြင်းဆိုသည်မှာ**

ဥပဒေပြုခြင်းဟူသည် ဥပဒေတစ်ရပ်ကို ပြုခြင်း၊ ပြဋ္ဌာန်းခြင်းသာမကဘဲ ဥပဒေတစ်ရပ်ကို ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်းတို့လည်း ပါဝင်သည်။ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေမည့် ဥပဒေအသစ်များကို ပြုပေးရသည်။ လိုက်လျောညီထွေမရှိသည့် ဥပဒေများကို ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်းတို့ပြုပေးရသည်။ ဥပဒေတစ်ရပ်လုံးကို ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်းပြုရန်မဟုတ်ဘဲ ဥပဒေပါ ပြဋ္ဌာန်းချက် တချို့တစ်ဝက်၊ တစ်စိတ်တစ်ဒေသကိုသာ ပြင်ဆင်ပေးရန် လိုအပ်သည့်အခါ ပြင်ဆင်ပြဋ္ဌာန်းပေးခြင်း ပြုလုပ်ရသည်။

**အဓိကဦးတည်ပြဋ္ဌာန်းရမည့် ဥပဒေများ**

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) နိုင်ငံတော်အခြေခံမူများ အခန်းတွင် ဆိုင်ရာပုဒ်မအလိုက် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းရမည်ဖြစ်ကြောင်း အောက်ပါအတိုင်း တွေ့ရှိရသည်-

(က) နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့် တားမြစ်ချက်များထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သော ဥပဒေများ၊ [ပုဒ်မ ၂၁ (ဃ)]

(ခ) တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ၊ [ပုဒ်မ ၂၃ (က)]

(ဂ) အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများ၊ [ပုဒ်မ ၂၄ ]

(ဃ) နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင် အာမခံချက်ရရှိရေး၊ စားဝတ်နေမှု ဖူလုံရေး၊အိမ်ထောင်ရှင်အမျိုးသမီး ဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှုသက်သာချောင်ချိရေးတို့အတွက် လိုအပ်သည့်ဥပဒေများ၊ [ပုဒ်မ ၂၆ (ခ)]

(င) ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့်ဥပဒေများ၊ [ပုဒ်မ ၂၈ (ခ)]

(စ) နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက သုံးယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့်ဥပဒေများ။ [ပုဒ်မ ၃၇ (ခ)]

သို့ဖြစ်ရာ ဥပဒေပြုသူလွှတ်တော်များအနေဖြင့် အဆိုပါဥပဒေများကို အဓိကဦးတည်၍ မလွဲမသွေ ပြဋ္ဌာန်းပေးကြရပေမည်။

**ပြဋ္ဌာန်းခြင်းမပြုရသောဥပဒေများ**

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) နိုင်ငံတော်အခြေခံမူများတွင် "မည်သည့်ပြစ်မှုဆိုင်ရာ ဥပဒေမျှ နောက်ကြောင်းပြန် အာဏာ သက်ရောက်စေရန် ပြဋ္ဌာန်းခွင့်မရှိစေရ" "လူ့သိက္ခာညှိုးနွမ်း သေးသိမ်စေသည့် ပြစ်ဒဏ်ပြဋ္ဌာန်းခွင့်မရှိရ" ဟူ၍ ပြဋ္ဌာန်းထားသည်။ ဤသည်ကို အထူးသတိမူ၍ အလေးဂရုပြုကြရပေမည်။

**တရားဥပဒေစိုးမိုးရေး (The Rule of Law) အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဥပဒေများ ဦးစားပေးပြဋ္ဌာန်းရေး**

၁၂-၉-၂၀၁၆ ရက်နေ့က ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် တရားဥပဒေစိုးမိုးရေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် နိုင်ငံတော်အတွက် လိုအပ်သော ဥပဒေများ ဦးစားပေးပြဋ္ဌာန်းနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ တင်ပြခဲ့သည့် သတင်းကို ကြည့်လိုက်ရသည်။ ဖတ်လိုက်ရသည်။

တရားဥပဒေစိုးမိုးရေး၏ အဓိပ္ပာယ်ကို **"တရားဥပဒေစိုးမိုးရေးဆိုသည်မှာ အများပြည်သူနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သော၊ အများပြည်သူလိုက်နာနိုင်သော တရားမျှတမှုရှိသည့်ဥပဒေများ ဖြစ်ထွန်းပေါ်ပေါက်ရေးနှင့် ၎င်းဥပဒေများကို ပြည်သူအားလုံးက လိုက်နာကျင့်သုံးရေးကို ဆိုလိုပါတယ်။ ဥပဒေကို တာဝန်ယူအကောင်အထည်ဖော်သူများကိုယ်တိုင် ဥပဒေနှင့်အညီ လိုက်နာကျင့်သုံးပြီး ပြည်သူအားလုံးက လိုက်နာကျင့်သုံးစေရန် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုရှိစေရန် ဥပဒေဖောက်ဖျက်ကျူးလွန်သူမည်သူကိုမဆို ဥပဒေနှင့်အညီ မှန်ကန်ဖြောင့်မတ်စွာ အရေးယူဆောင်ရွက်ခြင်းနှင့် ပြည်သူတစ်ရပ်လုံးက ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပါတယ်"** ဟူ၍ တင်ပြသွားခဲ့သည်။

ဥပဒေများကို ဦးစားပေးပြဋ္ဌာန်းပေးရေးနှင့် စပ်လျဉ်းပြီး **"တည်ဆဲဥပဒေများသည် ခေတ်အဆက်ဆက် ရေးဆွဲပြဋ္ဌာန်းခဲ့ကြသည့်အလျောက် ပြဋ္ဌာန်းခဲ့သည့်ခေတ်၊ စနစ်၊ ကာလ၊ အစိုးရကို အထောက်အကူပြု အကာအကွယ်ပေးခဲ့သည့်ဥပဒေများလည်း ရှိပါတယ်။ ၎င်းဥပဒေများသည် လက်ရှိကျင့်သုံးနေတဲ့ခေတ်၊ စနစ်၊ ကာလနဲ့ဆီလျော်မှု၊ ညီညွတ်မှု၊ အကောင်အထည်ဖော်နိုင်မှု ရှိ၊ မရှိ တို့ကို လေ့လာဆန်းစစ်သုံးသပ်ပြီး ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်မှသာ ပြုပြင်ပြောင်းလဲရေး မြန်ဆန်ထိရောက်မှာ ဖြစ်ပါတယ်-**

**"ယနေ့ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေချိန်မှာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်တဲ့၊ ကာကွယ်စောင့်ရှောက်နိုင်တဲ့ ဥပဒေများ၊ တရားမျှတပြီး အများပြည်သူ လိုက်နာနိုင်တဲ့ဥပဒေများ၊ ယနေ့ခေတ်၊ စနစ်၊ ကာလနဲ့ညီညွတ်မှုရှိတဲ့ ဥပဒေများကို ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရာမှာ ဦးစားပေးပြဋ္ဌာန်းရန် လိုအပ်သော ဥပဒေ ၄၈ ခုကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်းဖြစ်ပါတယ်"** ဟူ၍ ဥပဒေ ၄၈ ခု၏ အမည်စာရင်းကိုပါ တင်ပြပေးခဲ့သည်ကို သိရှိရသည်။

**ကျင့်သုံးဆဲဥပဒေများ**

၁၆-၈-၂၀၁၆ ရက်နေ့ကကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်လည်း ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအလိုက် တာဝန်ခံဆောင်ရွက်ရမည့် ကျင့်သုံးဆဲဥပဒေများနှင့်စပ်လျဉ်း၍ အလားတူ ရှင်းလင်းတင်ပြခဲ့သည်။ ယင်းရှင်းလင်းတင်ပြချက်အရ သိရှိရသည်မှာ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမရမီကာလ၊ လွတ်လပ်ရေးရပြီးပါလီမန်ကာလ၊ တော်လှန်ရေးကောင်စီကာလ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကာလ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလ၊ ပြည်ထောင်စုလွှတ်တော်ကာလများတွင် ခေတ်အလိုက်ပြဋ္ဌာန်းပြီးခဲ့သည့် ဥပဒေပေါင်း ၁၅၉၈ ခု ရှိကြောင်း၊ ၎င်းတွင် ဥပဒေပေါင်း ၆၈၁ ခုမှာ ရုပ်သိမ်းပြီးဖြစ်ကြောင်း၊ တည်ဆဲဥပဒေများမှာ ၉၁၇ ခု ဖြစ်ကြောင်း သိခွင့်ရရှိခဲ့သည်။ တည်ဆဲဥပဒေ ၉၁၇ ဆိုရာတွင် ပြင်ဆင်သည့် ဥပဒေ ၂၈၉ ခုနှင့် တည်ဆဲမူရင်း ဥပဒေ ၆၂၈ ခု နှစ်ရပ်ပေါင်းဖြစ်သည်။

တည်ဆဲဥပဒေ ၆၂၈ ခုဖြစ်သော်လည်း ကျင့်သုံးခြင်းမရှိသည့်ဥပဒေများက ၂၃၁ ခုပါဝင်နေသည်။ ယင်းဥပဒေ ၂၃၁ ခုသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက်သာ ကျင့်သုံးသည့်ဥပဒေများနှင့် ဆက်လက်ကျင့်သုံးရန် မလိုသည့်ဥပဒေများ ဖြစ်နေသည်။ ယင်းသို့ဆက်လက်ကျင့်သုံးခြင်းမရှိသည့်ဥပဒေ ၂၃၁ ခုနုတ်လိုက်ပါက ကျင့်သုံးဆဲဖြစ်သော ဥပဒေ ၃၉၇ ခုသာ ရှိသည်။ ယင်းဥပဒေ ၃၉၇ ခုကို ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်း ၃၅ ခုက တာဝန်ယူ ဆောင်ရွက်ပြီး စီမံကိုင်တွယ် ကျင့်သုံးလျက်ရှိကြောင်း ရှင်းလင်းတိကျစွာ သိခွင့်ရရှိသည်။

**သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့ခြင်း**

ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင်၏ တင်ပြခြင်းများကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ထားခဲ့နိုင်သည်။ ထို့ပြင်ယနေ့နိုင်ငံတော်တွင် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအလိုက် တာဝန်ခံဆောင်ရွက်ရမည့် ကျင့်သုံးဆဲဥပဒေများ စာရင်းကိုလည်း အစိုးရနေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြနိုင်ခဲ့သည်။ ပြည်သူတွေ ရှင်းရှင်းလင်းလင်း သိခွင့်ရသည်။ ယခင်ခေတ်ကာလအသီးသီးတွင် တစ်ကြိမ်တစ်ခါမျှ ဤသို့စုစည်းစိစစ်ဖော်ပြခြင်း မရှိခဲ့သဖြင့် ပြည်သူတွေ သိခွင့်မရခဲ့ကြ။ ဥပဒေပြုသူများသမိုင်း၊ လွှတ်တော်သမိုင်းတို့တွင် ထူးခြားသည့် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူပေးနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ထို့ပြင် ယနေ့ပြည်ထောင်စုလွှတ်တော်သည် ဥပဒေများကို ပြဋ္ဌာန်းရာ၌ အများပြည်သူနှင့် နိုင်ငံတော်၏ ကောင်းကျိုးချမ်းသာများကို သယ်ပိုးဆောင်ရွက်ပေးနိုင်မည့် ဥပဒေများ၊ ပြောင်းလဲလာသော ခေတ်ကာလနှင့်လျော်ညီသည့်ဥပဒေများ၊ အများပြည်သူလက်ခံလိုက်နာနိုင်သော ဥပဒေများ ပေါ်ပေါက်လာရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိသည်။ ပြည်သူတွေကို မျက်နှာမူသည်။ ပြည်သူတွေကို ရှေးရှုသည်။ ပြည်သူတွေ၏ ဆန္ဒကို အလေးထားသည်။ ဤသည်တို့မှာ ပြည်သူနှင့် နိုင်ငံတော်အတွက် အားတက်ဖွယ် မြင်တွေ့နေရသည်။

**လူထုဗဟိုပြုမူဘောင်များနှင့်လွှတ်တော်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နေပြည်တော်တွင် ၃၀-၉-၂၀၁၆ ရက်နေ့က ကျင်းပခဲ့သော (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံဖွင့်ပွဲအခမ်းအနား၌ မိန့်ခွန်းပြောကြားခဲ့သည်မှာ-

"အာဆီယံအဖွဲ့ကြီးဟာ စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူလူထုကို ရှေးရှုဖို့၊ လူထုဗဟိုပြုအသိုင်းအဝိုင်းတစ်ခုဖြစ်လာဖို့ လမ်းစဉ်ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်နေတဲ့ အဖွဲ့ကြီးဖြစ်ပါတယ်။ စည်းမျဉ်းအခြေပြုပြီး လူထုကို အလေးထားတဲ့ လူထုဗဟိုပြုအဖွဲ့အစည်းတစ်ရပ်ဖြစ်စေရန် ရည်ရွယ်ချက်များနဲ့ အာဆီယံအဖွဲ့ကြီးကို ဖွဲ့စည်းထားတာဖြစ်ပါတယ်။ စည်းမျဉ်းအခြေပြုဆိုတာဟာ အထူးသဖြင့်ဥပဒေပြုလွှတ်တော်အမတ်များအတွက် လွန်စွာပဲအရေးကြီးပါတယ်။ ဥပဒေပြုသူတွေဟာ ဥပဒေကိုချိုးဖောက်သူတွေ ဖြစ်နေလို့မရပါဘူး။ လွှတ်တော်တစ်ရပ်လုံး အနေနဲ့ရော၊ သူတို့ကိုယ်တိုင်ကိုယ်ကျပါ ဥပဒေစည်းမျဉ်းတွေနဲ့ လုပ်ထုံးလုပ်နည်းတွေအပြင် ဒီမိုကရက်တစ် အစိုးရရဲ့ ဥပဒေပြုမဏ္ဍိုင်ကို အမှန်တကယ် ကိုယ်စားပြုနေတဲ့ ဥပဒေတွေကိုပါ သိရှိနားလည်နေရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် စည်းမျဉ်းအခြေပြုပြီး လူထုကို အလေးထားတဲ့ လူထုဗဟိုပြု မူဘောင်များကို အကောင်းဆုံး အကောင်အထည်ဖော်ပေးနိုင်တဲ့ နိုင်ငံတော်အဆင့် အဖွဲ့အစည်းဟာ လွှတ်တော်ပဲ ဖြစ်ပါတယ်" ဟူ၍ဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းမှာ ဥပဒေပြုသူများနှင့် ဥပဒေပြုရေးမဏ္ဍိုင်အတွက် လမ်းညွှန်မှုဖြစ်သကဲ့သို့ ကြီးမားသည့် ခွန်အားတစ်ရပ်ဖြစ်စေသည်ဟု ခံစားမိသည်။

**ဥပဒေပြုသူတွေဟာ ဥပဒေချိုးဖောက်သူတွေ ဖြစ်နေလို့ မရပါ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသောမိန့်ခွန်းတွင် **"ဥပဒေပြုသူတွေဟာ ဥပဒေကို ချိုးဖောက်သူတွေဖြစ်နေလို့မရပါဘူး"** ဟူသောအချက်တစ်ချက်ကို တွေ့ရသည်။ မှန်ပေသည်။ ဥပဒေပြုသူများအနေဖြင့် ဤအချက်ကို အမြဲသတိမူနေရမည်။ ဥပဒေပြုသူများဖြစ်ကြသည့် အားလျော်စွာ ဥပဒေကိုချိုးဖောက်သူများ မဖြစ်ကြစေဖို့ လိုအပ်ပါသည်။

ဥပဒေပြုသူများအနေဖြင့် အစဉ်သဖြင့် သတိပြုသင့်သည့်အချက်တစ်ချက်ကို ဝေမျှပေးလိုပါသည်။ ပြည်တွင်းနှင့် နိုင်ငံတကာအတွေ့အကြုံများကို ယှဉ်၍မျှဝေပေးချင်ပါသည်။

ဥပဒေပြုသူများကို ငွေကြေးချမ်းသာသူလုပ်ငန်းရှင်ကြီးများက ငွေကြေးဖြင့် ဝယ်ယူတတ်ကြသည်။ ပြီးလျှင် သူတို့၏ စီးပွားရေးလုပ်ငန်း အမြတ်ကြီးကြီးရဖို့၊ သူတို့၏ စီးပွားရေးလုပ်ငန်းကို အကာအကွယ်ရရှိစေဖို့ ဥပဒေကို ရေးဆွဲမှုပြုစေသည်။ ဥပဒေပြုသူများကို ဩဇာအာဏာကြီးမားသူများက အမိန့်အာဏာဖြင့် လွှမ်းမိုးချုပ်ကိုင်မှု၊ ရာထူးဖြင့် စည်းရုံးဆွဲဆောင်မှုပြုတတ်ကြသည်။ ပြီးလျှင် သူတို့၏အလိုကျ၊ သူတို့၏ ဩဇာအာဏာခိုင်မြဲစေဖို့ ဥပဒေများကို ရေးဆွဲမှုပြုစေသည်။ ထိခိုက်မှု၊ နစ်နာမှု၊ ဆုံးရှုံးမှုများဖြစ်ရသည်မှာ ပြည်သူနှင့်နိုင်ငံတော်သာ ဖြစ်သည်။ ဤသို့သော အခြေအနေမျိုးရှိလာ၊ ကြုံလာသည့်အခါ ဥပဒေပြုသူများသည် ဥပဒေချိုးဖောက်သူများအဖြစ် ရောက်ရှိသွားစေသည်။

**ဥပဒေစိတ်ထားများထားကြစေလို**

ဥပဒေပြုသူများသည် ရိုးသားဖြောင့်မတ်ခြင်း၊ ရဲရင့်ခြင်း၊ တည်ကြည်ခြင်း၊ မှန်ကန်မျှတမှုကို လိုလားခြင်း၊ တရားသဖြင့် ဖြစ်မှုကို အလေးထားခြင်း၊ အညီအမျှဖြစ်မှုကို မြတ်နိုးခြင်း၊ ချိန်ခွင်လျှာပမာတည့်မတ်မှန်ကန်မှုကို တန်ဖိုးထားခြင်း၊ ဘက်လိုက်မှု၊ ခွဲခြားမှုကို ရွံမုန်းတတ်ခြင်း၊ မတရားမှု၊ မမှန်ကန်မှုပြုရမည်ကို ရှက်ခြင်း၊ ကြောက်ခြင်း စသည်ဥပဒေစိတ်ထားမျိုး အစဉ်သဖြင့် နှလုံးသွင်းထားကြမည်ဆိုပါက မည်သို့သောအခါမျှ ဥပဒေကို ချိုးဖောက်သူများ ဖြစ်မသွားနိုင်ကြောင်း လေးလေးနက်နက် ယုံကြည်သည်။

**ဥပဒေပြုသူကောင်းများ ပိုမိုဖြစ်ထွန်းကြပါစေ။ ဥပဒေပြုရေးမဏ္ဍိုင် အစဉ်ကြံ့ခိုင်အားကောင်းနေပါစေ။** ။



ဒဂုံမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတာဝန်ခံ ဦးမောင်ခွေး ဦးဆောင်ကာ ဝန်ထမ်းများသည် အောက်တိုဘာ ၂၅ ရက်က အသက် ၅၅ နှစ်နှင့် အထက်ဝန်ထမ်းများနှင့် ဝန်ထမ်းမိဘ၊ အဘိုး၊ အဘွား၊ မိုးမိ ၁၈ ဦးအား သက်ကြီးပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- မောင်မောင်

# မူးယစ်ဆေးဝါးခွဲခြားစိတ်ဖြာမှု အရည်အသွေးတိုးမြှင့်ရေး သင်တန်းဖွင့်လှစ်

**မန္တလေး အောက်တိုဘာ ၂၇**

မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် ထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်စာချွန်လွှာအရပြုလုပ်သည့် မူးယစ်ဆေးဝါး ခွဲခြားစိတ်ဖြာမှု အရည်အသွေးတိုးမြှင့်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၅ ရက် ညနေ ၃ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၉ လမ်းနှင့် ၆၆ လမ်းထောင့်ရှိ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲ(မန္တလေး) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ကျော်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် တက်ရောက်လာကြသူများသည် ထိုင်းဘုရင်မင်းမြတ် နတ်ရွာစံခြင်းကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက် ဂါရဝပြုခဲ့ကြသည်။

ထို့နောက်ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ အကြီးတန်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးအကြံပေး Mr. Vittawan Sunthornkajit က အမှာစကားပြောကြားပြီး ဓာတုဗေဒစစ်ဆေးရေးဌာနခွဲ(မန္တလေး) ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာဦးက ကျေးဇူးတင်စကားပြောကြားကာ နှစ်နိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့များ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# တိုင်းဒေသကြီး ဝန်ကြီးချုပ် ရှမ်းရေကျော်ကျေးရွာ အ-ထ-က(ခွဲ)နှင့် ကျေးလက်ကျန်းမာရေးဌာန ဆောက်လုပ်မှုကြည့်ရှု

**မြောင်းမြ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမန်းဂျော်နီသည် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂါ့မိုးမြတ်မြတ်သူနှင့်အတူ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများလိုက်ပါလျက် အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းက မြောင်းမြမြို့နယ် ရှမ်းရေကျော် အ-ထ-က(ခွဲ) ကျောင်း၌ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာပြည်သူ များနှင့် တွေ့ဆုံပြီး ကျောင်းဆောင်များအတွင်း လှည့်လည်ကြည့်ရှု၍ ကျောင်းသား၊ ကျောင်းသူလေးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများအား အားပေးစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ရှမ်းရေကျော် ကျေးလက်ကျန်းမာရေးဌာန ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သောဆရာ၊ ဆရာမရရှိခန့်ထားနိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထွန်းမင်း၊ ဒုတိုင်းပညာရေးမှူး ဆရာကြီး ဦးအန်းဘလုစ်၊ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးညွန့်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **အောင်မင်း (မြောင်းမြ)**

# ရေးမြို့နယ်ထွက် ကွမ်းသီးများ ဈေးကျဆင်းလာသဖြင့် အကျိုးအမြတ်နည်း

**ရေး အောက်တိုဘာ ၂၇**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ အဓိကစိုက်ပျိုးရေးစီးပွားဖြစ်လုပ်ကိုင်နေသော ရေးကွမ်းသီးများမှာ ယခုရက်ပိုင်းအတွင်း ဈေးကွက်အတွင်း ဈေးကျလာသဖြင့် ကုန်သည်များနှင့် ခြံရှင်များ တွက်ခြေမကိုက်ကြဘဲ အကျိုးမြတ်ကျဆင်းလာဖွယ်ရှိနေကြောင်း သိရသည်။

"အရင်နှစ် ကွမ်းသီးဟောင်းအခြောက်ဈေးက တစ်ပိဿာ ငွေကျပ် ၆၀၀၀ ကျော်အထိ ဈေးကောင်းရကြပါတယ်။ ဒီနှစ်က မနှစ်ကဈေးထက် ၂၀၀၀ လောက်ကျသွားတယ်။ ကျပ်တိုက်ကွမ်းသီး တစ်ပိဿာလျှင် ၂၂၀၀ ကျပ်သာရ၍ ဈေးကကျလာလို့ ခြံရှင်တွေက ခြံလုပ်အားကုန်ကျစရိတ်နဲ့တွက်ရင် တွက်ခြေမကိုက် ဖြစ်နေကြပါတယ်" ဟု ခြံရှင် ဦးညီညီအောင်က ပြောသည်။

ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးမောင်အေးက "ရေးကွမ်းသီးက မြိတ်ကွမ်းသီးနဲ့ယှဉ်လျှင် အရည်သွေးကညံ့တယ်။ ပြည်တွင်းဈေးကွက်မှာ မြိတ်ကွမ်းသီးက တစ်ပိဿာလျှင် ၅၀၀၀ အကျော်မှာရတယ်။ ရေးကွမ်းသီးက စံချိန်စံညွှန်းမီရင် ပြည်တွင်းဈေးကွက် မြိတ်ကွမ်းသီးဈေးနှုန်းကိုမီမယ်။ နယ်စပ်ထွက်ပေါက်မှာလည်း ပြဿနာက အနည်းငယ်ရှိနေလို့ ဈေးတွေက အကျဘက်ကိုရောက်တဲ့အခါ ကုန်သည်တွေက ယခင်က ၄၈၀၀ အထိ ဝယ်လှောင်ထားကြတာ။ အရှုံးတွေနဲ့ကြုံတွေ့နေရတယ်"ဟု ပြောသည်။

ရေးဒေသပေါက် ကွမ်းသီးအဟောင်းပေါက်ဈေးမှာ ငွေကျပ် ၃၈၀၀ နှင့် ၄၀၀၀ အကြားမှာရှိ၍ အသစ်အရည်သွေးညံ့က ၂၄၀၀ သာရရှိကာ အသစ်အရည်သွေးကောင်းကို ငွေကျပ် ၃၅၀၀ နှင့် ၄၀၀၀ အထိ လာမည့်ကွမ်းသီးရာသီမှာ အဖွင့်ဈေးဖြစ်မည်နိုင်ကြောင်း ကုန်သည်အများစုက ခန့်မှန်းထားသည်။

**ထွန်းထွန်း (ရေး)**



# မြစ်ရေပြင်အတွင်း ရေပြင်ရှာဖွေရေးအသက်ကယ်မှု လက်တွေ့လေ့ကျင့်

**တနင်္သာရီ အောက်တိုဘာ ၂၇**

တနင်္သာရီမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒေသခံပြည်သူများနှင့် ခရီးသွားများအနေဖြင့် သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာပေါ်ပေါက်ပါကဧင်းတို့၏ အသက်အိုးအိမ်စည်းစိမ်များကို အချိန်နှင့်တစ်ပြေးညီ ကာကွယ်မှုပြုနိုင်ရန်အတွက် ရေပြင်ရှာဖွေရေးအသက်ကယ်ဆယ်မှု ပြုနိုင်ရန် လက်တွေ့ကယ်ဆယ်ရေးလုပ်ငန်းနှင့် အရေးပေါ်လူနာများအား သယ်ယူကူညီပို့ဆောင်ပေးနိုင်ရန်အတွက် မြစ်ရေပြင်အတွင်း အောက်တိုဘာ ၂၅ ရက် ညနေ ၄ နာရီခွဲမှစ၍ လက်တွေ့လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမျိုးနိုင် ကြီးကြပ်လျက် တပ်ဖွဲ့ဝင် ကိုးဦးတို့က မြစ်ရေပြင်အတွင်း အရေးပေါ် ရှာဖွေ၍ကယ်ဆယ်ခြင်း၊ အသက်ရှူအားကူနည်း၊ ရှေးဦးပြုစုခြင်းနှင့် သတိလစ်လူနာများအား ထမ်းစင်ဖြင့် သက်ဆိုင်ရာသို့ သယ်ယူ ပို့ဆောင်ခြင်းများ လေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ လေ့ကျင့်မှုပြုလုပ်ရန် တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ရဲသူရိန် ခင်မောင်ရီ၏ လမ်းညွှန်မှုအရ သရုပ်ပြဆောင်ရွက်နေစဉ် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမောင်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးလွှမ်းမိုးအောင်နှင့်ဝန်ထမ်းများနှင့် မြို့နယ်ဦးစီးဌာနမှူးများ၊ ဒေသခံပြည်သူများ ကြည့်ရှုအားပေးခဲ့ကြသည်။

**နန်းသာရီ ထိန်ဝင်း(ပြန်ဆက်)**



# ပန်းချီပြခန်းများတွင် နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နိုင်သည့်မြန်မာ့အလှရနံ့တို့သင်းနေသော ပန်းချီကားများကိုဖန်တီးမှုများလာ

**မန္တလေး အောက်တိုဘာ ၂၇**

မြန်မာ့အနုပညာများတွင် နိုင်ငံတကာအထိ ထိုးဖောက်နိုင်သော အနုပညာတစ်ရပ်ကိုပြပါဆိုလျှင် ပန်းချီအနုပညာကို ပြသနိုင်သည်။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံတကာ ခရီးသွားဧည့်သည်များ စိတ်ဝင်တစား ဝယ်ယူသွားလေ့ရှိသော အနုပညာမြောက်ပစ္စည်းများတွင် ပန်းချီသည် အများဆုံးဖြစ်နေသည်။ မြန်မာနိုင်ငံ ရှေးဟောင်းဇုန်များ၊ အထင်ကရနေရာများ၊ နိုင်ငံတကာ ခရီးသွားများ လာရောက်လေ့လာလေ့ရှိသောနေရာများတွင် ပန်းချီပြခန်းများ ထားလေ့ရှိသည်။

မန္တလေးမြို့ပေါ်တွင် ပန်းချီပြခန်းများစွာရှိသည်။ ပန်းချီကားများသည် လူ၏နှလုံးသားကို နူးညံ့စေကာ ပန်းချီကား၏ အဓိပ္ပာယ်ကို တွေးယူရခြင်းကိုက အနုပညာမြောက်ရသတစ်ခုဟုပင် ညွှန်းဆိုကြသည်။ ရေဆေး၊ ဆီဆေးများဖြင့် ရေးဆွဲထားသော မြန်မာ့ရနံ့သည့် ပန်းချီကားများကို နိုင်ငံတကာ ခရီးသွားများ စိတ်ဝင်စားသကဲ့သို့ပင် ပြည်တွင်းပန်းချီဝါသနာရှင်များလည်း အထူးစိတ်ဝင်စားကြသည်။

ပန်းချီပြခန်းတွင် လက်ရာကောင်း မြန်မာ့ရနံ့သင်းနေသော ပန်းချီကားများစွာနှင့် အခြားပန်းချီကားများကို ပြသထားသည်။ ပြခန်းတွင် မြန်မာ့တူရိယာစစ်စစ် စောင်းကောက် ကိုထားရှိခြင်းဖြင့် ပန်းချီပြခန်း၏ရသကို ပြည့်စုံအောင် ပုံဖော်ထားသည်။ နိုင်ငံတကာခရီးသွားဧည့်သည်များမှာ ပန်းချီဆရာများ၏ လက်ရာကောင်းများကို ကြည့်ရှုခံစားကာ မြန်မာ့ယဉ်ကျေးမှု ရနံ့သင်းနေသော အလှရှုခင်းများနှင့် အထင်ကရနေရာ ပန်းချီကားများကို ဝယ်ယူမှု များပြားလျက်ရှိကြောင်း သိရသည်။ **တိမ်တမန်**


KBZ BANK
STRENGTH OF MYANMAR
Perfect Moments
KBZ BANK
MPU
Platinum
Asia
6244 4501 8888 8888
MAUNG MAUNG
UnionPay
Travel Mate Asia
ပြီးပြည့်စုံသောအခိုက်အတန့်များအတွက်
KBZ UnionPay CREDIT CARDS
ဘဝအတွက် အမှတ်ရစရာ အခိုက်အတန့်လေး ပြီးပြည့်စုံဖို့အတွက်
KBZ Credit Card က သင့်နှင့်အတူရှိနေမှာပါ။
01-370055, 370066
#KBZCreditSmart
kbzbank.com

## ပဲခူးမြို့ အထက(၁)(ယခင်-ဟိုက်စကူးကျောင်း) အာစရိယပူဇော်ပွဲ

ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ယခင်-ဟိုက်စကူး) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၃၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ နှင့် ကျောင်းသားဟောင်းကြီးများတွေ့ဆုံပွဲကို (၁၃၇၈ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့) ၁၄-၁၁-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် အထက(၁)သီရိပညာခန်းမတွင် ပြုလုပ်မည်ဖြစ်သည်။

ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အာစရိယပူဇော်ပွဲသို့ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဦးငွေရှိန်(၀၉-၅၃၀၀၈၇၇)၊ ဒေါ်မုန်း(၀၉-၂၅၀၂၉၉၆၉၉)၊ ဒေါ်စန်းစန်းတင့်(၀၉-၂၅၄၃၂၇၅၇၆)၊ ဦးတင်စိုး(နေလဝန်းပွဲရုံ)(၀၉-၈၆၅၀၃၀၀)၊ ဦးသန်းထွန်းအောင်(ရွှေခြံ)(၀၉-၄၂၈၁၆၁၁၂၂)၊ ဦးအောင်လွင်(၀၉-၅၁၁၄၆၄၃)၊ ဦးမောင်မောင်လေး(၀၉-၇၈၂၅၉၁၂၇၇)၊ ဦးဆန်းမောင်(၀၉-၂၅၄၄၅၆၂၆၈)၊ ဒေါ်ငြိမ်းကေသွယ်အောင်(၀၉-၄၃၀၉၈၀၂၀)၊ အာစရိယပူဇော်ပွဲဘဏ်ငွေစာရင်းစာအုပ်၊ Account No.SK-046708 ဒေါ်ခင်ခင်+ ဒေါ်စန်းစန်းတင့်၊ မြန်မာ့စီးပွားရေးဘဏ်(ပဲခူး)တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ပူဇော်ပွဲကျင်းပရေးအဖွဲ့**

## ရှင်သာမဏေဓမ္မဗိမာန်
## လူငယ်မျက်ပွင့် Smart Program (13)သင်တန်း

နှစ်စဉ်ဖွင့်လှစ်မြဲဖြစ်သော ဓမ္မဒါနသင်တန်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ အရည်အချင်းပြည့်မီသူ လူငယ်များ တက်ရောက်နိုင်သည်။

| | |
|---|---|
| သင်တန်းကာလ | ၁၁၊၁၁၊၂၀၁၆ မှ ၂၀၊ ၁၁၊ ၂၀၁၆ထိ၊နေ့စဉ်(၁၀)ရက် |
| သင်တန်းအချိန် | နေ့လည် ၁း၃၀ မှ ညနေ ၄း၃၀ နာရီထိ၊ |
| ပို့ချမည့်ဘာသာရပ် | ဗုဒ္ဓနည်းကျတွေးခေါ်ခြင်း၊ ဘဝစီမံခန့်ခွဲခြင်း၊ ပန်းချီ၊ ဂီတ၊ ဒီဖိုင်း။ |
| သင်တန်းသားအရည်အချင်း | အနိမ့်ဆုံးတက္ကသိုလ်ဝင်တန်း ဖြေဆိုပြီး ဖြစ်ရမည်။ |

**စာရင်းပေးသွင်းရန်**

ရှင်သာမဏေဓမ္မဗိမာန်၊ အာဇာနည်လမ်း၊ ရွှေတိဂုံစေတီတော် အရှေ့မုခ်အနီး၊ ဗဟန်း။ ဖုန်း - ၀၁ ၃၈၇၃၅၆၁

## ဝိုးရာသီ ဓမ္မဒါန

တနင်္ဂနွေ ... NOV-11

AirCon: Express

☎ 420144148, 421153797

ODYSSEY

01 373199,240545,09 73187799

## မွေးနေ့ဆုတောင်း

သီတင်းကျွတ်လပြည့်ကျော်(၁၂)ရက်နေ့၊ တစ်ရက်တည်းအတူ ကျရောက်သည့် သားကြီးမောင်အောင်ဇေယျ B.E(E.C) (ခေတ္တ-စင်ကာပူ)နှင့် သားငယ် မောင်ကျော်ဇောသူB.E(Mech:) (ခေတ္တ-စင်ကာပူ)တို့၏ မွေးနေ့ရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် ဆက်လက်နေထိုင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါမည်။

**ဖေဖေ- ဦးဝင်းညွန့်၊ ဒုတိယညွှန်ကြားရေးမှူး(စ. စ. စ)**
**မေမေ- ဒေါ်ဝင်းဝင်းစန်း**

## Ponnami Language Centre

18 Aung Zeya Road, Kyauk Kone, Yankin
Ph: 01 8566061, 09 254193088, 09 5016378

**Daw Ponnami Kyaw**
M.A. (American University)
B.A. (Eng) Hons
Certificate in TESOL (American University)
Specialist Certificate in Language Curriculum and Materials Development (RELC, S'pore)

**CAN ENROL NOW**

Preparation Classes for Starters, Movers, Flyers, KET & PET

**Starting Date: 7th November 2016**

23

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂေါ်ဖီ၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

မဆလာ







## ဖြည့်စွက်ခေါ်ပါရန်

ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၃၄)၊ (၃)ထပ်(ဝဲ)နေ အဖဦးရွှေဘ၏ သမီးဖြစ်သူ ဟိန္ဒူရာ(ခ)မခင်သီတာအား ဟိန္ဒူရာစတန်ဘရွတ် (ခ) မခင်သီတာဟု ဖြည့်စွက်ခေါ်ပါရန်။

## အေဝမ်းဖလင်မိသားစု ရုပ်ရှင်အနုပညာ၊ သရုပ်ဆောင်သင်တန်း ထပ်မံဖွင့်လှစ်မည်

အေဝမ်းဖလင်မိသားစု ရုပ်ရှင်အနုပညာ သရုပ်ဆောင်သင်တန်း၊ ဒါရိုက်တာသင်တန်း၊ ဇာတ်ညွှန်းသင်တန်းအား (ဆောင်းရာသီကာလ)အဖြစ် ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်လိုသူများ နိုဝင်ဘာ ၂၀-၁၁-၂၀၁၆ရက် နောက်ဆုံးထား လျှောက်ထားနိုင်သည်။ သင်တန်းလျှောက်လွှာများအား(အေဝမ်းခြံ)အမှတ်-၁၄၈၊ ရှစ်မိုင်ခွဲ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်းလမ်း၊ ရန်ကုန်မြို့တွင် အခမဲ့ထုတ်ယူနိုင်ပါသည်။ သင်တန်းနှင့်ပတ်သက်၍ ဖုန်း-09-250271515 နှင့် 09-30971445 တွင် စုံစမ်းနိုင်ပါသည်။

**(အေဝမ်းဖလင်မိသားစု) ရုပ်ရှင်သရုပ်ဆောင်သင်တန်း**



OK$ INTERNET WALLET

# ပြန်အမ်းငွေများရယူလိုက်ပါ

SUPER ကော်ဖီမစ်၊ ကျွေကာ၊ လီမွန်တီး
2 TEA / COFFEE
U-2 ကော်ဖီမစ်/ကျွေကာ
COFFEEKING
designer water
SPEED Energy Drink
RUN LemonTea
soogood ကိတ်
UK MILK နို့ဆီ၊ တစ်ခါသုံးနို့ဆီရောင်း
ONE TEA နို့ဆီ ၊ နို့စိမ်း ၊ လက်ဖက်ရည်
DISKO နို့ဆီ၊ နို့စိမ်း
ဂေါ်ဒီလာ ခြင်နိုင်ဆေးခွေ၊ ဆပ်ပြာ

အထက်ဖော်ပြပါ ကုန်ပစ္စည်းများကို သက်ဆိုင်ရာ ကုမ္ပဏီ ဖြန့်ချိရေးရုံးခွဲများ၊ အရောင်းယာဉ်များတွင် ဝယ်ယူပြီး OK$ ဖြင့် ငွေပေးချေမှုအပေါ်တွင် ပြန်အမ်းငွေ အကျိုးခံစားခွင့် ရယူလိုက်ပါ။

( ပြန်အမ်းငွေ အကျိုးခံစားခွင့်များ နှင့် အစီအစဉ်ကာလသည် ဒေသ အလိုက် ကွဲပြားမှုရှိသည်။ )

09-452103132, 09-452103147 OK$ Call Center 01-377888, 09-450144455, 09-30000066



J-HEIM Japanese Technology Supported By Sekisui Chemical






ဆောက်လုပ်လျက်ရှိသောနေအိမ်များ

J-Heim ၏ထူးခြားချက်များ

- Box Structure
- Double Glass
- Air Ventilation System ... Temperature
- Air Factory System နှင့် Air Tightness System
- J-HEIM
- J-HEIM ၏ Design ... Customer



MRD Co.,Ltd.
TEL : 093-1063-138, 093-1063-139

Housing Project
https://www.facebook.com/jheimmrd


သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး


သမဝါယမတက္ကသိုလ် (သန်လျင်) နှင့် WISE College တို့ပူးပေါင်းဖွင့်လှစ်သော
Business Management Higher Diploma (အမှတ်စဉ်-၆) နှင့်
Advanced Diploma (အမှတ်စဉ်-၅) သင်တန်းအတွက်
သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

WISE College

အောက်ဖော်ပြပါ Business Management Diploma သင်တန်းများကို ဒီဇင်ဘာလ (၁၇)ရက်နေ့တွင် စတင်ဖွင့်လှစ်မည် ဖြစ်ပါသည်။

- Business Management Higher Diploma • Business Management Advanced Diploma

၁။ Business Management Higher Diploma သင်တန်းများကို အသက် ၁၆ နှစ်ပြည့်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုထားသူများ၊ တက္ကသိုလ်တစ်ခုခုတွင် တက်ရောက်နေသူများ၊ ဘွဲ့တစ်ခုခုရရှိပြီးသူများ၊ လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသူများ၊ ကိုယ်ပိုင် စီးပွားရေးလုပ်ကိုင်နေသူများ တက်ရောက်နိုင်ပါသည်။
၂။ သင်တန်းများကို အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် တက်ရောက်ရမည်ဖြစ်ပါသည်၊ ဖြေဆိုအောင်မြင်ပြီးပါက သမဝါယမတက္ကသိုလ်(သန်လျင်) နှင့် WISE College တို့ ပူးပေါင်းပေးအပ်သော Diploma လက်မှတ် ရရှိမည် ဖြစ်ပါသည်။
၃။ ၎င်း Diploma သင်တန်းအောင်မြင်ပြီးဆုံးပါက abe (UK) Diploma များကို ဆက်လက်တက်ရောက်ဖြေဆိုနိုင်ပါသည်။
၄။ ထူးချွန်စွာအောင်မြင်သူများကို On Job Training (OJT) နှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း တာဝန်ယူ ရှာဖွေပေးသွားပါမည်။
